# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ-၁၉၄)


၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၇၀)


# အားကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိရန် ပြည်တွင်းပြိုင်ပွဲများကျင်းပပေး ပရိသတ်များ၏ ဖိအားပေးမှုဒဏ်ခံနိုင်ရေး အထူးလေ့ကျင့်ပေးရန် လမ်းညွှန်မှာကြား

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်ရှိ အားကစားတက္ကသိုလ်နှင့် အားကစားလေ့ကျင့်ရေးစခန်းများအား ကြည့်ရှုစစ်ဆေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အားကစားသမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်လျက်ရှိသော Sports Medical Center ၌ ကြည့်ရှုစစ်ဆေးစဉ်

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့လက်ရွေးစင်အားကစားသမားများ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)အား ယနေ့ညနေ ၃ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာမြင့်ထွေးတို့နှင့်အတူ အားကစားတက္ကသိုလ်ရှိ ရုံးခန်းများ၊ အစည်းအဝေးခန်းမ၊ စာသင်ဆောင်များအား ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဝန်ထမ်းများနှင့် Multi Purpose Hall ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ အားကစား အရည်အချင်းသတ်မှတ်ချက်ကို မေးမြန်းရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကောင်းမွန်ခဲ့သည့်ဆက်ဆံရေးသမိုင်းကြောင်းကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

*စာမျက်နှာ - ၄*




## မြန်မာ့အလင်း

# နောက်မျိုးဆက်များအတွက် အကောင်းဆုံးအမွေ

မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်သည် စိတ်လှုပ်ရှားဖွယ်ရာကောင်းသောအခြေအနေသို့ တဖြည်းဖြည်း ရောက်ရှိလာသည်။ ဇွန်လ ၂၈ရက်နေ့က နေပြည်တော်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် NCA လက်မှတ်ရေးထိုးပြီး အဖွဲ့ ရှစ်ဖွဲ့တို့မှ ခေါင်းဆောင်များတွေ့ဆုံရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -၂၁ ရာစုပင်လုံကို ဩဂုတ်လ နောက်ဆုံးထားကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်ဟု သိရသည်။

ထိုသို့တွေ့ဆုံရာတွင် ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့အစိုးရအနေနဲ့ ရည်ရွယ်ချက်က ရိုးရိုးသားသားပါပဲ။ ကျွန်မတို့ လျှို့ဝှက်ရည်မှန်းချက်တွေ မရှိပါဘူး။ ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေအားလုံး ချမ်းချမ်းသာသာနေနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ဖို့ဆိုတာ ကျွန်မတို့ရဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။ အဲ့ဒီနောက်မှာ ဘာမှကွယ်ဝှက်ထားတဲ့ ရည်ရွယ်ချက်တွေ မရှိပါဘူး။ ရည်ရွယ်ချက်အောင်မြင်အောင်အတွက် အားလုံးက ဝိုင်းဝန်းပြီးတော့ ကူညီပံ့ပိုးပေးဖို့ ကျွန်မအနေနဲ့ ဖိတ်ခေါ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ့အပြောင်းအလဲ၏ ထူးခြားမှုတစ်ခုမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ရမည့်ကိစ္စပင်ဖြစ်သည်။ ဤကိစ္စအတွက် အခြားရွေးချယ်စရာလမ်းမရှိဘဲ မဖြစ်မနေလုပ်ဆောင်ရမည် ဖြစ်ပေသည်။ ဤသည်မှာအခြားနိုင်ငံများနှင့် မတူညီသော စိန်ခေါ်မှုများလည်းဖြစ်သည်။ ဤစိန်ခေါ်မှုများကို ဆွေးနွေးဖြေရှင်းရမည့် မူဘောင်ကိုကြည့်ပါက ကဏ္ဍ (၅)ခု ရှိနေသည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးနှင့် သယံဇာတအရင်းအမြစ် ခွဲဝေသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများဖြစ်သည်။ ထိုစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာနည်းလမ်း၊ လွှတ်တော်များ၏ ဥပဒေပြုရေးဆိုင်ရာ နည်းလမ်းများသာမကဘဲ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား အခြေခံသည့်ဆွေးနွေးညှိနှိုင်းမှုများကို ဟန်ချက် ညီတွဲဖက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဆွေးနွေးညှိနှိုင်းရာတွင် ကြုံတွေ့လာရမည့်ကိစ္စရပ်များမှာ နိုင်ငံတည်ဆောက်ရေးနှင့် ဆက်နွှယ်နေသည့် ကိစ္စရပ်များ၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးဟု ခေါ်ဆိုနိုင်မည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီစနစ် အသက်ဝင်ရှင်သန်လာရေး၊ ဒီမိုကရေစီစနစ်အခြေခံသော အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ်များ အသက်ဝင်ရှင်သန်လာရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် အမျိုးသားလုံခြုံရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရေးစသည်တို့မှာ အဓိကကျသော ကိစ္စရပ်များဖြစ်ပေသည်။

သို့သော် မြန်မာ့ပြည်တွင်းပဋိပက္ခများမှာ ရှည်ကြာလှသည်လည်းဖြစ်၊ နက်ရှိုင်းလှသည်လည်းဖြစ်သောကြောင့် ယုံကြည်မှုပျက်ယွင်းခြင်းမှာ အမြင့်ဆုံးသို့ ရောက်ရှိနေသော အခြေအနေဖြစ်နေပေသည်။ ယုံကြည်မှုမရှိသည့်အတွက် စိုးရိမ်မှုများဖြစ်နေရခြင်းဖြစ်ပြီး စိုးရိမ်မှုကို တိုက်ဖျက်နိုင်သည်မှာလည်း ယုံကြည်မှုပင်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသွားခဲ့သည်။ အကျိုးအကြောင်းအရ ပြောကြေးဆိုလျှင် နှစ် ၇၀ ကြာ ပြည်တွင်းစစ် အမြန်ဆုံးရပ်စဲသွားသင့်နေသည်ကို မည်သူမျှ ငြင်းဆိုမည်မဟုတ်ပေ။ သို့သော် လက်တွေ့ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များကို အလွန်သိမ်မွေ့စွာ တစ်လှမ်းချင်းပင် လှမ်းနေရသော အခြေအနေဖြစ်ပါသည်။

ယခု NCA လက်မှတ်ရေးထိုးပြီး အဖွဲ့များအကြား နားလည်မှုအတော်ပင်ရရှိခဲ့သည်ဟု ယူဆနိုင်ပြီး နောက်ထပ် NCA လက်မှတ်မရေးထိုးရသေးသောအဖွဲ့များနှင့် တွေ့ဆုံရန်ရှိပါသေးသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် NCA လက်မှတ်ရေးထိုးပြီးအဖွဲ့များ၏ တင်ပြချက်များကို စိတ်ရှည်လက်ရှည်နားထောင်၍ ဆွေးနွေးခဲ့သလို၊ NCA လက်မှတ်မရေး ထိုးရသေးသော အဖွဲ့များ၏ တင်ပြချက်များကိုလည်း စိတ်ရှည်စွာ နားထောင်ဆွေးနွေးရပါဦးမည်။ ထို့ပြင် NCA လက်မှတ်ရေးထိုးခြင်းနှင့် ညီလာခံတက်ရောက်ရန် အခက်အခဲဖြစ်နေသော အဖွဲ့သုံးဖွဲ့၏ကိစ္စကိုလည်း အကောင်းဆုံး အဖြေထွက်ရန် ညှိနှိုင်းဆောင်ရွက်စရာ ရှိနေပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရာစုနှစ်၏ လေးပုံသုံးပုံလောက် ပြည်တွင်းပဋိပက္ခများဖြင့် နစ်မွန်းနေချိန်တွင် ကမ္ဘာကြီးက လျင်မြန်စွာတိုးတက်သွားခဲ့သည်။ ထို့ကြောင့်ပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နောက်မျိုးဆက်များအတွက် ထားပစ်ခဲ့ရမည့် အကောင်းဆုံးအမွေမှာ ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ငြိမ်းချမ်းမှ တိုးတက်နိုင်မည်၊ မငြိမ်းချမ်းသည့်နိုင်ငံ တိုးတက်သည်ဆိုသည်မှာ ဘယ်တုန်းကမှ မဖြစ်နိုင်ကြောင်း အလေးအနက် ပြောကြားသွားခဲ့ခြင်းဖြစ်ပေသည်။ ။



ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်များ၊ ရဲဘက်စခန်းနှင့် အချုပ်ခန်းများအား စစ်ဆေးရေးစီမံချက်အရ ဇွန် ၂၈ ရက်က ကျောက်တံခါးရဲစခန်း အချုပ်ခန်းအား ကြည့်ရှုစစ်ဆေးစဉ်

သန့်စင် (ပဲခူး)




## ထင် သာ မြင် သာ ပြု ပြင် စ ရာ

### ဆင်ချောင်း-ဇီးကုန်းကျေးရွာချင်းဆက် တံတားတစ်စင်းပျက်စီးနေ၍ သက်ဆိုင်ရာမှဆောင်ရွက်ပေးရန် ဒေသခံများလိုလား

**ရေစကြို ဇွန် ၃၀**

ရေစကြိုမြို့နယ် ဆင်ချောင်း-ဇီးကုန်းကျေးရွာချင်းဆက် ကုန်ထုတ်လမ်းမကြီးပေါ်မှ တံတားတစ်စင်း ပျက်စီးနေ၍ ဒေသခံများသွားလာရေး အခက်အခဲဖြစ်နေကြရကြောင်းနှင့် မြစ်ရေတက်ချိန်တွင် လူနှင့်ဆိုင်ကယ်များသွားလာနိုင်ရေး ကိုယ့်အားကိုယ်ကိုး သစ်သားတံတားတည်ဆောက်နေကြောင်း သိရသည်။



"ဆင်ချောင်း-ဇီးကုန်းကျေးရွာချင်း ဆက်ကုန်ထုတ်လမ်းမပေါ်က တံတားတစ်စင်းဟာ ၂၀၁၅ ခုနှစ်မှာ ချင်းတွင်းမြစ်ရေတိုက်စားလို့ ပျက်စီးသွားခဲ့ပါတယ်။ တစ်နွေလုံးအောက်လမ်းက လူ၊ ကား၊ ထော်လာဂျီ၊ သုံးဘီး၊ ဆိုင်ကယ်တွေသွားလို့ရပေမယ့် အခုချင်းတွင်းမြစ်ရေက တိုးနေတော့ နတ်တော်၊ ပြာသိုလအထိ သွားလာရေးအခက်အခဲဖြစ်တော့မှာဆိုတော့ လူနဲ့ဆိုင်ကယ်တွေ သွားလာလို့ရအောင် ဇီးကုန်းကျေးရွာ သာသနာ ဝိသုဒ္ဓနကျောင်းတိုက် နာယကဆရာတော် ဦးပညာသာမိ ဦးဆောင်မှုနဲ့ ဇီးကုန်းကျေးရွာသားတွေ စုပေါင်းပြီး တိုင်အလုံး ၅၀ခန့်အရှည်ပေ ၄၀၀ ခန့်ရှိတဲ့ သစ်သားတံတား တည်ဆောက်နေပါတယ်။ သစ်သားတံတားတည်ဆောက်ပြီး သွားရင်တော့ လူနဲ့ဆိုင်ကယ်တွေ သွားလို့ရပေမယ့် ကားတွေ၊ ထော်လာဂျီတွေ၊ သုံးဘီးတွေတော့သွားလို့ မရပါဘူး။ ဒေသခံတွေရဲ့ ကျန်းမာရေးပြဿနာကြုံတွေ့လာရင် ကားနဲ့ သွားလို့မရတဲ့ အတွက် အခက်အခဲရှိနိုင်သလို ဒေသထွက်သီးနှံတွေ ဈေးကွက်ကိုအချိန်မီပို့ဆောင်ရောင်းချရာမှာလည်း အခက်အခဲရှိနေပါတယ်။

"ဒီလမ်းကိုအားပြုပြီး ကျွန်းပိုင်းဒေသတွေဖြစ်တဲ့ ဇီးကုန်း၊ ဇီးကုန်းကျွန်းအလယ်သောင်၊ သူဌေးကုန်း၊ ဇီးကွဲကျွန်း၊ ဂွက်ကြီး၊ ဟသ်ာကျွန်း၊ ဘုမ္မ၊ ရဿကျွန်း၊ ကိုရင့်၊ ကန်ဒေါင့်၊ မထိ၊ ကျော်ထင်ကုန်းစတဲ့ကျေးရွာပေါင်း ၃၇ ရွာက ဒေသခံပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် အဓိကထားသွားလာနေရတဲ့ လမ်းဖြစ်ပါတယ်။ အခုအခါမှာ ဒေသခံပြည်သူတွေသွားလာရေး အခက်အခဲဖြစ်နေတဲ့အတွက် သက်ဆိုင်ရာက အမြန်ဆုံးဆောင်ရွက်ပေးဖို့ ဒေသခံတွေက လိုလားနေကြပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောသည်။

**ဖေထွဏ်းဇော်-ရေစကြို**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃၀-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၉၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၂.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၃.၀၇ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၂၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၃၆ |
| တရုတ် | တစ်ယွမ် | ၁၇၇.၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၇၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ အမ်ဒီရှာဟိဒူလ် ဟော့ခ်အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ အမ်ဒီရှာဟိဒူလ် ဟော့ခ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)

*ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Fitness Center (GYM)ခန်းမ၌ မြန်မာ့ လက်ရွေးစင် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ် ဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အမျိုးသားလူငယ် ဘော်လီဘော အားကစားသမားများအား ပြိုင်ပွဲဝင် အသင်းများနှင့် မိမိအသင်းတို့၏ အားနည်းချက်၊ အားသာချက်များကို မေးမြန်းပြီး မြန်မာအားကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိရန် ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေးနိုင်ရေး၊ ပရိသတ်၏ ဖိအားပေးမှုဒဏ်ခံနိုင်ရေးနှင့် ပြိုင်ပွဲဝင် အားကစားသမားများ ပြိုင်ပွဲယှဉ်ပြိုင်နေစဉ် စိတ်တည်ငြိမ်မှုရှိစေရေးအတွက် အထူးလေ့ကျင့်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အားကစားသမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိသော Sports Medical Center သို့ ရောက်ရှိပြီး ပြင်ပလူနာကုသရေးဌာန၊ Physiotherapy ဌာန၊ အကြောပြင်ဌာန၊ ကိုယ်ခန္ဓာ အချိုးအစားတိုင်းတာရေးဌာန၊ အဆုတ်နှင့်နှလုံးကြံ့ခိုင်မှုဆန်းစစ်ရေး ဌာနတို့၌ ခေတ်မီစက်ကိရိယာများဖြင့် အားကစား အထောက်အကူပြု စစ်ဆေးကုသမှုများကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်ဆေးဘက်ဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူးက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတကာ အားကစားသမားများ လာရောက်ယှဉ်ပြိုင်ရာတွင် တည်းခိုနေထိုင်သည့် Cluster 5 အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

**နေပြည်တော်ရှိ အားကစားတက္ကသိုလ်အား တွေ့ရစဉ်** (သတင်းစဉ်)




● *ကျောဖုံးမှ*

တားဆီးကာကွယ်ရေးအတွက် အကောင်အထည်ဖော်လုပ်ဆောင်မှုသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အိန္ဒိယသမုဒ္ဒရာအတွင်း မျောပါနေခဲ့သည့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာသူများအား မြန်မာနိုင်ငံမှ ကယ်ဆယ်စောင့်ရှောက်ခြင်း၊ ပင်ရင်းနိုင်ငံဖြင့် ပူးပေါင်းဆောင်ရွက်လျက် ၎င်းတို့၏ဆန္ဒဖြင့် ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူအများစုမှာ မြန်မာနိုင်ငံမှ မဟုတ်ကြောင်းလည်း သက်သေပြခဲ့ပြီးဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတွင် အထူးသဖြင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးမှုဆိုင်ရာလုပ်ငန်းများလည်း ကောင်းစွာအောင်မြင်လျက်ရှိပါသည်။ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ပြည့်စုံသော ဥပဒေမူဘောင်တစ်ရပ်ရှိနေပြီး ဥပဒေလိုက်နာ အကောင်အထည်ဖော်မှုဆိုင်ရာ စွမ်းဆောင်ရည်များလည်း တိုးတက်အောင် ဆောင်ရွက်ထားပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာတွင် ပါရှိသည့် အကြံပြုချက်များကို အလေးအနက်ထား စဉ်းစားလျက် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုကိစ္စရပ်များကို နိုင်ငံတကာမိတ်ဖက်များနှင့် နီးကပ်စွာပူးပေါင်း၍ အားသွန်ခွန်စိုက်ဖြေရှင်းသွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာဆိုင်ခန်းအချို့ အရောင်းနည်းပါး

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမတွင် ၁၃ ရက်ကြာ ကျင်းပနေသည့် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခုနစ်ရက်မြောက် ရောင်းချမှုအခြေအနေများအရ ပြပွဲရှိ ကျောက်မျက်ရတနာဆိုင်ခန်းအချို့ အရောင်းနည်းပါးလျက်ရှိကြောင်း သိရသည်။

"အရင်နှစ်ကတော့ ဆိုင်ဖွင့်ဖို့ ပြင်တုန်းဆင်တုန်းကို ရောင်းရတယ်။ ပြပွဲမှာ လာပြီးဖွင့်တာ ၁၀ နှစ်လောက်ရှိပြီ။ အခုနှစ်တော့ အရောင်းပါးနေတယ်။ ပြီးတော့ ဒီနှစ် ဝယ်တဲ့သူတွေက ကျောက်စိမ်းကျောက်မျက် ပစ္စည်းတွေထက် ပုလဲကို ပိုဝယ်ကြတယ်။ အရင်နှစ်နဲ့ ဒီနှစ်ရောင်းရတာက ထက်ဝက်လောက်ကွာတယ်။ ဒါက ကျွန်မဆိုင်အခြေအနေပေါ့။ တချို့ဆိုင်တွေ အရောင်းပါးလို့ ပြန်သွားကြတာတွေရှိတယ်။ ၁၀ ဆိုင်လောက် ရှိမယ်ထင်တယ်"ဟု ပြပွဲတွင် ဖွင့်လှစ်ရောင်းချနေသည့် စုပါဝမ်း ကျောက်မျက်ရတနာဆိုင်မှ ဒေါ်သန်းမြင့်က ပြောသည်။

"ပြပွဲရက်မှာ လာရောက်ဖွင့်လှစ်ရောင်းချဖို့က ကိုယ့်နေရာတွေကနေ ဒီကိုလာပြီး ဖွင့်လှစ်ရောင်းချကြတယ်။ တချို့လုပ်ငန်းရှင်တွေက ဟိုတယ်မှာတည်းတာရှိတယ်၊ စည်ပင်မှာ တည်းတာရှိတယ်။ ဒီလိုပြပွဲမှာ အရောင်းပါးရင်တော့ ပွဲပြီးတဲ့အထိ မနေတော့ဘူး။ ပြန်ကြတာများတယ်"ဟုလည်း ၎င်းက ဆိုသည်။

ယခုအကြိမ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဖွင့်လှစ်ရောင်းချနေသည့် ရတနာဆိုင်ခန်းပေါင်း ၉၈ ခန်းရှိကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"အခုနှစ်က အရင်နှစ်ကလောက် မရောင်းရဘူး။ ဧည့်သည်လည်း နည်းတယ်လို့ ထင်တယ်။ ဧည့်သည်ပါးတော့ အရောင်းနည်းနေတယ်။ အရောင်းအဝယ်အေးနေတယ်။ ကျွန်မတို့လိုဆိုင်တွေအတွက် ဧည့်သည်များများလာရင် အဆင်ပြေတယ်။ တခြားအခက်အခဲတော့ ထူးထူးထွေထွေ မရှိပါဘူး"ဟု ပြပွဲတွင် ဖွင့်လှစ်ရောင်းချနေသည့် ရွှေလမင်း ကျောက်မျက်ရတနာ ရောင်းဝယ်ရေးမှ မခိုင်ခိုင်မြင့်က ဆိုသည်။

ပြပွဲတွင် လာရောက်ပြသရောင်းချသည့် ကျောက်မျက်ရတနာဆိုင်ခန်းအများစုသည် ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ မိုးကုတ်နှင့် စစ်ကိုင်းမြို့များမှ လာရောက်ဖွင့်လှစ်ရောင်းချခြင်း ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်က နိုင်ငံခြားသားတွေက ဝယ်ကြတယ်။ သူတို့ ဝယ်တာများတယ်။ အဲဒါကြောင့်လည်း ပါတယ်။ ဒီပြပွဲမှာကျတော့ ပြည်တွင်းဝယ်လက်တွေ များတယ်။ ပြီးခဲ့တဲ့ နှစ်ပြပွဲမှာ နိုင်ငံခြားသား ၂၃၀၀ ဝန်းကျင်နဲ့ ဒီနှစ်ပြပွဲမှာ register အရ နိုင်ငံခြားသား ၂၀၆၀ လောက်တက်တယ်။ ပျမ်းမျှ ၂၅၀ လောက် လျော့နည်းသွားတယ်။ ဝယ်လက်နည်းသွားတဲ့အတွက် ဝယ်လိုအား နည်းနည်းကျသွားတယ်"ဟု မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောက်မျက်ရတနာ ပြပွဲတွင် အရိုင်းထည်များသည် လက်ဝတ်ရတနာနှင့် အချောထည်များထက် ပိုမိုရောင်းချရပြီး ဝယ်ယူသူများသည် မိမိတို့အလိုရှိသည့် လက်ဝတ်ရတနာနှင့် အချောထည်များကို အရိုင်းထည်မှ ဖန်တီးရယူနိုင်သည့်အတွက် အရိုင်းထည်ကို ပိုမိုဝယ်ယူခြင်းဖြစ်ကြောင်း ပြပွဲတွင် လာရောက်ဝယ်ယူသည့် လုပ်ငန်းရှင်များထံမှ သိရသည်။

**သတင်း - သန့်ဇင်ဝင်း၊ ဟန်နီဝင်း**
**သတင်းဓာတ်ပုံ - ကျော်ရဲဆွေ**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကောင်းမွန်ခဲ့သည့်ဆက်ဆံရေးသမိုင်းကြောင်းကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃၀**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကောင်းမွန်ခဲ့သည့် ဆက်ဆံရေးသမိုင်းကြောင်းကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့်အပြင် BIMSTEC အဖွဲ့ဝင်နိုင်ငံများလည်းဖြစ်၍ အိမ်နီးချင်းကောင်း ပီသစွာ အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များဖြင့် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ အမ်ဒီ ရှာဟိဒူလ်ဟော့ခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် **(ယာပုံ)** ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်ဖက်နိုင်ငံသားများ၊ သက်ဆိုင်ရာဌာန တာဝန်ရှိသူများအနေဖြင့်လည်း မိမိနိုင်ငံ သမိုင်းကြောင်းနှင့် အခြေအနေများကို သိရှိနားလည်ရန်လိုကြောင်း၊ တစ်ဦးနှင့်တစ်ဦးနားလည်မှုရှိပြီး ဖြစ်စဉ်အမှန်ကို လက်ခံနိုင်ရန်မှာ အရေးကြီးကြောင်း၊ နှစ်ဦးနှစ်ဖက်အပြုသဘောဆောင်သော လုပ်ဆောင်မှုများသည် နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုအတွက် များစွာ အထောက်အကူရစေမည်ဟု ယုံကြည်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားသည်။



ဆက်လက်၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်နိုင်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်တပ်များနှင့် လုံခြုံမှုထိန်းသိမ်းရသည့် အဖွဲ့အစည်းများ ပိုမိုထိတွေ့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**စတုတ္ထအကြိမ်မြောက် Mekong - ROK Business Forum သို့ တက်ရောက်ကြသည့် သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**
(သတင်းစဉ်)

# မဲခေါင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား ကုန်သွယ်စီးပွားကဏ္ဍ မြှင့်တင်ရန် ဆွေးနွေး

**ရန်ကုန် ဇွန် ၃၀**

စတုတ္ထအကြိမ်မြောက် Mekong-ROK Business Forum ကို "Realizing Investment Opportunities in Mekong Sub-Region" ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ Novotel ဟိုတယ်၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ 1st Vice Minister Mr. Lim Sung-nam တို့က အမှာစကားပြောကြားကြသည်။

ဖိုရမ်တွင် မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံနှင့် စီးပွားရေးဆောင်ရွက်ရာတွင် ဈေးကွက်သစ်များ၊ ရောင်းချသူနှင့် ဝယ်ယူသူအသစ်များကို ရှာဖွေသွားရန်နှင့် ကုန်စည်ပြပွဲများအတွက် ကွန်ရက်များ ချိတ်ဆက်ခြင်း၊ စီးပွားရေးအခွင့်အလမ်းများ၊ စီးပွားရေးမိတ်ဖက်များ အွန်လိုင်းမှ ချိတ်ဆက်ခြင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများရှိ စက်မှုလုပ်ငန်းများကို လေ့လာရန်နှင့် Business Matching များ ပြုလုပ်ရန်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံမှ 1st Vice Minister Mr. Lim Sung-nam ခေါင်းဆောင်သောအဖွဲ့နှင့် မဲခေါင်ဒေသနိုင်ငံများမှ အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဖိုရမ်အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Mekong Institute တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဇူလိုင် ၁ ရက်တွင် မဲခေါင်ဒေသနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်း ရှင်များသည် သီလဝါ အထူးစီးပွားရေးဇုန်သို့ သွားရောက် လေ့လာကြမည်ဖြစ်သည်။
**(သတင်းစဉ်)**

# ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

**နေပြည်တော် ဇွန် ၃၀**

ဇူလိုင် ၃ ရက်မှ ဇူလိုင် ၇ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၂၀ ပေခန့်မှ ၂၀ ဒသမ ၆၇ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်ထိတက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတိပေးသတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းရရှိသည်။
**(မြန်မာ့အလင်း)**

# အမျိုးသမီးများ၏ တရားမျှတမှု လက်လှမ်းမီခြင်း အစီရင်ခံစာ မိတ်ဆက်ရှင်းလင်း

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော် Grand Amara Hotel ၌ ဇွန် ၂၉ ရက် မွန်းလွဲပိုင်းက ကျင်းပသော ဆုံမှတ်ဆီမှအသံများ တစ်ခုမကသော မြန်မာ့တရားစီရင်ရေးစနစ်တွင် အမျိုးသမီးများ၏ တရားမျှတမှု လက်လှမ်းမီခြင်း အစီရင်ခံစာ မိတ်ဆက်ရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအနေဖြင့်လည်းကောင်း၊ အာဆီယံ အမျိုးသမီးရေးရာ ကော်မတီအဖွဲ့ဝင် နိုင်ငံအနေဖြင့်လည်းကောင်း၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင်အဖွဲ့ဝင်နိုင်ငံအနေဖြင့် လည်းကောင်း မြန်မာ အမျိုးသမီးထုကြီး၏ အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)ကို ၂၀၁၃ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကိုလည်း လက်ရှိ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ ပြန်လည်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အမျိုးသမီးများ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ ထိရောက်မှုရှိစေရန်နှင့် လိုအပ်သော ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အကြံပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရန်နှင့် စောင့်ရှောက်မှုများပေးရန် လိုအပ်သည့်အတွက် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်နှင့်အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း၊ အမျိုးသမီးအားလုံး နိုင်ငံတော်၏ အရေးကြီးသော ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ဆုံးဖြတ်ချက်ချသည့် နေရာများတွင် ပါဝင်နိုင်မှသာ မြန်ဆန်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် စစ်မှန်သော တန်းတူညီမျှမှုရရှိမည်ဖြစ်ကြောင်း၊ ယနေ့မိတ်ဆက်ဖြန့်ချိသည့် အစီရင်ခံစာတွင် အမျိုးသမီးအရေးနှင့် ပတ်သက်ပြီး ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ရာ၌ တရားစီရင်ရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးစနစ်များ၏ အမျိုးသမီးများအပေါ် သက်ရောက်မှုကို လေ့လာထားပြီး အားသာချက်များ၊ အခက်အခဲများနှင့် အတားအဆီးများကို အကြံပြုထားသည့်အတွက် အမျိုးသမီးများ တရားမျှတမှု လက်လှမ်းမီ ရရှိစေရေး ဆောင်ရွက်ပေးနိုင်မည့် အစီရင်ခံစာတစ်ခုဖြစ်ကြောင်း ပြောကြားသည်။
**(သတင်းစဉ်)**

# မြန်မာ - ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ် အဆိုပြုလွှာတင်သွင်းခွင့်အမှတ် သတ်မှတ်ထုတ်ပြန်

**နေပြည်တော် ဇွန် ၃၀**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် ၂၀၁၆ အတွက် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦးနှင့် ဝိဇ္ဇာ/ဝိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ ၂၅ ဦး စုစုပေါင်း ၅၀ သည် အဆိုပြုလွှာတင်သွင်းခွင့်ရှိကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်သည်။

သိပ္ပံဘာသာတွဲအတွက် စုစုပေါင်းအမှတ် ၅၅၀ နှင့်အထက် ရရှိသူများနှင့် ဝိဇ္ဇာ/ဝိပ္ပံ ဘာသာတွဲအတွက် စုစုပေါင်း ၄၉၃ မှတ်နှင့်အထက် ရရှိသူများသည် အဆိုပြုလွှာ တင်သွင်းခွင့်ရှိကြောင်းနှင့် အဆိုပြုလွှာများကို မြန်မာ-ဂျပန် အသင်းရုံး ရန်ကုန် ဖုန်း-၀၁-၂၅၆၀၇၄၊ ၀၁-၂၅၆၀၇၅၊ ၀၉-၄၂၁၁၆၂၃၃၁ တို့တွင် ဆက်သွယ်၍ အခမဲ့ရယူနိုင်ပြီး ဇူလိုင် ၁၈ ရက် နောက်ဆုံးထား လျှောက်ထားရန်ဖြစ်သည်။


အဆိုပြုလွှာတင်သွင်းခွင့်ရရှိသူများသည် အထွေထွေအင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ နှစ်နာရီ ရေးဖြေစာမေးပွဲအား ရန်ကုန်မြို့ နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) တွင် ဇူလိုင် ၂၃ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

# နေပြည်တော်နှင့် မန္တလေး နေရာကွက်ကျား မိုးထစ်ချုန်းမည်

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်၊ နှစ်ကြိမ်သာ ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**(မိုး/ဇလ)**

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား သီးခြားစီသွားရောက်တွေ့ဆုံ



**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား သီးခြားစီသွားရောက်တွေ့ဆုံခဲ့သည်။

မစ္စ ယန်ဟီလီသည် ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ ဦးဆောင်မှုအောက်တွင် တပ်မတော်၏ တာဝန်ထမ်းဆောင်မှု၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစု ပင်လုံ) ကျင်းပနိုင်ရေးအတွက် တပ်မတော်က ပါဝင် ပူးပေါင်းဆောင်ရွက်နေမှု၊ တပ်မတော်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ မရှိစေရေးအတွက် ဥပဒေနှင့်အညီ ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဂျီနီဗာ ကွန်ဗင်းရှင်း၊ အာတီကယ်(၁၇)နှင့် ပတ်သက်သည့်အခြေအနေ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပေးမှုအခြေအနေ၊ မြန်မာ့တပ်မတော် အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမရှိစေရေး ကုလသမဂ္ဂလက်အောက်ခံ Country Task Force on Monitoring and Reporting (CTFMR) နှင့် ပူးပေါင်း ဆောင်ရွက်နေမှုအခြေအနေများအား ဆွေးနွေးကြသည်။

အလားတူ မစ္စ ယန်ဟီလီသည် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး နှင့် ယနေ့နံနက် ၉ နာရီတွင် ပြည် ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမဆောင် ၌ တွေ့ဆုံပြီး တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေ မှု၊ ဥပဒေပြုရေးအခန်းကဏ္ဍ၌ ပါဝင် ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ လွတ် လပ်သည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်း လာစေရေးကိစ္စရပ်များနှင့် ပြည်သူများ အတွက် တရားမျှတမှုရရှိစေရေး ကြိုးပမ်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့အတူ မစ္စ ယန်ဟီလီသည် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ယနေ့ နံနက် ၁၀ နာရီတွင် တွေ့ဆုံပြီး ဝန်ကြီး ဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်း များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ မစ္စ ယန်ဟီလီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နှင့် ယနေ့ နံနက် ၁၁ နာရီတွင် တွေ့ဆုံပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် အမုန်းပွားမှုမဖြစ်စေရေးအတွက် ဆောင် ရွက်နေမှုအခြေအနေတို့ကို ဆွေးနွေး ကြသည်။ **(အောက်ပုံ)**

ယင်းနောက် မစ္စ ယန်ဟီလီသည် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ယနေ့ မွန်းတည့် ၁၂ နာရီတွင် တွေ့ဆုံသည်။

ထို့နောက် မစ္စ ယန်ဟီလီသည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ယနေ့ မွန်း လွဲ ၁ နာရီခွဲတွင် တွေ့ဆုံပြီး ပြန်ကြားရေး ဝန်ကြီးဌာန၏ လက်ရှိဦးစားပေး ပြုပြင်ဆောင်ရွက်နေမှုများနှင့် စိန်ခေါ် မှုများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကို နိုင်ငံပိုင်မီဒီယာမှ ပြည်သူ့ဝန်ဆောင် မှု မီဒီယာသို့ ပြောင်းလဲရန် ပြင်ဆင် နေမှုများ၊ ထုတ်ပြန်ပြီးဖြစ်သည့် မီဒီယာ ဥပဒေများနှင့်ပတ်သက်၍ ပြန်လည် သုံးသပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Access to Information အတွက် ဝန်ကြီး ဌာန အသီးသီးတွင် ပြောရေးဆိုခွင့် ရှိသူများ ခန့်ထား၍ လေ့ကျင့်ဆောင် ရွက်ပေးနေမှုများ၊ စာနယ်ဇင်းသမား များ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုး တက်ရေးတွင် ပြန်ကြားရေးဝန်ကြီးဌာန က ပူးပေါင်းဆောင်ရွက်ပေးနိုင်မှုအခြေ အနေများ၊ မီဒီယာအခန်းကဏ္ဍတွင် အမျိုးသမီးများ ပါဝင်စွမ်းဆောင်နိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး Social Media များတွင် Hate Speech ရေးသားပြောဆိုမှုများအပေါ် အခြားနိုင်ငံများတွင် ဖြေရှင်းဆောင်ရွက် မှု အတွေ့အကြုံများအား အမြင်ချင်း ဖလှယ်ကြသည်။

ယင်းနောက် မစ္စ ယန်ဟီလီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းဝင်းနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ်အတွင်း သစ်ထုတ်လုပ်မှု ရပ်ဆိုင်း မှုအခြေအနေ၊ သစ်တော ပြန်လည် စိုက် ပျိုးရေး၊ သတ္တုနှင့် ကျောက်စိမ်း ထုတ်လုပ် မှုအခြေအနေနှင့် လုပ်ကိုင်ခွင့်ပေးသည့် ကုမ္ပဏီများအား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ တရားမဝင်ယာဉ်ယန္တရား များ သုံးစွဲမှုပပျောက်ရေး ကြီးကြပ်ရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေ အနေများကို ဆွေးနွေးကြသည်။

ယင်းနောက် မစ္စ ယန်ဟီလီသည် လယ်ယာမြေနှင့် အခြားမြေများ သိမ်း ဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီ အတွင်းရေးမှူး ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးနှင့်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် တွေ့ဆုံပြီး လက်ရှိဆောင် ရွက်လျက်ရှိသော မူဝါဒ၊ လုပ်ငန်းစဉ်၊ မြေပြန်လည်စွန့်လွှတ်မှု အခြေအနေ၊ မြေယာလျော်ကြေးနှင့် နစ်နာကြေးများ ပေးအပ်မှုအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေး နွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# တတိယအကြိမ်မြောက် ဂျပန်-မြန်မာ နှစ်နိုင်ငံပို့ဆောင်ရေး ဒုတိယဝန်ကြီးများအဆင့်စည်းဝေး

**နေပြည်တော် ဇွန် ၃၀**

တတိယအကြိမ်မြောက် ဂျပန်-မြန်မာ နှစ်နိုင်ငံပို့ဆောင်ရေး ဒုတိယဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကား ပြောကြားရာ၌ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်း၊ လေဆိပ် ဘေးကင်းလုံခြုံရေး၊ ရထားပို့ဆောင်ရေးဘေးကင်းလုံခြုံမှုအဆင့်မြှင့်တင်ရေးစီမံကိန်းများကို ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ရန်ကုန်-ဒလကူးတို့ရေယာဉ် သုံးစင်း၊ ဒလဆိပ်ခံတံတားတစ်စင်းတို့ကို ထောက်ပံ့ကူညီခဲ့ကြောင်း၊ လက်ရှိတွင် လေကြောင်းလမ်းညွှန်စနစ် ကောင်းမွန်ရေး၊ မိုးလေဝသရေဒါတပ်ဆင်ရေး၊ Port EDI စနစ် အကောင်အထည်ဖော်ရေး၊ သီလဝါဆိပ်ကမ်းဖွံ့ဖြိုးရေး၊ ရန်ကုန်-မန္တလေး ရထားလမ်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတို့ကို ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသလို ကျေးလက်/မြို့ပြ ပို့ဆောင်ရေး ကွန်ရက်ကောင်းမွန်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန်ရှိကြောင်း၊ ယာဉ်ကြောကျပ်တည်းမှုနှင့် ယာဉ်အန္တရာယ်လျော့နည်းစေရေးအတွက် ရန်ကုန်မြို့ပြပို့ဆောင်ရေး စီမံကိန်းကို ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း၊ ပို့ဆောင်ရေး နည်းလမ်းတစ်ခုချင်းစီအတွက် ပင်မစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ကုန်ကျစရိတ် သက်သာစွာဖြင့် ခေတ်မီပြီး အရည်အသွေးပြည့်ဝသော သယ်ယူပို့ဆောင်ရေးစနစ် တစ်ရပ် ထူထောင်ရေးဆိုသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ဂျပန်နိုင်ငံ၏ အကူအညီများသည် များစွာထိရောက်ပြီး အကျိုးရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန (MLIT)၊ ဒုတိယဝန်ကြီး Mr. Toshiya MORISHIGE တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် ရေယာဉ်များ ဖြည့်တင်းရေး၊ မြစ်ရေလမ်းကြောင်းများ ကောင်းမွန်ရေးနှင့် မြစ်ဆိပ်ကမ်းများ အဆင့်မြှင့်တင် တည်ဆောက်ရေး၊ သီလဝါဆိပ်ကမ်းဖွံ့ဖြိုးရေး၊ ဟံသာဝတီလေဆိပ်သစ် တည်ဆောက်ရေးနှင့် လေဆိပ်သို့ ရထားလမ်း ကွန်ရက်ဆက်သွယ်နိုင်ရန် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်နိုင်ရေး၊ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ အများပြည်သူ ခရီးသည်ပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးလာစေရေး၊ မော်တော်ယာဉ်စစ်ဆေးမှုစနစ်များကောင်းမွန်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာရေးထိုး၍ ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



# ရန်ကုန်ပညာရေးတက္ကသိုလ် အခြေခံကင်းထောက်လူငယ်သင်တန်းဆင်း

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန် ပညာရေးတက္ကသိုလ် အခြေခံကင်းထောက်လူငယ် သင်တန်းဆင်းပွဲကို ဇွန်လ ၂၈ ရက် ညနေပိုင်းက ရန်ကုန် ပညာရေးတက္ကသိုလ်သင်ကြားမှု ဗဟိုဌာနခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသား ကင်း ထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီး ဒုတိယ ကင်း ထောက်ချုပ် ဒေါ်ခင်စောဥမ္မာ၊ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်တို့က အမှာ စကားပြောကြားကာ မြန်မာနိုင်ငံကင်းထောက်ကြီးများက သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ် နှင့် ခြေနုတံဆိပ်များပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံကင်းထောက်ကြီးများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တက္ကသိုလ်များမှ ပါမောက္ခ များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ၅၁ ဦး၊ ကျောင်းသူ ၇၀ တက်ရောက်ကြသည်။

သင်တန်းကို ဇွန် ၂၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့ကင်းထောက်သမိုင်းနှင့် မြန်မာကင်းထောက်သမိုင်း၊ ကင်းထောက်အခြေခံသဘောတရားများ၊ စခန်းချလေ့ကျင့်ရေး ဘာသာရပ်များ စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့သည်။

ထို့အပြင် ရန်ကုန်ပညာရေးတက္ကသိုလ် အခြေခံကင်း ထောက် သင်တန်းဆင်းများအနက် အမျိုးသားကင်းထောက် များအား လာမည့် စနေ၊ တနင်္ဂနွေနေ့များတွင် ကင်းထောက် ကျွမ်းကျင်မှု နည်းစနစ်များကို ထပ်မံမွမ်းမံသင်ကြားပေးသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

**ကိုလတ်(သတင်းစဉ်)**

# အီးယူမှ ဗြိတိန်ခွဲထွက်ခြင်း၏ ရေရှည်စီးပွားရေးအကျိုးသက်ရောက်မှု

**လူလေးဝိုင်း**

ဗြိတိန်ပြည်သူတွေရဲ့ တစ်ဝက်စွန်းစွန်းလေးဟာ ဥရောပသမဂ္ဂကနေ ခွဲထွက်ဖို့ ဆုံးဖြတ်ခဲ့တဲ့အတွက် ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂနဲ့ ခွဲထွက်ရေးလုပ်ငန်းစဉ်တွေ ညှိနှိုင်းဖို့ပြင်ဆင်နေရပါပြီ။ ယေဘုယျသဘောအရ ဗြိတိန်ဟာ ခွဲထွက်ရေးလုပ်ငန်းစဉ်တွေကို နှစ်နှစ်အတွင်း အပြီးညှိနှိုင်းရမှာဖြစ်ပေမယ့် ခွဲထွက်ရေးလုပ်ငန်းစဉ် ညှိနှိုင်းမှုတွေမပြီးမချင်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ထပ်ရှိနေဦးမှာပါ။ ဒီတော့ လက်ရှိအနေအထားဟာ ဘာကိုမှကြိုတင်ခန့်မှန်းလို့မရတဲ့ ဝေဝေဝါးဝါး အခြေအနေလို့ပဲပြောရမှာပါ။

ဗြိတိန်ခွဲထွက်ရေးရဲ့လက်ရှိအကျိုးသက်ရောက်မှုတွေကို ခန့်မှန်းနိုင်ဖို့ဆိုရင် အကောင်းဆုံးပေတံက ဗြိတိသျှ ပေါင်ငွေရဲ့ ငွေကြေးလဲလှယ်နှုန်းလို့ ပြောကြပါတယ်။ ကျွမ်းကျင်သူပညာရှင်အများစုကတော့ ကာလလတ်အပေါ် မှန်းဆကြည့်မယ်ဆိုရင် ပေါင်ငွေကြေးဟာ လဲလှယ်နှုန်းကျဆင်းမယ့်သဘော၊ တန်ဖိုးကျဆင်းမယ့်သဘော ရှိပါတယ်။ ချက်ချင်းလက်ငင်း အကျိုးသက်ရောက်မှုကတော့ ပေါင်ငွေကြေး တန်ဖိုး ကျဆင်းသွားလိုက်တာ ၁၀ ရာခိုင်နှုန်းလောက်ကို ဖြစ်သွားပါတယ်။ ဒါဟာ ၁၉၈၅ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးငွေကြေးတန်ဖိုးကျဆင်းမှုပါ။ ဒါကြောင့် တခြားတိုင်းပြည်က ဝယ်ယူရတဲ့ကုန်ပစ္စည်းတွေ၊ မှာယူရတဲ့ ဝန်ဆောင်မှုတွေက ပိုဈေးကြီးလာမှာပါ။ မြင်လွယ်အောင် ဥပမာပေးရရင် အရင်က တစ်ပေါင်ပေးရင် တစ်ဒေါ်လာရပေမယ့် အခု နှစ်ပေါင်ပေးမှ တစ်ဒေါ်လာရတယ်ဆိုရင် နိုင်ငံခြားက တင်သွင်းတဲ့ ဒေါ်လာ ၁၀၀ တန်ကုန်ပစ္စည်းဟာ အရင်က ဗြိတိန်မှာပေါင် ၁၀၀ ပဲ ပေးရမှာဖြစ်ပေမယ့် အခုတော့ ဒီပစ္စည်းကိုပဲ ပေါင် ၂၀၀ ပေးရတော့မှာပါ။ ကုန်ပစ္စည်းဈေးနှုန်းတွေ တက်လာပြီဆိုရင် ငွေကြေးတွေ ဖောင်းပွလာပြီပေါ့။ ဒါပေမယ့် ဗြိတိန်ပြည်ပပို့ကုန်တွေကို ဝယ်ယူတဲ့နိုင်ငံတွေမှာတော့ ဗြိတိန်ပြည်ပပို့ကုန်တွေကို သက်ဆိုင်ရာနိုင်ငံသားတွေက ဈေးပေါပေါနဲ့ ဝယ်ယူခွင့်ရလာမှာပါ။ စောစောက နမူနာ ငွေလဲနှုန်းကိုပဲ အခြေခံပြောရရင် မူလက ပေါင် ၁၀၀ တန်ပစ္စည်းကို ဒေါ်လာ ၁၀၀ ပေးရပေမယ့် အခုတော့ ဒေါ်လာ ၅၀ ပဲ ပေးရတော့မှာပါ။

ဗြိတိန်ခွဲထွက်ရေးရဲ့ အကျိုးသက်ရောက်မှုကိုခံစားရတဲ့ နောက်ကိစ္စရပ်ကတော့ ဘဏ်ကချေးယူငွေတွေအပေါ် ပေးရတဲ့အတိုးနှုန်းပါ။ ခွဲရေးတွဲရေး လူထုဆန္ဒခံယူပွဲမတိုင်ခင် ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးဌာနက ချေးငွေအပေါ် ဆပ်ရတဲ့ အတိုးနှုန်းတွေဟာ ၀.၇ ရာခိုင်နှုန်းကနေ ၁.၁ ရာခိုင်နှုန်းအထိ တက်လာနိုင်တယ်လို့ ခန့်မှန်းပြောကြားခဲ့သလို ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကလည်း ဗြိတိန်ပြည်သူတွေအဖို့ ဗြိတိန်ခွဲထွက်ရေးကြောင့် မြေယာအဆောက်အအုံတွေကို အပေါင်ထားပြီး ချေးယူတဲ့ချေးငွေအပေါ် ကုန်ကျစရိတ်ဟာ တစ်နှစ်ကို ပေါင် ၁၀၀၀ လောက် တိုးလာနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။ ချေးယူငွေအပေါ် ပေးရတဲ့ အတိုးနှုန်းတက်လာခဲ့ရင် မြေယာ၊ တိုက်တာ၊ အိုးအိမ်ငှားရမ်းခတွေကလည်း လိုက်မြင့်တက်လာမှာပါ။ တချို့ကျွမ်းကျင်ပညာရှင်တွေကတော့ ဗြိတိန်ခွဲထွက်ရေးကြောင့် ဗြိတိန်စီးပွားရေး ဖွံ့ဖြိုးနှုန်းနိမ့်ကျလာမှာဖြစ်လို့ ဗြိတိန်ဗဟိုဘဏ်က စီးပွားရေးပိုပြီးမြန်ဆန်သွက်လက်ဖွံ့ဖြိုးလာအောင် ချေးငွေအပေါ် အတိုးနှုန်းကို လျှော့ပေးနိုင်တယ်လို့ ယူဆကြပါတယ်။ ဘဏ်လုပ်ငန်းဆိုင်ရာကျွမ်းကျင်သူတွေကတော့ ဗြိတိန်နိုင်ငံရဲ့ချေးငွေအပေါ် ပေးရတဲ့အတိုးနှုန်းဟာ လက်ရှိ ၀ ဒသမ ၅ ရာခိုင်နှုန်းကနေ ၀ အထိ ကျဆင်းလာနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။

ဗြိတိန်ခွဲထွက်ရေးက မြေယာအဆောက်အအုံတွေကို အပေါင်ထားပြီး ချေးတဲ့ ချေးငွေအတိုးနှုန်းအပေါ် အကျိုးသက်ရောက်မှုမှာ ပိုလို့ အိုးအိမ်မြေယာ ဈေးနှုန်းတွေအပေါ် အကျိုးသက်ရောက်မှာကတော့ သေချာနေပါပြီ။ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးဌာနကတော့ နှစ်နှစ်အတွင်း ဗြိတိန်အိုးအိမ်ခြံမြေတွေရဲ့ ဈေးနှုန်းဟာ ၁၀ ရာခိုင်နှုန်းကနေ ၁၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ဗြိတိန်နိုင်ငံလုံးဆိုင်ရာ အိုးအိမ်ခြံမြေအကျိုးဆောင်အဖွဲ့ (The National Association of Estate Agents) ကတော့ လန်ဒန်မြို့က အိုးအိမ်ခြံမြေတွေ သုံးနှစ်အတွင်း ပျမ်းမျှပေါင် ၇၅၀၀ လောက် ကျဆင်းသွားနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ဗြိတိန်ခွဲထွက်ရေးရဲ့ ဆိုးကျိုးကိုခံစားရမယ့် ပြဿနာတွေထဲမှာ ဗြိတိန်ပြည်သူလူထုရဲ့ လုပ်ခလစာလည်း ပါဝင်ပါတယ်။ ကျွမ်းကျင်သူတွေကတော့ ဗြိတိန်ခွဲထွက်ရေးကြောင့်ဖြစ်ပေါ်လာမယ့် စီးပွားရေး ကသောင်းကနင်းဖြစ်ရပ်တွေဟာ အလုပ်လက်မဲ့နှုန်းမြင့်မားစေပြီး လုပ်ခလစာတိုးပေးဖို့ အခွင့်အလမ်းနည်းပါးစေမှာပါလို့ တွက်ဆပါတယ်။ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ခန့်မှန်းတွက်ချက်မှုအရ လုပ်ခလစာတွေဟာ ၂.၈ ရာခိုင်နှုန်းကနေ လေးရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ပါတယ်။ ငွေကြေးပမာဏနဲ့ ပြောမယ်ဆိုရင်တော့ ပုံမှန်ဗြိတိန်အလုပ်သမား တစ်ယောက်ဟာ တစ်နှစ်မှာ ပေါင် ၇၈၀ လောက် နစ်နာဆုံးရှုံးနိုင်ပါတယ်။ ကျွမ်းကျင်သူအများစု ခန့်မှန်းထားသလို ဗြိတိန်ခွဲထွက်ရေးကြောင့် ဗြိတိန်စီးပွားရေး ကျဆင်းခဲ့ရင် ဗြိတိန်အစိုးရရဲ့ဘဏ္ဍာငွေစုစည်းရရှိမှုကလည်း နည်းပါးသွားမှာ ဖြစ်ပါတယ်။ ဗြိတိန်အစိုးရရဲ့ လျော့နည်းကျဆင်းသွားမယ့်ဘဏ္ဍာငွေပမာဏဟာ (၂၀၁၉-၂၀) မှာ ပေါင် ၂၈ ဘီလီယံကနေ ၄၄ ဘီလီယံအထိရှိနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ဗြိတိန်ပြည်သူလူထုခံစားနေရတဲ့ လူမှုဖူလုံရေးအစီအစဉ်တွေနဲ့ အသုံးစရိတ်ဟာ ဗြိတိန်အစိုးရဘတ်ဂျက်ရဲ့ ၂၈ ရာခိုင်နှုန်းလောက်ရှိတာမို့လို့ လူမှုဖူလုံရေးအစီအစဉ်တွေကို ဖြတ်မှာတောက်မှာကတော့ သေချာနေပါပြီ။ ဗြိတိန်ပြည်သူလူထု လက်ရှိခံစားနေရတဲ့ အခွန်သက်သာခွင့်တွေအပါအဝင် တခြားအကျိုးခံစားခွင့်တွေလည်း လျော့နည်းသွားမှာကလည်း သေချာနေပါပြီ။ နိုင်ငံလုံးဆိုင်ရာ လူမှုစီးပွားသုတေသန ဌာန (The National Institute of Social and Economic Research) ရဲ့တွက်ချက်မှုတွေအရ တချို့ဗြိတိန်မိသားစုတွေဟာ တစ်နှစ်ကို ၂.၇၇၁ ပေါင်လောက် ဆုံးရှုံးနိုင်ပါတယ်။ လက်တွေ့ကျကျပြောရမယ်ဆိုရင် ဗြိတိန်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု ဘယ်လောက်ကျဆင်းသွားမလဲဆိုတာက ခွဲထွက်ရေးလုပ်ငန်းစဉ်တွေ ညှိနှိုင်း တဲ့အခါ ထွက်ပေါ်လာမယ့် ဗြိတိန်နဲ့ ဥရောပသမဂ္ဂကြားက အပြန်အလှန်ကုန်သွယ်ရေး ပုံစံသစ်အပေါ် မူတည်နေပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံမဟုတ်ပေမယ့် ဥရောပသမဂ္ဂဈေးကွက်မှာ အဖွဲ့ဝင်နိုင်ငံတွေလို ကုန်သွယ်ဆောင်ရွက်ခွင့်ရှိတဲ့ နော်ဝေနိုင်ငံလို အခွင့်အရေးမျိုး ဗြိတိန်ရခဲ့ရင်တော့ ဗြိတိန်စီးပွားရေးကျဆင်းမှုဟာ အကျသက်သာမယ်လို့ပြောရမှာပါ။ နော်ဝေနိုင်ငံလို အခွင့်အရေးမျိုးရဖို့ဆိုရင် ဗြိတိန်နိုင်ငံဟာ ဥရောပစီးပွားရေးနယ်မြေ (European Economic Area-EEA) သဘောတူညီချက်မှာ အဖွဲ့ဝင်နိုင်ငံဖြစ်ရပါမယ်။




**ဗြိတိန် ခွဲရေး - တွဲရေးမှာ ခွဲရေးသမားတွေအနိုင်ရပေမယ့် တစ်ကမ္ဘာလုံး ဆုံးရှုံးမှုကို သရုပ်ဖော်ထားသော ကာတွန်း**

ဗြိတိန်ခွဲထွက်ရေးကြောင့် စီးပွားရေးကျဆင်းပြီး အစိုးရဘဏ္ဍာငွေ လျော့နည်းသွားမယ်ဆိုရင် အခွန်နှုန်းထားတွေ တိုးလာနိုင်တာက ဖြစ်နိုင်တဲ့အနေအထားတစ်ခုပါ။ ဒီလိုအနေအထား ဖြစ်လာနိုင်တာကိုလည်း ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးက ကြိုတင်သတိပေးထားပါတယ်။ ဘဏ္ဍာရေးဝန်ကြီးက အခြေခံအခွန်နှုန်းထားအပေါ် ၂ ရာခိုင်နှုန်း တိုးလာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိမှာ အခြေခံအခွန်နှုန်းထားဟာ ပေါင်ငွေအပေါ်အခြေခံရင် ၂၀ ရာခိုင်နှုန်းရှိပါတယ်။ ဝင်ငွေမြင့်မားသူတွေအတွက် အခွန်နှုန်းထားဟာ လက်ရှိမှာ ၄၀ ရာခိုင်နှုန်းရှိပြီး ၄၃ ရာခိုင်နှုန်းအထိ တက်လာနိုင်ပါတယ်။ ဆက်ခံရရှိတဲ့ အမွေအပေါ် ကောက်ခံတဲ့အခွန်နှုန်းထားကလည်း လက်ရှိ ၄၀ ရာခိုင်နှုန်းကနေ ၄၅ ရာခိုင်နှုန်းလောက် ရှိလာနိုင်တယ်ဆိုပါတယ်။ ဗြိတိန်ခွဲထွက်ရေးသမားတွေက ဗြိတိန်ခွဲထွက်ရေးသာဖြစ်ခဲ့ရင် ဥရောပသမဂ္ဂစည်းမျဉ်း၊ စည်းကမ်းအရ ပြည်တွင်းသုံး လောင်စာဆီအပေါ် ကောက်ခံနေတဲ့ ထပ်တိုးတန်ဖိုးခွန် (VAT) ၅ ရာခိုင်နှုန်းကို ရုပ်သိမ်းမယ်လို့ ပြောခဲ့ပေမယ့် လက်တွေ့မှာ ဒီလိုလုပ်နိုင် မလုပ်နိုင်ကတော့ မသေချာပါဘူး။ ခွဲထွက်ရေးအစီအစဉ် ညှိနှိုင်းမှုတွေ မပြီးပြတ်သေးခဲ့ရင် လာမယ့် နှစ်နှစ်အတွင်းဗြိတိန်ဟာဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်ရှိနေဦးမှာမို့လို့ ဥရောပသမဂ္ဂ စည်းမျဉ်း၊ စည်းကမ်းတွေကို ကျော်လွှားပြီး ဖျက်သိမ်းဖို့က လက်တွေ့မှာ သိပ်တော့မလွယ်လှပါဘူး။

ဗြိတိန်ခွဲထွက်ရေးကြောင့် ဗြိတိန်ပြည်သူတွေ လက်ရှိခံစားနေရတဲ့ ပင်စင်ငွေ လျော့နည်းသွားနိုင်တာကတော့ ဗြိတိန်ပြည်သူတွေအတွက် အရေးကြီးပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဗြိတိန်ခွဲထွက်ရေးကိုသာ အတည်ပြုခဲ့ရင် လက်ရှိကျင့်သုံးနေတဲ့ သုံးဆင့်ပင်စင်အာမခံစနစ် (triple lock) ကို ထိပါးခြိမ်းခြောက်ခံရနိုင်တယ်လို့ ကြိုတင်သတိပေးခဲ့ပါတယ်။ သုံးဆင့်ပင်စင်အာမခံဆိုတာက နိုင်ငံတော်ကပေးအပ်မယ့် ပင်စင်ငွေကို အချက်သုံးချက်အပေါ်မူတည်ပြီး နှစ်စဉ်တိုးမြှင့်ပေးပါတယ်။ ဒီအချက်သုံးချက်က တိုးမြှင့်လာတဲ့ ဝင်ငွေနှုန်းထား၊ ငွေ ကြေးဖောင်းပွမှုနှုန်းနဲ့ အခြေခံနှုန်းလို့ လျာထားတဲ့ ၂.၅ ရာခိုင်နှုန်း တိုးမြှင့်ပေးမှုပါ။ ဒီသုံးချက်ကို နှိုင်းယှဉ်ကြည့်ပြီး ဒီသုံးချက်ထဲက အမြင့်ဆုံးဖြစ်တဲ့ နှုန်းထားအတိုင်း နိုင်ငံကပေးအပ်တဲ့ ပင်စင်ငွေကို နှစ်စဉ်တိုးမြှင့်ပေးပါတယ်။ ဗြိတိန်ခွဲထွက်ရေးကြောင့် စီးပွားရေးကျဆင်းပြီး အမျိုးသားဝင်ငွေ နိမ့်ပါးလာခဲ့ရင် ပင်စင်ငွေတိုးမြှင့်ရေးကို ကျယ်ကျယ်ပြန့်ပြန့် အာမခံပေးထားတဲ့ သုံးဆင့်ပင်စင်အာမခံစနစ်အပေါ် ခြိမ်းခြောက်ထိပါးလာမှာကတော့ အသေအချာပါပဲ။ ဗြိတိန်ခွဲထွက်ရေးက စုဆောင်းငွေနဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးသက်ရောက်မှုကိုကြည့်ရင် အတိုးနှုန်းမြင့်မားရင် စုဆောင်းသူတွေအတွက် အကျိုးရှိမှာဖြစ်ပေမယ့် အတိုးနှုန်းလျော့ခဲ့ရင်တော့ စုဆောင်းငွေအပ်နှံသူတွေအတွက် နစ်နာမှာပါ။ ဘဏ္ဍာရေးဝန်ကြီးကတော့ ဗြိတိန်သာ ဥရောပသမဂ္ဂက ခွဲထွက်ခဲ့ရင် ဗြိတိန်နိုင်ငံရေး၊ စီးပွားရေး အလားအလာသိပ်မကောင်းနိုင်တာမို့လို့ ဗြိတိန်ကုမ္ပဏီတွေရဲ့ ရှယ်ယာအပေါ် ရင်းနှီးမြှုပ်နှံသူတွေက အဆိုးမြင်ပြီး ဗြိတိန်ကုမ္ပဏီရဲ့ ရှယ်ယာဈေးနှုန်းတွေ ကျဆင်းနိုင်တယ်လို့ ဟောကိန်းထုတ်ပါတယ်။ စီးပွားရေး ကျွမ်းကျင်သူတွေကတော့ ဒီလိုအလွယ်အပြတ် ပုံသေပြောလို့ မဖြစ်နိုင်ပါဘူးလို့ ငြင်းချက်ထုတ်ပြီး ဗြိတိန်ခွဲထွက်ရေးသာဖြစ်လာခဲ့ရင် အကျိုးအမြတ်ပိုလာမယ့် ပြည်ပပို့ကုန်ကုမ္ပဏီကြီးတွေရဲ့ ရှယ်ယာတွေ တက်လာနိုင်သလို သွင်းကုန်အခြေပြု ကုမ္ပဏီကြီးတွေရဲ့ ရှယ်ယာတွေကျဆင်းလာနိုင်တာကို ထောက်ပြကြပါတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Hangreaves Lansdown ကတော့ ဗြိတိန်ခွဲထွက်ရေးကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ရေရှည်စီးပွားရေးအကျိုးသက်ရောက်မှုတွေ မှန်းဆဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ပေါင်ငွေကျဆင်းပြီ ဆိုကတည်းက အပန်းဖြေခရီးသွားလုပ်ငန်းတွေ ထိခိုက်တော့မှာက ပေါ်လွင်နေပါပြီ။ ဗြိတိန်နိုင်ငံသားတွေ ဗြိတိန်ပြင်ပကို အပန်းဖြေခရီးသွားမယ်ဆိုရင် ပေါင်ငွေတန်ဖိုး ကျလာတာကြောင့် ကုန်ကျစရိတ်တွေ မြင့်တက်လာတော့မှာပါ။ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက လေးယောက်၊ ရှစ်ည ပြည်ပအပန်းဖြေခရီးစဉ်တစ်ခုအတွက် ပေါင်ငွေလဲလှယ်နှုန်းကျလို့ အပိုကုန်ကျမယ့် ပေါင်ငွေက ၂၃၀ ရှိတယ်လို့ တွက်ချက်ပြပါတယ်။ ဗြိတိန်နိုင်ငံသားတွေ ဥရောပနိုင်ငံတွေမှာရှိနေတုန်း ပေးရတဲ့ တယ်လီဖုန်းပြောခနှုန်းထားဟာလည်း မြင့်လာနိုင်ပါတယ်။ ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်ရှိစဉ်ကတော့ ဥရောပသမဂ္ဂရဲ့ အများဆုံးတယ်လီဖုန်းပြောခနှုန်းထားဟာ ဒီရွှေ့ဒီမျှထက် မပိုရဘူးဆိုတဲ့ ကန့်သတ်မှုအကျိုးကို ခံစားပိုင်ခွင့်ရှိခဲ့ပေမယ့် ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်တော့ဘူးဆိုရင်တော့ ဒီခံစားခွင့်ကို ရတော့မှာမဟုတ်ပါဘူး။ ဒီတော့ ဘာကောင်းတာရှိလို့ ဗြိတိန်ပြည်သူတွေက ခွဲထွက်ရေးကို ဆန္ဒမဲပေးရွေးချယ်ရတာလဲလို့ မေးစရာဖြစ်လာပါတယ်။ ပြောရရင် “ကိုယ့်နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကိုယ်ပိုင်ရမယ်ဆိုတဲ့ အမျိုးသားရေးစိတ်ဓာတ်က အဓိကဖြစ်ပြီး ဥရောပသမဂ္ဂ စည်းမျဉ်း၊ စည်းကမ်းတွေရဲ့ ချုပ်နှောင်မှုတွေကနေ ဗြိတိန်လွတ်မြောက်ပြီဆိုရင် ကိုယ့်ခြေကိုယ့်လက် စီးပွားရှာ လှုပ်ရှားနိုင်မှာမို့လို့ ပိုတိုးတက်မယ်၊ စီးပွားရေးအရ နစ်နာမှုတွေရှိခဲ့ရင်လည်း ယာယီပေါ့” ဆိုတဲ့ သဘောထားခံယူချက်က အဓိကအကြောင်းရင်းပါ။ ဗြိတိန်ခွဲထွက်ရေးရဲ့ ရေရှည်စီးပွားရေးအကျိုးသက်ရောက်မှုဟာ အဆိုးလား၊ အကောင်းလားဆိုတာကတော့ ကြိုတင်ခန့်မှန်းဖို့ မဖြစ်နိုင်တဲ့ကိစ္စလို့ပဲ ပြောရမှာပါ။

**ဗြိတိန်ခွဲထွက်ရေးကြောင့် ဗြိတိန်စီးပွားရေးကျဆင်းခဲ့ရင် ဗြိတိန်အစိုးရရဲ့ ဘဏ္ဍာငွေစုစည်းရရှိမှုကလည်း နည်းပါးသွားမှာဖြစ်ပါတယ်။ ဗြိတိန်အစိုးရရဲ့ လျော့နည်းကျဆင်းသွားမယ့် ဘဏ္ဍာငွေပမာဏဟာ (၂၀၁၉-၂၀) မှာ ပေါင် ၂၈ ဘီလီယံကနေ ၄၄ ဘီလီယံအထိ ရှိနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။**

## နေပြည်တော်သတင်းစာတိုက်နှင့် ပုံနှိပ်တိုက်တို့မှ ပြန်လည်စွန့်လွှတ်မြေများအား တောင်သူများလက်ဝယ်သို့ ပေးအပ်

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ နေပြည်တော်သတင်းစာတိုက်နှင့် ပုံနှိပ်တိုက်တို့မှ စွန့်လွှတ်မြေများအား တောင်သူများလက်ဝယ်သို့ ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားသည်။ (ယာပုံ)

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ပြန်လည်စွန့်လွှတ်မြေများအား တောင်သူများလက်ဝယ်သို့ ပေးအပ်ခြင်း ရှင်းလင်းပြောကြားကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် ကောင်စီဝင်များ၊ တာဝန်ရှိသူများက တောင်သူများလက်ဝယ်သို့ စွန့်လွှတ်မြေလက်မှတ်များအား တစ်ဦးချင်းစီသို့ ပေးအပ်ခဲ့သည်။

ယနေ့အခမ်းအနားတွင် ပြန်လည်စွန့်လွှတ်မြေ ၂၁၁ ဒသမ ၄၆ ဧက ကို တောင်သူ ၅၄ ဦးအား ပြန်လည်ပေးအပ်ခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Mr. Nicolas Coppel အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ကူညီထောက်ပံ့မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် အသေးစားအလတ်စားလုပ်ငန်းများတွင် ကြုံတွေ့နေရသည့်အခက်အခဲများအတွက် ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် အစိုးရအချင်းချင်းသာမက နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# (၁၁)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၃၀**

(၁၁)ကြိမ်မြောက် သုတစွယ်စုံစာပေဆု(၂၀၁၄ ခုနှစ်အတွက်)ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ သုတစွယ်စုံစာပေဆု အလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းအကြောင်း၊ ဆုရွေးချယ်ပုံအဆင့်ဆင့်နှင့် ဆုရွေးချယ်ရေးအဖွဲ့၏ သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ထို့နောက် စာပေပညာရှင်ကြီးများနှင့်တာဝန်ရှိသူများက သုတစွယ်စုံ တစ်သက်တာစာပေဆုရ တက္ကသိုလ်စိန်တင်၊ 'ကျွန်တော်နဲ့ ....ဆောင်းပါးများစုစည်းမှု'စာအုပ်ဖြင့် သုတစွယ်စုံ စာပဒေသာဆုရ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ 'ဦးသန့်၊ ကုလသမဂ္ဂနှင့် အတွင်းရေးမှူးချုပ်များ'စာအုပ်ဖြင့် သုတစွယ်စုံ ရည်ညွှန်းစာပေဆုရ ထွန်းသစ်၊ 'ခါးတောင်းကိုကျော်၍ မီးပင်လယ်ကိုဖြတ်ခဲ့သူနှင့် စာပေလူကြမ်းမင်းသား'စာအုပ်ဖြင့် သုတစွယ်စုံ အတ္ထုပ္ပတ္တိစာပေဆုရဝင်းငြိမ်း၊ 'အနောက်ကမ္ဘာသို့ခရီးသွားခြင်း'စာအုပ်ဖြင့် သုတစွယ်စုံ နိုင်ငံတကာရေးရာစာပေဆုရ သတိုးလွင်(ပထဝီဝင်)၊ 'ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း(ပထမမြန်မာနိုင်ငံတော်)' စာအုပ်ဖြင့် သုတစွယ်စုံဝိဇ္ဇာစာပေဆုရ ကျော်ကျော်လှိုင် (SMART) နှင့် 'လက်ပံတောင်းတောင်၊ ကြေးစင်တောင်၊ စံပယ်တောင် မြန်မာ့ကြေးနီသတ္တုသိုက်နှင့် ကမ္ဘာ့ကြေးနီသတ္တုသိုက်များ'စာအုပ်ဖြင့် သုတစွယ်စုံအသုံးချသိပ္ပံစာပေဆုရ ပန်းတနော် ခင်မောင်မြင့်တို့အား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ စွယ်စုံမီဒီယာဂရု(ပ်)က အဖွဲ့အစည်းအသီးသီးနှင့် စာကြည့်တိုက်များသို့ ငွေကျပ် သိန်း ၁၃၀ လှူဒါန်းပြီး သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့အား မေတ္တာလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် စာပေဆုရရှိသူများကိုယ်စား ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ဦးဝင်းငြိမ်း၊ တက္ကသိုလ်စိန်တင်နှင့် အလှူလက်ခံရရှိသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

**(သတင်းစဉ်)**

# မသန်စွမ်းသူများရန်ပုံငွေပွဲ အနုပညာရှင်များ ပါဝင်ဆင်နွှဲ



မဟာယူနိုက်တက်အသင်းသားများကို တွေ့ရစဉ်

**ကျိုင်းတုံ ဇွန် ၃၀**

သရုပ်ဆောင်ထွန်းထွန်း(Example) အသင်းခေါင်းဆောင်တာဝန်ယူပြီး သူထူးစံ၊ ဖိုးချစ်၊ မိုးယံဇွန်၊ Dဖြိုး၊ ဝေလျံ၊ အောင်ဆန်းပွင့်၊ ဇော်လင်းထွန်း(မြန်မာ့လက်ရွေးစင်ဟောင်း) တို့ပါဝင်သည့် မဟာယူနိုက်တက်အသင်းနှင့် ကျိုင်းတုံမြို့ခံ ဂျိမ်းဖောရတနာအသင်းတို့သည် မသန်စွမ်းသူများ ရန်ပုံငွေပွဲအဖြစ် ဇွန် ၂၉ ရက် ညနေပိုင်းက ကျိုင်းတုံမြို့မ ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဒေသတွင်းပရိသတ်များ ကွင်းလုံးပြည့်လျှံသွားပြီး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ကြည့်ရှုသူအပေါင်းအား အနိုင်အရှုံးယှဉ်ပြိုင်မှု နောက်ဆုံးစက္ကန့်အထိ ရသပေးနိုင်သော ပြိုင်ပွဲဖြစ်ခဲ့သည်။

မြို့ခံအသင်းသည် ပွဲစသည်နှင့် တိုက်စစ်ဆင်ခဲ့ပြီး ခြောက်မိနစ်တွင် နံပါတ် ၁၀ ရာထွန်းက ဦးဆောင်ဂိုး သွင်းခဲ့သည်။ ဆက်လက်၍ ဖိအားပေးသော်လည်း ခုနစ်မိနစ်တွင် မဟာယူနိုက်တက်အသင်း တန်ပြန်တိုက်စစ်ရရှိ၍ ဖိုးချစ်က ချေပဂိုးသွင်းယူကာ ပထမပိုင်းမှာပင် အပြန်အလှန်ဖြစ်သွားခဲ့သည်။

"ချစ်ကြည်ရေးရန်ပုံငွေပွဲဆိုပေမယ့် တစ်ဖက်အသင်းက မနားတမ်းတိုက်စစ်ဆင်တယ်၊ အဲ့ဒီမှာ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်တွေနဲ့ ယှဉ်ပြိုင်တဲ့ပွဲ ဖြစ်သွားတယ်။ ကျွန်တော်တို့အသင်းဟာ မနေ့ကတွဲတေးမှာ တစ်ပွဲကန်ခဲ့ပြီး ခရီးရှည်ဆက်လာရတော့ ပင်ပန်းမှုတွေရှိနေပါတယ်"ဟု မဟာယူနိုက်တက်အသင်း၏ အဓိကကစားသမား လက်ရွေးစင်ဟောင်း ဇော်လင်းထွန်းက ပထမပိုင်းပွဲအပြီးတွင် ပြောသည်။

"ကျွန်တော်တို့က ဘောလုံးသမားစစ်စစ် မဟုတ်ပါဘူး။ အဓိကရည်ရွယ်ချက်က ပရိသတ်နဲ့တွေ့ချင်တာပါ။ ပရိသတ်ရဲ့အားပေးမှုကလည်း အားရစရာပါ"ဟု အသင်းခေါင်းဆောင် ထွန်းထွန်းက ပြောသည်။

ပွဲပြီးချိန်အထိ တစ်ဂိုးစီဖြစ်နေ၍ အချိန်ပိုမကစားဘဲ ပင်နယ်တီအဆုံးအဖြတ်အဖြစ် တစ်ဖက်ငါးလုံးစီ သွင်းယူရာ ဂျိမ်းဖောအသင်းကန်သွင်းသည့် နောက်ဆုံးတစ်လုံးအထိ စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ပြီး ဂျိမ်းဖောရတနာအသင်းက လေးဂိုးဝင်အောင်သွင်းနိုင်ပြီး မဟာယူနိုက်တက်က သုံးဂိုးသာသွင်းယူနိုင်၍ ပွဲချိန်နှင့် ပင်နယ်တီစုစုပေါင်း ဂျိမ်းဖောရတနာအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ဘောလုံးပွဲသည် ပရိသတ်များစံချိန်တင်အားပေးသည့်ပွဲဖြစ်ကာ ပင်နယ်တီအဆုံးအဖြတ်ကန်ချိန်တွင် ဂိုးရေိယာ ၁၈ ကိုက်ထိပ်ခန့်အထိ ပရိသတ်များ ဝင်ရောက်အားပေးကြသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ဆီဆိုင်မြို့တွင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဖွင့်

**တောင်ကြီး ဇွန် ၃၀**

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဘန်းယဉ်၊ နောင်မွန်၊ ခုတ်နမ့်၊ ကျောင်းချယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ၂၄ နာရီမီးလင်းရေးဖွင့်ပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ကွန်ကောင်းမှူးရွာ၊ နောင်မွန်ကျေးရွာ အုပ်စု၌ ကျင်းပသည်။

ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ မီးလင်းရေးဖွင့်ပွဲကို ရှမ်းပြည်နယ် လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ၂၄ နာရီမီးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာနှင့် နောင်မွန်ကျေးရွာအနီး ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ပြည်ထောင်စု အစိုးရ၏ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာငွေမှ ၃၃/၁၁ ကေဗွီ(၅ အမ်ဗွီအေ) ဓာတ်အားခွဲရုံအတွက် ငွေကျပ် ၅၄ ဒသမ ၀၁၅ သန်းနှင့် ဆိုက်ခေါင်-ဘန်းယဉ် ၃၃ ကေဗွီ လိုင်း ၁၂ မိုင်အတွက် ငွေကျပ် ၄၁၁ ဒသမ ၃၉၆ သန်း စုစုပေါင်း ငွေကျပ် ၄၆၅ ဒသမ ၄၁၁ သန်း၊ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေမှ ၁၁ ကေဗွီဓာတ်အားလိုင်း ခြောက်မိုင် နှင့် ကျေးရွာပြည်သူမှ ၁၁ ကေဗွီလိုင်း ၁၂ ဒသမ ၈ မိုင်၊ ၄၀၀ ဗို့လိုင်း ၁၁ မိုင်နှင့် ၃၁၅ ကေဗွီအေခွဲရုံ သုံးရုံ၊ ၂၀၀ ကေဗွီအေ သုံးရုံ၊ ၁၀၀ကေဗွီအေခွဲရုံ တစ်ရုံအတွက် ငွေကျပ် ၄၆၃ ဒသမ ၁ သန်း အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က နောင်မွန်နှင့် ဘန်းယဉ်ကျေးရွာများကို ဒီဇယ်ဓာတ်အားပေးစက် ဖြင့် တစ်ညလျှင် ၂ နာရီ ၃ နာရီခန့် မီးလင်းခဲ့ရပြီး ဘန်းယဉ်ကျေးရွာတွင် အိမ်ခြေ ၈၂၀ လူဦးရေ ၅၇၄၅ ဦး၊ နောင်မွန်တွင် အိမ်ခြေ ၈၇၀ လူဦးရေ ၄၇၅၀၊ ကျောင်းချယ်ကျေးရွာတွင် အိမ်ခြေ ၁၆၅ လူဦးရေ ၇၅၀ နှင့် ခုတ်နမ့်ကျေးရွာတွင် အိမ်ခြေ ၈၀ လူဦးရေ ၄၈၀ တို့ကို လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေကောင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားကာ ဒေသခံ ရပ်မိရပ်ဖ ဦးစံထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**



**မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ထန်တလန်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ဇွန် ၂၉ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိခိုင်နှင့် အဖွဲ့ဝင်များက စိန်ပန်းပင်နှင့် ယူကလစ်ပင်များ စိုက်ပျိုးကြစဉ်**

(မြို့နယ် ပြန်/ဆက်)

# ယနေ့အထိ ယူရို ၁၅၇ ဒသမ ၄၇ သန်း တန်ဖိုးရှိ ကျောက်စိမ်းအတွဲများ ရောင်းချရ

**နေပြည်တော် ဇွန် ၃၀**

(၅၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်တွင် ကျင်းပလျက်ရှိရာ ယနေ့ ကျောက်စိမ်းအတွဲ ၆၈၄ တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့် ပြပွဲရက်များတွင် ပုလဲရောင်းချမှုအားဖြင့် ယူရို ၃ ဒသမ ၁၂ သန်း၊ ကျောက်မျက်ရောင်းချရမှုအားဖြင့် ၃ ဒသမ ၂၉ သန်းရှိကြောင်း သိရပြီး ဇွန် ၂၈ ရက်မှစ၍ ကျောက်စိမ်းအတွဲများ ကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချလျက်ရှိရာ ယနေ့အထိ ယူရို ၁၅၇ ဒသမ ၄၇ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲများ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ရတနာကုန်သည်များအပြင် ပြည်ပရတနာကုန်သည်များလည်း လာရောက်ကြောင်း သိရပြီး တရုတ်၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ ဩစတြီးယားနှင့် အင်ဒိုနီးရှား အစရှိသည့် နိုင်ငံများမှ ရတနာကုန်သည်များ လာရောက်ကြောင်း သိရသည်။

ထိုသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နှစ်စဉ် မပျက်မကွက်တက်ရောက်သည့် ပြည်ပရတနာကုန်သည်များကို ပြပွဲရက်အတွင်း ဂုဏ်ပြုမှတ်တမ်း ပေးအပ်ချီးမြှင့်လေ့ရှိရာ ယခု (၅၃) ကြိမ်မြောက် ရတနာပြပွဲထိ ၄၅ ကြိမ်၊ ၃၅ ကြိမ်၊ ၂၅ ကြိမ်နှင့် အကြိမ် ၂၀ အထိ ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည် စုစုပေါင်း ငါးဦးအား ယမန်နေ့က ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

*၁ကျောဖုံးမှ*

စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စစ်တွေမြို့နယ်တွင် ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ အရှည် ပေ ၂၀ ရှိ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်း၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် အရှည် ငါးမိုင်ရှိ ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်း၊ အရှည် ငါးပေရှိ သံကူကွန်ကရစ်တံတား တစ်စင်းနှင့် အရှည် ၁၀ ပေရှိ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်း၊ ပေါက်တောမြို့နယ်တွင် အရှည်နှစ်မိုင်ရှိ ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်း၊ သံကူကွန်ကရစ်တံတားလေးစင်း တည်ဆောက်ခြင်း၊ ရသေ့တောင်မြို့နယ်တွင် အရှည် လေးမိုင်ရှိ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်း၊ ရေပြွန် ၁၀ စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းက ပြောသည်။

# လူပုဂ္ဂိုလ်အမည်များဖြင့် မြေနေရာချထားပေးခဲ့မှုများ ပြန်လည်စိစစ်၍ ဖျက်သိမ်းရန် မန္တလေးလွှတ်တော်တွင် အဆိုတင်သွင်း




**မန္တလေး ဇွန် ၃၀**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အထူးအစည်းအဝေး ၁/၂၀၁၆ ကို ဇွန် ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ အစိုးရအကူးအပြောင်းကာလတွင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေကွက်များနှင့် ပလပ်မြေများအား လူပုဂ္ဂိုလ်အမည်ဖြင့် ချထားပေးခြင်း၊ မြေငှားဂရမ် ထုတ်ပေးခြင်းများကို ပြန်လည်စိစစ်၍ ဖျက်သိမ်းပေးရန် တိုက်တွန်းသည့် အဆိုတင်သွင်းခဲ့ကြောင်း သိရသည်။

ယင်းလွှတ်တော်တွင် ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက အဆိုတင်သွင်းခဲ့ရာ လွှတ်တော်တွင် ဆွေးနွေးရန် ကန့်ကွက်သူမရှိ လက်ခံခဲ့သည်။

“ပြည်သူတွေရဲ့အသံကို နားထောင်ခဲ့ပြီးမှ ဒီအဆိုကို တင်သွင်းတာပါ။ ဒီမြေတွေကို ဥပဒေနဲ့အညီစိစစ်ပြီး မသုံးတော့တဲ့မြေကွက်တွေမှာ အားကစားကွင်းတွေ၊ ဆေးရုံ၊ အိမ်ရာတွေလို အများနဲ့ဆိုင်တာ လုပ်ပေးသင့်တယ်။ လုပ်ပိုင်ခွင့်ကတော့အစိုးရအဖွဲ့ပေါ့။ ဥပဒေနဲ့အညီ အစိုးရအဖွဲ့က ဆောင်ရွက်ရမှာဖြစ်တယ်” ဟု အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ပြောသည်။

စည်ပင်သာယာနယ်နိမိတ်အတွင်း ၁၉၉၂ ခုနှစ် မြို့ကွက်သစ်များဖော်ထုတ်ခဲ့စဉ်က ပညာရေး၊ ကျန်းမာရေး၊ ဈေးနှင့် ရုံးများတည်ဆောက်ရန် သတ်မှတ်ခဲ့သည့် မြေနေရာများ၊ ပလပ်မြေများအား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လက လူပုဂ္ဂိုလ်အမည်များဖြင့် မြေနေရာချထားပေးမှုများတွေ့ရကြောင်း၊ အမရပူရမြို့နယ်တွင် ၃ ဒသမ ၁၉ ဧက၊ ပုသိမ်ကြီးမြို့နယ်တွင် မြေယာပုံစံ၃၀(ခ) ၅၇၄ ဒသမ ၄၁ ဧကနှင့် ပုံစံ ၃၀(က)၁၆ ဒသမ ၃၈ ဧက၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မြေဧကအကျဉ်း ၃၇ ဒသမ ၀၂ ဧကနှင့် အကျယ် ၁၄၄ ဒသမ ၆၄ ဧက၊ ချမ်းမြသာစည်မြို့နယ်တွင် ၃၉ ဒသမ ၂၄ ဧကတို့ဖြစ်ကြောင်း သိရသည်။ “ဒေသခံတွေနဲ့ မြေယာစီမံခန့်ခွဲမှုအဖွဲ့ထံက အချက်အလက်တွေကောက်ယူခဲ့တာပါ။ မြို့ပြနဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဌာနက မြေရှိရင် အိမ်ရာတွေဆောက်ဖို့ အစီအစဉ်ရှိပေမယ့် မြေမရှိလို့ အခက်တွေ့နေတယ်။ တန်ဖိုးနည်းအိမ်ရာတွေဆောက်ပြီးရောင်းရင် ဆင်းရဲမှုလျှော့ချနိုင်မည်ဖြစ်ပြီး လူနေမှုမြင့်မားလာမယ်။ တချို့ဝန်ထမ်းတွေဆို အပြင်မှာ အိမ်ငှားနေကြရတာ” ဟု ဆက်လက်ပြောကြားသည်။

တိုးတက်နေသည့် လူဦးရေကို မှန်းဆ၍ အများနှင့်ဆိုင်သောကိစ္စများနှင့် စီမံကိန်းများအတွက်အသုံးပြုရန် မြေကွက်များချထားခဲ့ရာတွင် ပွင့်လင်းမြင်သာ ထုတ်ပြန်မှုမရှိခဲ့သည့်အပြင် လူတစ်ဦးတစ်ယောက် အမည်များဖြင့် ချထားပေးခြင်းကြောင့် မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်နေသဖြင့် လက်ရှိအစိုးရသည် ဖြေရှင်းရခက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာစီးပွားရေးလုပ်ငန်းရှင်များ အာဆီယံစီးပွားရေးဆိုင်ရာနယ်ပယ်တွင် စီးပွားရေးဆိုင်ရာဆုများရယူခြင်းဖြင့် ဦးမော့နိုင်ခဲ့ပြီ

**သတင်း- မောင်စိန်လွင်**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဇွန် ၃၀**

အာဆီယံဒေသတွင်းနိုင်ငံများတွင် နှစ်စဉ်ရွေးချယ်ချီးမြှင့်ပေးခဲ့သော Asean Business Award ၂၀၁၅ ချီးမြှင့်ပွဲကို မလေးရှားနိုင်ငံကွာလာလမ်ပူမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အာဆီယံဒေသတွင်းနိုင်ငံများအကြား Asean Business Award 2015 ဆုလေးခုရရှိခဲ့၍ အိမ်နီးချင်းစီးပွားရေး လုပ်ငန်းရှင်များအကြား မြန်မာ့စီးပွားရေးလုပ်ငန်းများအရှိန်မြင့်ကြီးပွားတိုးတက် ဦးမော့ဝင့်ကြွားနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ သိရသည်။

“ကျွန်တော်တို့နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ ၂၀၁၄ ခုနှစ်တုန်းက ပထမဆုံးအကြိမ် ဝင်ပြိုင်ခဲ့တယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မလေးရှားနိုင်ငံကွာလာလမ်ပူမှာ လုပ်တော့ ဒုတိယအကြိမ် ဝင်ပြိုင်တာ စုစုပေါင်းAsean Business Award ဆုလေးဆု ရခဲ့တယ်။ အဲဒီလို ရခဲ့လို့ အာဆီယံနိုင်ငံတွင်း စီးပွားရေးဆိုင်ရာနယ်ပယ်မှာ တိုးတက်ဦးမော့လာနိုင်ခဲ့တယ်လို့ပြောရမယ်”ဟု Asean Business Award 2015 ရွေးချယ်ပွဲတွင် ဒိုင်အဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Ballroom ၌ ဇွန် ၂၈ ရက် ည ၇ နာရီက ကျင်းပသည့် Asean Business Award 2015 ဆုရှင်များအား ဂုဏ်ပြုညစာစားပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ Asean Business Award 2015 ဆု ရွေးချယ်ချီးမြှင့်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီလုပ်ငန်းရှင်ပေါင်း ၆၀ နီးပါး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် Woman Entrepreneur ဆု၊ Young Entrepreneur ဆု၊ IT Industry Award ဆုနှင့် Tourism Industry Award ဆုတို့ကို ရရှိခဲ့သည်။ ယင်း Asean Business Award 2015 ဆုများထဲမှ Woman Entrepreneur ဆုကို KBZ Group က လည်းကောင်း၊ Young Entrepreneur ဆုကို မြန်မာ့သြဘာကလည်းကောင်း၊ IT Industry Award ဆုကို MIT နှင့် Tourism Industry Award ဆုကို Myanmar Voyages တို့က လည်းကောင်း ရရှိခဲ့ခြင်းဖြစ်သည်။

Asean Business Award ရွေးချယ်ချီးမြှင့်ပွဲကို အာဆီယံဒေသတွင်း



နိုင်ငံများ၌ ၂၀၀၇ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ်ကျင်းပခဲ့သော ၂၀၁၄ ခုနှစ်တွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ အာဆီယံဒေသတွင်း နိုင်ငံများအနေဖြင့် ယင်းကဲ့သို့ Asean Business Award ရွေးချယ်ချီးမြှင့်ရသည့် ရည်ရွယ်ချက်မှာ အာဆီယံဒေသတွင်းစီးပွားရေးလုပ်ငန်းများအား မီးမောင်းထိုးပြရန်၊ အာဆီယံဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များအား ဘက်ပေါင်းစုံမှ မြှင့်တင်ပေးရန်နှင့် အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုချိတ်ဆက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေး လုပ်ငန်းများ အာဆီယံဒေသတွင်း ဦးမော့နိုင်ခဲ့သည့် Asean Business Award 2015 ဆုရှင်များအား ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယက၊ KBZ Group ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နည်းပညာလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ Asean Business Award ဆုရွေးချယ်ချီးမြှင့်မှုကို အာဆီယံဒေသတွင်းနိုင်ငံများအကြား နှစ်စဉ်နိုင်ငံအလိုက် အလှည့်ကျကျင်းပခဲ့ရာ ယခုနှစ် စက်တင်ဘာလတွင်လည်း လာအိုနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# လူထုဗဟိုပြုစီမံကိန်းကို မြို့နယ်ပေါင်း ၆၃ ခုအထိ တိုးချဲ့ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၃၀**

လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃ ခုနှစ်မှစ၍ ယနေ့တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် သုံးနှစ်တာကာလကျော်ရှိခဲ့ပြီ ဖြစ်သည်။ စီမံကိန်းကို မြို့နယ်သုံးမြို့နယ်မှ စတင်ခဲ့ကာ ယခု ၂၇ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ စီမံကိန်းစတင်ချိန်တွင် ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေဖြင့်စတင်ခဲ့ပြီး ယခုအခါ စီမံကိန်း၏အောင်မြင်မှုများကြောင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့ငွေအပြင် အီတလီချေးငွေများ၊ နိုင်ငံတော်ထည့်ဝင်ငွေများ၊ ကမ္ဘာ့ဘဏ်၏ ချေးငွေများပါ ပါဝင်လာသည့်အတွက် စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၃၂ သန်းဖြင့် မြို့နယ်ပေါင်း ၆၃ မြို့နယ်အထိ တိုးချဲ့၍ ၂၀၂၁ ခုနှစ်အထိ လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း(CDD) သုံးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာတွင် ယခုလက်ရှိ၌ စီမံကိန်းမြို့နယ်ပေါင်း ၂၇ မြို့နယ်၊ ကျေးရွာအုပ်စုပေါင်း ၁၂၁၀၊ ကျေးရွာပေါင်း ၅၄၂၇ ရွာ၊ စီမံကိန်း လုပ်ငန်းခွဲပေါင်း ၃၆၂၂ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ပြည်ထောင်စုအဆင့် သက်ဆိုင်သူအဖွဲ့အစည်းများပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနား (Union MSR)ကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းသုံးသပ်ဆွေးနွေးပွဲမတိုင်မီ မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲများကို အပြီးလုပ်ဆောင်သွားရမည်ဖြစ်ပြီး မြို့နယ်အဆင့်ဆွေးနွေးပွဲများ ကျင်းပရန်အတွက် ၆၀ ရာခိုင်နှုန်း Social Audit ပြီးရန်လိုအပ်ကြောင်း၊ အထူးသဖြင့် အစည်းအဝေးတွင် မိုးတွင်းချိန်ခါစီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်အခက်အခဲများအတွက် ကြိုတင်အဖြေရှာသုံးသပ်ဖော်ထုတ်သွားရန်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကမ္ဘာ့ဘဏ်၊ ပြည်ထောင်စုအဆင့် နည်းပညာအကြံပေးအဖွဲ့၊ INGO/NGO၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီမံကိန်းမြို့နယ်တာဝန်ခံများက မိမိတို့ကဏ္ဍအလိုက်ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မှတ်သား ဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၃၀**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၆ ဒသမ ၉၃ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ဂွမြို့နှင့် ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၉၅ လက်မစီ၊ ပုသိမ်ကြီး(စိုက်ပျိုးရေး)တွင် ၂ ဒသမ ၄၅ လက်မနှင့် သထုံမြို့တွင် ၂ ဒသမ ၁၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**(မိုး/ဇလ)**

# အောင်လံ၌ မီးကြိုးလိုင်းများနှင့် ထရန်စဖော်မာများတိုးချဲ့တပ်ဆင်

**အောင်လံ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုလျော့နည်းရေးတို့အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေအကူအညီဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် အကျိုးဆောင်ကုမ္ပဏီများပူးပေါင်းစီစဉ်ဆောင်ရွက်သည့် မီးကြိုးလိုင်းများနှင့် ထရန်စဖော်မာများ တိုးချဲ့ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို ဇွန် ၂၉ ရက် မွန်းလွဲ ၃ နာရီက ရွာထောင်(အေးချမ်းဖြိုး)ရပ်ကွက်တွင် စတင်တပ်ဆင်လျက်ရှိရာ ထရန်စဖေါ်မာတပ်ဆင်နေမှုအား မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာ ဦးမောင်ညိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြတ်မင်းထွန်းတို့က လိုက်လံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယင်းတပ်ဆင်မှုကြောင့် ယခင်က အောင်လံမြို့နယ် ဓာတ်အားခွဲရုံသို့ အဝင် ၆၆၀၀၀ ဗို့၊ ၆၆၀၀ ဗို့ နှင့် အထွက် ၆၆၀၀ ဗို့၊ ၄၀၀ ဗို့ အထွက်လိုင်းအစား လျှပ်စစ်မီးအား ပိုမိုပြည့်ဝကောင်းမွန်စေသည့် အဝင် ၆၆၀၀၀ ဗို့၊ ၁၁၀၀၀ ဗို့ နှင့် အထွက် ၁၁၀၀၀ ဗို့၊ ၄၀၀ ဗို့ အထွက် မီးကြိုးလိုင်းများနှင့် ထရန်စဖော်မာများအား ပြောင်းလဲတပ်ဆင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး အောင်လံမြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံ အကျုံးဝင်နယ်မြေတွင် လက်ရှိထရန်စဖော်မာ ၂၃ လုံးဖြင့်သာ အသုံးပြုလျက်ရှိရာမှ အဝင်မီးလိုင်းနှင့် ကိုက်ညီသည့် ၂၀၀ ကေဗွီအေ ၇၇ လုံးကိုတပ်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ၄၄၀ ဗို့လိုင်း ACSR ဒန်ကြိုးများနှင့် ဆိုဒ်သေးကြေးကြိုးများအစား ABC ကာဗာပါသောကြိုးများဖြင့် တပ်ဆင်ပေးသွားမည်ဖြစ်သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အားကို အပြည့်အဝ ဘေးကင်းစွာဖြင့် သုံးစွဲနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# နိုင်ငံတကာစျေးကွက် ယှဉ်ပြိုင်မည့် အရည်အသွေးကောင်းအထည်အလိပ်များထုတ်လုပ်




**နေပြည်တော် ဇွန် ၃၀**

စက်မှုဝန်ကြီးဌာန အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Apparel Testing & Research Institute (KATRI) တို့ပူးပေါင်း၍ ချည်ထည်နှင့်သားရေလုပ်ငန်းစစ်ဆေးရေးသင်တန်းနှင့် ဆွေးနွေးပွဲ (Textile Testing and Leather Testing Seminar) ကို ဇွန် ၃၀ ရက်က နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အထည်အလိပ်ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာစျေးကွက် ယှဉ်ပြိုင်နိုင်မည့် အရည်အသွေးကောင်းမွန်သော အထည်အလိပ်ပို့ကုန်များ ထုတ်လုပ်နိုင်ရန် စနစ်တကျလေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်သူများနှင့် နိုင်ငံတကာစံချိန်စံညွှန်းမီ ခေတ်မီစက်နှင့်စက်ပစ္စည်းကိရိယာများဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ကိုရီးယားနိုင်ငံ KATRI အနေဖြင့် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် နှစ်နိုင်ငံအကြား နှစ်ဦးနှစ်ဖက် အကျိုးအမြတ်ဖြစ်ထွန်းရေးကိုရှေးရှုပြီး အမှတ်(၃)စက်မှုလုပ်ငန်းနှင့် တွဲဖက်၍ DCTT-KATRI JVC Ltd. အဖြစ် မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်ပြီးပါက ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ရေရှည်ပူးပေါင်းလုပ်ဆောင်မှုဖြင့် အောင်မြင်နိုင်မည်ဖြစ်ကြောင်း KATRI ၏ စီမံကိန်းတာဝန်ခံ (Leather) Dr Eun Ho Shin က ပြောကြားသည်။

ယခုပြုလုပ်သည့် တတိယအကြိမ် ချည်ထည်နှင့်သားရေလုပ်ငန်း စစ်ဆေးရေးသင်တန်းဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန လက်အောက်ရှိ အထည်ချုပ်စက်ရုံများနှင့် ပုဂ္ဂလိကအထည်ချုပ်စက်ရုံများမှ သင်တန်းသား ၅၆ ဦး တက်ရောက်ဆွေးနွေးသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းမှာ သုံးနှစ်ကြာမည်ဟု သိရသည်။

**(သတင်းစဉ်)**

## ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေးထိုးနှံခြင်း မြို့နယ်အဆင့် ရှင်းလင်း

**ဘူးသီးတောင် ဇွန် ၃၀**

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (PCV) ထည့်သွင်းထိုးနှံခြင်း မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၃၀ ရက်က ဘူးသီးတောင်မြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်က ကလေးသူငယ်များအား ကူးစက်ရောဂါပိုး ၁၀ မျိုးကို ကာကွယ်ပေးနိုင်ရန်၊ ယခုဆေးထိုးပေးမည့် ပြင်းထန်အဆုတ်ရောင်ရောဂါသည် ဦးနှောက်အမြှေးပါးရောင်ရောဂါကိုပါ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ဇူလိုင် ၁ ရက်မှစတင်၍ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းထွန်းကျော်က အဆုတ်ရောင်ရောဂါအကြောင်းနှင့် ဦးနှောက်အမြှေးပါးရောင်ရောဂါအကြောင်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ ကဏန်းပျော့မွေးမြူခြင်းလုပ်ငန်း

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-မောင်ချစ်ကြည်**

"ကဏန်းပျော့မွေးတယ်ဆိုတာ စျေးကောင်းရတာတော့မှန်ပါတယ်။ ဒါပေမယ့် အရင်းအနှီးများတယ်။ ကျွမ်းကျင်လုပ်သားရှားတယ်။ နည်းပညာနဲ့ အတွေ့အကြုံလည်းလိုအပ်တယ်။ ရာသီဥတုလည်း မှန်ဖို့လိုအပ်ပါတယ်"ဟု ကျောက်ဖြူမြို့မှ ကဏန်းပျော့အအေးခံစက်ရုံမှ မန်နေဂျာ ကိုအောင်နိုင်လင်းက ပြောသည်။

ကဏန်းပျော့မွေးမြူခြင်း လုပ်ငန်းကို နှစ်ပေါင်း ၂၀ မျှ အတွေ့အကြုံရှိသောသူတစ်ဦးဖြစ်သည့်အတွက် ကျောက်ဖြူမြို့တွင် ကဏန်းပျော့မွေးမြူခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေခြင်းဖြစ်သည်။ ကျောက်ဖြူမြို့တွင် ကဏန်းပျော့မွေးမြူသူလေးဦးခန့်ရှိပြီး အခြေအနေပေးပါက စီးပွားဖြစ်လုပ်ကိုင်မည့်သူလည်း များစွာရှိနေသည်။

ကဏန်းပျော့မွေးမြူရာတွင် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင် ရွှံ့ကဏန်းကိုသာမွေးမြူကြခြင်းဖြစ်သည်။ ရွှံ့ကဏန်းဆိုသည်မှာ ဒီရေတောများ၊ ရေငန်ဝင်ရာနေရာဒေသများတွင် ကျက်စားလေ့ရှိပြီး ကုန်းတစ်ဝက်၊ ရေတစ်ဝက် အခြေအနေမျိုးတွင် လှုပ်ရှားရှင်သန်သော ကဏန်းမျိုးဖြစ်ကြောင်း သိရသည်။

"ကဏန်းပျော့မွေးတာက ရေချိုမှာမွေးလို့မရဘူး။ ရေငန်မှာသာ မွေးလို့ရတာဖြစ်ပြီး လေမတိုက်တဲ့နေရာနဲ့ ရေမကြီးတဲ့နေရာမျိုးတွေမှာ မွေးမြူလို့မရနိုင်ပါဘူး"ဟု ကိုအောင်နိုင်လင်းက ပြောသည်။ ကဏန်းပျော့မွေးမြူရာတွင် နေရာဒေသကို ဦးစွာလေ့လာရပြီး စနစ်တကျတွက်ချက်ကာ ရွေးချယ်မွေးမြူမှသာ ထိခိုက်ဆုံးရှုံးမှုနည်းပါးမည်ဖြစ်သည်။

ကျောက်ဖြူမြို့နယ်တွင် မြစ်ချောင်းပေါများပြီး ရေငန်ဝင်ဒီရေတောများလည်း ပေါက်ရောက်လျက်ရှိရာ ကဏန်းပျော့မွေးမြူရာတွင် အခြေခံအကြောင်းတရားများပြည့်စုံမှုရှိနေသည်။ လက်ရှိအချိန်တွင် ကျောက်ဖြူမြို့နယ် အောင်စေတီရွာအနီးချောင်းအတွင်း ကဏန်းပျော့မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အထိုက်အလျောက်အောင်မြင်မှုရရှိနေသည်။

ကဏန်းပျော့ကို ရေချိုတွင်မွေးမြူ၍မရဘဲ လေအလွန်မတိုက်၊ ရေအလွန်မကြီးသည့် ရေငန်ချောင်းတွင် ပီဗွီစီပိုက်များဖြင့် ဖောင်ဆင်ရမည်ဖြစ်သည်။ ချောင်းနှင့်ကမ်းစပ်တွင် တံတားထိုးရမည်ဖြစ်ပြီး ယင်းတံတားမှာလည်း ဂျက်တီပုံစံပြုလုပ်ရမည်ဖြစ်ကာ ရေထဲတွင်ဖော့တုံးဖြင့် ပေါ်လိုက်မြုပ်လိုက်ဖြစ်နေအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ထိုသို့ချောင်းတွင်မမွေးဘဲ ကန်တူး၍မွေးပါက မြေစျေးကြီးမြင့်မှုရှိသည့် အခက်အခဲရှိသည်။ ရေသေဖြစ်၍ တံတားကို ပုံသေဆောက်လုပ်ကာ ပီဗွီစီပိုက်နှင့်ဖောင်ဆင်ပြီး ပလတ်စတစ်ဖြင့်ပြုလုပ်ထားသော၊ ကဏန်းတစ်ကောင်ချင်းထည့်၍ရသည့် အရွယ်အစားရှိသော ခြင်းငယ်အတွင်း ရွှံ့ကဏန်းကိုထည့်၍ မွေးမြူခြင်းဖြစ်သည်။ ကဏန်းပျော့မွေးရာတွင် ပီဗွီစီပိုက်အရွယ်အစားမှာ တစ်လက်မနှင့် တစ်လက်မခွဲပိုက်များကိုအသုံးပြုကာ တည်ဆောက်ရခြင်းဖြစ်သည်။



ကဏန်းပျော့မွေးမြူရာတွင် ဂျက်တီတစ်စင်း၌ တစ်ဖောင်လုံးတွင် ခြင်းအရေအတွက် ၁၀၀၀၀ နှင့် ၂၀၀၀၀ အကြားရှိပြီး ဂျက်တီရှည်ပါက ကဏန်းပျော့ခြင်းပေါင်း ၁၀၀၀၀ နှင့် ၂၀၀၀၀ အကြားထည့်သွင်းတည်ဆောက် မွေးမြူရခြင်းဖြစ်သည်။ သို့သော်လည်း ဂျက်တီရှည်ပါက ကျိုးတတ်ကြောင်း သိရသည်။

ကဏန်းပျော့မွေးမြူရာတွင် ဒီရေတောများတွင်နေထိုင်ကျက်စားသော ရွှံ့ကဏန်းအမများ၊ အထီးမဟုတ်၊ အမ မဟုတ် (ဂျယ်) ကဏန်းများကို သာစုဆောင်းဝယ်ယူရသည်။ ကဏန်းအမများတွင်လည်း ပင်လယ်အတွင်းနှင့်ရေပြင်တို့၌ မိတ်လိုက်ခဲ့ပါက အရေခွံမလဲတတ်ကြကြောင်း သိရသည်။ အထီး၊ အမခွဲခြားသိရှိနိုင်ရန် ကဏန်းများကိုဝယ်ယူသည့်အခါ ကဏန်းကိုပက်လက်လှန်ပြီး မိတ်လိုက်အင်္ဂါအဖွဲ့အစည်းကို ကြည့်ရှုစစ်ဆေးရသည်။ မိတ်လိုက်အင်္ဂါအဖွဲ့အစည်းသည် အချွန်ဖြစ်နေလျှင် ကဏန်းအထီးဖြစ်ပြီး အဝိုင်းဆိုလျှင် အမဖြစ်ကာ အဝိုင်းမကျ၊ အချွန်မကျပုံသဏ္ဌာန်ရှိလျှင် အထီးမဟုတ်၊ အမမဟုတ် (ဂျယ်)ဖြစ်ကြောင်း ခွဲခြားနိုင်လေသည်။ ဂျယ်အမျိုးအစားကဏန်းသည် အရေခွံလဲပါက အမဖြစ်သွားကြောင်း သိရသည်။

ကဏန်းရွေးချယ်ပြီးပါက တစ်ကောင်ချင်းကို ပလတ်စတစ်ခြင်းငယ်လေးများအတွင်း ထည့်ကာ ဖောင်လိုက်ချောင်းရေနှင့် ရေပြင်တွင် ပေါလောပေါ်အောင် မျှောချထားရသည်။

တစ်ကောင်ချင်းစီကို အစာကျွေးရာတွင် စျေးသက်သာသောငါးများကို ဝယ်ယူကာ ဂရမ် ၂၀ နှင့် ဂရမ် ၄၀ အရွယ်အစားရှိသော အတုံးကလေးများရအောင် ဓားဖြင့်ခုတ်ထစ်ကာ တစ်ရက်ခြားအစာကျွေးရသည်။ လတ်ဆတ်သောငါးများကိုသာရွေးချယ်ဝယ်ယူကျွေးမွေးသင့်ပြီး မလတ်ဆတ်ပါက ကဏန်းများ မစားသလို ရောဂါလည်းရတတ်သည်ဖြစ်ရာ သတိပြုရွေးချယ်ဝယ်ယူရသည်။ ကျောက်ဖြူမြို့နယ် အောင်စေတီကျေးရွာအနီး ကဏန်းပျော့မွေးမြူရေးစခန်း၌ ကဏန်းပျော့မွေးမြူထားသောဖောင်များကို တစ်မျှော်တစ်ခေါ်တွေ့ရပြီး အလုပ်သမားများက အစာကျွေးခြင်း၊ နှစ်နာရီခြားတစ်ခါခြင်းများကို ဆွဲတင်ကာအရေခွံလဲ၊ မလဲစစ်ဆေးခြင်းများ ပြုလုပ်နေကြသည်ကို မြင်တွေ့ရသည်။

အစာကျွေးခြင်း၊ ကဏန်းခြင်းများ ဖော်ယူစစ်ဆေးခြင်းများကို နှစ်နာရီခြားတစ်ကြိမ် မပြတ်တမ်းစစ်ဆေးကာ ကဏန်းများအရေခွံလဲ၊ မလဲ စောင့်ကြည့်ရသဖြင့် ကျွမ်းကျင်သော အလုပ်သမားများ၊ အလုပ်ချိန်ကိုဂရုစိုက်ပြီး ထကြွနိုးကြားမှုရှိသော အလုပ်သမားများရရှိရန် လိုအပ်သည်။ ရခိုင်ပြည်နယ်တွင် ကဏန်းပျော့မွေးမြူရေးကျွမ်းကျင်အလုပ်သမားရှားပါးမှု အခက်အခဲလည်းရှိနေသည်။

ဂျက်တီအလိုက်ဆွဲတင်ကာ ကဏန်းများအရေခွံလဲ၊ မလဲစစ်ဆေးကြည့်ရှုရသည်။ အရေခွံလဲပြီဆိုလျှင် ဂျက်တီကိုဆွဲတင်ကာ ကဏန်းများကို ရေချိုနှင့်ဆေးပြီး ရေချိုတွင် မိနစ် ၃၀ ခန့်စိမ်ထားရပြီး ကဏန်းပျော့ထည့်သောခြင်းထဲပြောင်းထည့်ကာ လေအလွန်တိုက်မခံရအောင် ရေစိုအဝတ်ဖြင့် ခြင်းကိုဖုံးအုပ်ထားရသည်။ လေတိုက်ခံရပါက ကဏန်းအရေခွံများမာသွားတတ်သောကြောင့်ဖြစ်သည်။ အလုံပိတ်ထား၍လည်းမရ၊ ကဏန်းများအသက်ရှုကျပ်ပြီး သေသွားနိုင်သဖြင့် ဂရုစိုက်ရသည်။ အဆင့်တိုင်းကျွမ်းကျင်သော အလုပ်သမားများ လိုအပ်သည်ဖြစ်ရာ အနုစိတ်ကြပ်မတ်လုပ်ကိုင်ရသော အလုပ်ဖြစ်လေသည်။ ဂျက်တီများကို မပြတ်တမ်းစောင့်ကြည့် စစ်ဆေးနေသောအလုပ်သမားများကိုလည်း တွေ့ရသည်။

ခြင်းထဲသို့ပြောင်းထည့်ပြီး အဝတ်စိုအုပ်ထားသော ခြင်းအတွင်း ကဏန်းပျော့များကို ၂၄ နာရီအထိ ထားနိုင်သော်လည်း အချိန် ၁၂ နာရီခန့်သာထားလျှင် အကောင်းဆုံးဖြစ်ကြောင်း သိရသည်။ ထို့နောက် စက်ရုံသို့ပို့ကာ အအေးခန်းအတွင်း အနုတ် ၁၈ ဒီဂရီမှ အနုတ် ၂၀ ဒီဂရီအထိ အအေးခံပြီး စျေးကွက်လိုအပ်ချက်အတိုင်း ထုပ်ပိုးကာ ပြည်တွင်း၊ ပြည်ပစျေးကွက်များသို့ တင်ပို့ခြင်းဖြစ်သည်။

ရွှံ့ကဏန်းများမှာ ပင်လယ်တွင်မနေ၊ ဒီရေတောများအတွင်းနေထိုင်သော ကဏန်းအမများကို မွေးမြူခြင်းဖြစ်ရာ အချိန် ဂရမ် ၇၀ မှစတင် မွေးမြူနိုင်သလို အလေးချိန်ဂရမ် ၁၀၀ ခန့်ရှိသော ကဏန်းပျော့များကိုလည်း မွေးနိုင်သည်။ အရေခွံလဲပြီးချိန် ကဏန်းပျော့ဖြစ်ပါက တစ်ကောင်လျှင် ဂရမ် ၁၂၀ မှ ၁၅၀ ဂရမ်ခန့်ရှိကြောင်း သိရသည်။ ရွှံ့ကဏန်းများကို အလေးချိန် ဂရမ် ၁၂၀ အထက်ရှိသည့် ကဏန်းများမွေးပါက အရေခွံမလဲနိုင်တော့ကြောင်းလည်း သိရသည်။ ကဏန်းများ အခွံလဲပြီးပါက တစ်ခဏမျှအချိန်ထားရပြီး ချက်ချင်းလှုပ်ရှားမှုများရှိပါက ကဏန်းများ သေသွားနိုင်သည်ဖြစ်ရာ သတိပြုရမည့် အချက်ပင်ဖြစ်သည်။

ကဏန်းပျော့မွေးရန် ရွှံ့ကဏန်းများကို ဒီရေတောများအတွင်း ဒီရေအတက်အကျရှိသော နေရာများတွင် ဝါးမြှုံးများဖြင့် အစာထည့်ပြီးဖမ်းယူရခြင်းဖြစ်သည်။ မွေးမြူရာတွင်လည်း တစ်ကောင်ချင်းစီ ပလတ်စတစ်ခြင်းငယ်များဖြင့် ထည့်သွင်းမွေးရသည်ဖြစ်ရာ တစ်ခြင်းတည်း နှစ်ကောင်ထည့်မွေးပါက တစ်ကောင်အခွံလဲချိန်တွင် တစ်ကောင်က စားပစ်နိုင်သဖြင့် တစ်ကောင်ချင်းစီ မွေးမြူရခြင်းဖြစ်သည်။

ကဏန်းပျော့ဖမ်းခြင်းလုပ်ငန်းကို ကျောက်ဖြူမြို့နယ်တွင် စနဲရွာ၊ တပ်တောင်ရွာနှင့် အမ်းမြို့အနီးဝန်းကျင်ရှိ ဒီရေတောများအတွင်း လုပ်ကိုင်လျက်ရှိသည်။ ကဏန်းပျော့မွေးမြူခြင်းလုပ်ငန်းသည် ရာသီဥတု၊ နေရာအခင်းအကျင်း၊ နည်းစနစ်ကျမှုနှင့်ကဏန်းများ ကျန်းမာရေးကောင်းပါက စီးပွားရေးတွက်ခြေကိုက်သော လုပ်ငန်းတစ်ခုဖြစ်သည်။ မွေးမြူရန် မြေနေရာအခက်အခဲရှိသော်လည်း တစ်နှစ်ပတ်လုံးနီးပါး လုပ်ကိုင်နိုင်သော လုပ်ငန်းဖြစ်ရာ စီးပွားရေးတွက်ခြေကိုက်သည်။

ကဏန်းပျော့မွေးမြူသည့် လုပ်ငန်းသည် စီးပွားဖြစ် လုပ်ကိုင်နိုင်သူများပြားလာပါက ကျောက်ဖြူမြို့နယ်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည့်အပြင် ဒေသခံများအလုပ်အကိုင်များရရှိနိုင်သည့်အနေအထားရှိသည်ဖြစ်ရာ တွန်းအားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းအဖြစ် ယုံကြည်နေမိသည်။

# အမေရိကန်ဦးဆောင်လေကြောင်းတိုက်ခိုက်မှု အီရတ်ရှိအိုင်အက်စ် ၂၅၀သေဆုံး



**ဝါရှင်တန် ဇွန် ၃၀**

ဇွန် ၂၉ ရက်က ဖော်လူဂျာမြို့အနီးတစ်ဝိုက်တွင် အမေရိကန်ဦးဆောင် မဟာမိတ်လေယာဉ်များက အိုင်အက်စ်အကြမ်းဖက်သမားများကို အဆက်မပြတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အမေရိကန်အရာရှိများက ရိုက်တာသို့ ပြောခဲ့သည်။

ထိုသို့ တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားဟု သံသယရှိသူ အနည်းဆုံး ၂၅၀ သေဆုံးခဲ့ပြီး ယာဉ်အစီးရေ ၄၀ ခန့် ပျက်စီးခဲ့ကြောင်း ကနဦးထုတ်ပြန်မှုများအရ သိရသည်။

အကယ်၍ အကြမ်းဖက်သမားဟု သံသယရှိသူများသည် အမှန်တကယ် အကြမ်းဖက်တိုက်ခိုက်ရေးသမားများသာဖြစ်မည်ဆိုပါက ဂျီဟတ်အုပ်စုကို ဆန့်ကျင်တိုက်ခိုက်မှု ပြုလုပ်ရာကာလတစ်လျှောက်လုံးတွင် ယခုတိုက်ခိုက်မှုသည် ဂျီဟတ်အုပ်စုများအတွက် သေဆုံးမှုအများဆုံး တိုက်ခိုက်မှုတစ်ခုဖြစ်လိမ့်မည်ဖြစ်သည်။ တိုက်ခိုက်မှုကြောင့် သေဆုံးသူနှင့်အပျက်အစီး ပမာဏမှာ ပြောင်းလဲခြင်းမရှိနိုင်ကြောင်း အမည်မဖော်လိုသူ အရာရှိများက ပြောသည်။

အရပ်သား ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ သည့် ဖော်လူဂျာမြို့ တောင်ဘက်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုသည် အီရတ်နှင့် ဆီးရီးယားကို အစွလာမ့်စ်နိုင်ငံပြုမည်ဟု ၎င်းတို့ကိုယ်တိုင် ကြွေးကျော်ခဲ့သော အိုင်အက်စ်များအတွက် နောက်ဆုံးတိုက်ပွဲဖြစ်လိမ့်မည်ဖြစ်သည်။

အိုင်အက်စ်တို့၏ နယ်မြေများဆုံးရှုံးခြင်းသည် ကမ္ဘာတစ်ဝန်းတွင် တိုက်ခိုက်မှုများပြုလုပ်ရန် ၎င်းတို့၏ရည်ရွယ်ချက်နှင့် စွမ်းရည်များကျဆင်းလာခြင်းမဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် လူ ၄၁ ဦးသေဆုံးခဲ့သော အစ္စတန်ဘူလ်လေဆိပ်ပေါက်ကွဲမှုနှင့် တိုက်ခိုက်မှုတွင် အိုင်အက်စ်တို့၏ လက်ချက်ဖြစ်ကြောင်း တူရကီက ထောက်ပြခဲ့သည်။

တိုက်ခိုက်မှုသည် အိုင်အက်စ်အကြမ်းဖက်သမားတို့၏ ရက်စက်သော ပုံစံဖြစ်ကြောင်း စီအိုင်အေအကြီးအကဲ ဂျွန်ဘရန်နန်က ဝါရှင်တန်တွင် ပြုလုပ်ခဲ့သော အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ပြီး ၎င်းတို့ကိုတိုက်ခိုက်ခြင်းသည် ၎င်းတို့ကို ဆွပေးသလိုဖြစ်ကြောင်း ပြောခဲ့သည်။

"ကျွန်တော်တို့ မဟာမိတ်တွေနဲ့အတူ အီရတ်နဲ့ ဆီးရီးယားမှာရှိနေတဲ့ သူတို့ကို တိုက်ခိုက်ရမယ်။ ဒါမှငြိမ်းချမ်းမှုတွေ သိသိသာသာ တိုးတက်လာမယ်"ဟု ဘရန်နန်က ပြောသည်။

စစ်မြေပြင်တွင်လည်း အမေရိကန်ဦးဆောင်သည့် အိုင်အက်စ်ဆန့်ကျင်တိုက်ခိုက်ရေးအုပ်စုများက အရှိန်အဟုန်ဖြင့် တိုက်ခိုက်မှုများပြုလုပ်လျက်ရှိရာ ဖော်လူဂျာကို အိုင်အက်စ်တို့လက်မှ ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း ကြေညာနိုင်သည်အထိ တိုးတက်မှုများ ရှိလာခဲ့သည်။

စစ်မက်ရေးရာမူဝါဒတွင် ရှေ့တစ်လှမ်းတိုးချင်လျှင် နောက်နှစ်လှမ်းဆုတ်ဟူသော စကားရှိရာ သူပုန်များက အီရတ်နှင့်နယ်စပ်ချင်းထိစပ်လျက်ရှိသော အိုင်အက်စ်သိမ်းပိုက်ခံနယ်မြေအပြင်ဘက်တွင် စောင့်ဆိုင်းလျက်ရှိကာ အခွင့်သာခိုက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သူပုန်သတင်းရင်းမြစ်များအရ သိရသည်။

**(ရိုက်တာ)**

# မက္ကဆီကို၌ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူ ၂၀၀၀၀ သေဆုံး

**မက္ကဆီကိုစီးတီး ဇွန် ၃၀**

မက္ကဆီကို၌ လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သော ဖျားနာမှုကြောင့် နှစ်စဉ်နိုင်ငံတစ်ဝန်း လူပေါင်း ၂၀၀၀၀ ခန့် သေဆုံးရကြောင်း အမျိုးသားပြည်သူ့ကျန်းမာရေးဌာန (INSP)က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုအတွက် အဖြေဟု ခေါ်ဆိုသောအမျိုးသားအဆင့် ဖိုရမ်မိန့်ခွန်းတစ်ခုတွင် (INSP) ညွှန်ကြားရေးမှူး မော်ရီစီရို ဟာနန်ဒက်ဇ်က မက္ကဆီကိုရှိ လူဦးရေ တစ်သန်းကျော် နေထိုင်ကြသော မြို့ ၁၁ မြို့တွင် လေထုညစ်ညမ်းမှု အဆိုးရွားဆုံးဖြစ်နေကြောင်း ပြောခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန သုတေသနနှင့်သင်ကြားရေးပိုင်း တာဝန်ယူထားသော (INSP) ဥက္ကဋ္ဌသည် လေထုညစ်ညမ်းမှုကြောင့် ပန်းနာ ရင်ကျပ်ကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်ပွားနှုန်း မြင့်တက်လာခဲ့ကြောင်း ပြောခဲ့သည်။

လေထုညစ်ညမ်းမှုကြောင့် ရှစ်ရက်ကြာ အရေးပေါ်အခြေအနေကို မြို့တော် သက်ဆိုင်ရာဌာနများက ကြေညာထားသည်။

**(ဆင်ဟွာ)**

# တူရကီလေဆိပ်တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ စီအိုင်အေ အကြီးအကဲ အမေရိကန်၌ သတိပေး

**ဝါရှင်တန် ဇွန် ၃၀**

တူရကီနိုင်ငံ အတာတပ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အသေခံဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီ ညွှန်ကြားရေးမှူး ဂျွန်ဘရန်နန်က အမေရိကန် ပြည်ထောင်စု၌ လည်း အလားတူဖြစ်ရပ်မျိုးနှင့် ကြုံတွေ့နိုင်ကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်လွှင့်သည့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။ ထောက်လှမ်းရေးဌာနမှ ပုဂ္ဂိုလ်တစ်ဦး၏ ရှုထောင့်အမြင်အရ နိုင်ငံရပ်ခြား၌လည်း ယခုဖြစ်ရပ်မျိုးကဲ့သို့ လူပေါင်းများစွာ သေဆုံးသည့် တိုက်ခိုက်မှုမျိုးကို အကြမ်းဖက်သမားများက ပြုလုပ်နိုင်ကြောင်း အင်တာဗျူးတစ်ခုတွင် ဘရန်နန်က ပြောခဲ့သည်။

Daesh (ဒေရှ်) (အိုင်အက်စ်အဖွဲ့၏ အာရဗီ အမည်) အဖွဲ့သည် အမေရိကန်ပြည်ထောင်စု ၌လည်း အလားတူတိုက်ခိုက်မှုမျိုး ပြုလုပ်ရန် ကြိုးစားခြင်းမရှိဟု တစ်ထစ်ချမပြောနိုင်ကြောင်း ရှင်းပြခဲ့သည်။ အင်္ဂါနေ့က တူရကီနိုင်ငံရှိ လေဆိပ်တိုက်ခိုက်ခံရမှုတွင် လူ ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ၄၄ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ယင်းတိုက်ခိုက်မှုမဖြစ်ပွားမီ ရက်ပေါင်း ၂၀ ခန့်က အိုင်အက်စ်တို့ တိုက်ခိုက်မှုပြုလုပ်နိုင်သည်ဟူသော သတင်းကို တူရကီထောက်လှမ်းရေးအေဂျင်စီက သက်ဆိုင်ရာသို့ သတိပေးမှုများ ပြုလုပ်ခဲ့သည်ဟုလည်း တူရကီမီဒီယာများက ဖော်ပြကြသည်။ ယခုအချိန်ထိ မည်သည့်အဖွဲ့အစည်းကမျှ လေဆိပ်တိုက်ခိုက်ခံရမှုမှာ ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ဝန်ခံခြင်းမပြုကြသေးပေ။

**(ဆင်ဟွာ)**

# ဖိလစ်ပိုင်ဒုတိယသမ္မတသစ်အဖြစ် လန်နီရိုဘရီဒိုထမ်းဆောင်

**မနီလာ ဇွန် ၃၀**

ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယသမ္မတသစ်အဖြစ် လန်နီရိုဘရီဒိုသည် ကြာသပတေးနေ့မှစ၍ တာဝန်ထမ်းဆောင်နေပြီဖြစ်သည်။ အသက် ၅၂နှစ်အရွယ် နိုင်ငံရေးသမားဖြစ်သူ ၎င်းသည်နိုင်ငံ၏ ၁၄ ယောက်မြောက်ဒုတိယ သမ္မတအဖြစ် ခြောက်နှစ်တာကာလ တာဝန်ယူ မည်ဖြစ်သည်။



၎င်း၏ တာဝန်ထမ်းဆောင်သည့်အခမ်းအနား မိန့်ခွန်းတွင် ညီညွတ်ရေးကို တောင်းဆိုထားပြီး ဖိလစ်ပိုင်လူမျိုးများ အထူးသဖြင့် ဆင်းရဲသားများအတွက် ကြွယ်ဝချမ်းသာမှုကို ဆောင်ကြဉ်းပေးမည်ဟု ကတိပြုခဲ့သည် နိုင်ငံ၏သမ္မတသစ် ရိုဒရီဂိုဒူးတာ့ထ်သည် ၁၆ ယောက်မြောက်ဖိလစ်ပိုင် သမ္မတအဖြစ် မလာကာနန်သမ္မတ အိမ်တော်၌ တာဝန်စတင် ထမ်းဆောင်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရိုဒရီဂို ဒူးတာ့ထ် ဖိလစ်ပိုင်သမ္မတအဖြစ် ကျမ်းသစ္စာဆို

**မနီလာ ဇွန် ၃၀**

မေလက ရွေးကောက်ပွဲအနိုင်ရရှိပြီးနောက် ရိုဒရီဂို ဒူးတာ့ထ်သည် ဖိလစ်ပိုင် သမ္မတအဖြစ် ဇွန် ၃၀ ရက်တွင် ကျမ်းသစ္စာဆိုခဲ့သည်။

အသက် ၇၁ နှစ်အရွယ် ဒါဗာအိုမြို့တော်ဝန်ဟောင်းသည် အကျင့်ပျက်ခြစားမှုနှင့် ရာဇဝတ်မှုများကို အပြတ်အသတ် နှိမ်နင်းမည်ဟု ကတိပြုပြီး နိုင်ငံရေးတည်ဆောက်မှုကို ဖြိုချခဲ့သည်။ တိုင်းပြည်၏ နိုင်ငံရေးစနစ်ကို ပြောင်းလဲမည်ဟု ၎င်း၏ ရာထူးအပ်နှင်းပွဲအခမ်းအနားမိန့်ခွန်းတွင် ကတိပေးပြောကြားခဲ့သည်။

"ဒီနိုင်ငံရဲ့ ခေါင်းဆောင်တွေအပေါ် ပြည်သူတွေရဲ့ ယုံကြည်မှု တစ်စတစ်စယုတ်လျော့လာတာကို တွေ့နေရတယ်"ဟု ၎င်းကပြောသည်။



တရားရေးစနစ်တွင်လည်း အမှန်တရားတိုက်စားခံနေရကြောင်း၊ ယုံကြည်မှုကိုတည်ဆောက်ယူပြီး ပြည်သူ့ဝန်ထမ်းများ၏ စွမ်းရည်နှင့်ပြည်သူများ၏ ဘဝများပိုမိုကောင်းမွန်လုံခြုံစေရေး၊ ကျန်းမာစေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**(ဘီဘီစီ)**

# မြောက်အမေရိကခေါင်းဆောင်များ အော့တဝါမြို့၌ တွေ့ဆုံ

**အော့တဝါ ဇွန် ၃၀**

အမေရိကန် ပြည်ထောင်စု၊ ကနေဒါနှင့်မက္ကဆီကို ခေါင်းဆောင်များသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ မြောက်အမေရိကနိုင်ငံများ အဓိကနေရာမှ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဗုဒ္ဓဟူးနေ့က ကနေဒါနိုင်ငံအော့တဝါမြို့၌ ထိပ်သီးအစည်းအဝေးပြုလုပ်ခဲ့သည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူဒိုသည် ထိပ်သီးအစည်းအဝေးပွဲ၌ မက္ကဆီကိုသမ္မတ Enrique Pena Nieto၊ အမေရိကန်သမ္မတဘားရက်အိုဘားမားတို့နှင့်တွေ့ဆုံခဲ့သည်။

သမ္မတအိုဘားမားသည် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်က အော့တဝါလေဆိပ်သို့ရောက်ရှိခဲ့သည်။ မက္ကဆီကိုသမ္မတကမူ တနင်္လာနေ့ကတည်းက ကနေဒါသို့ ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။

ယနေ့ကျင်းပသည့်အစည်းအဝေး၌ ကနေဒါ၊ အမေရိကန်နှင့်မက္ကဆီကိုသုံးနိုင်ငံတို့ပူးပေါင်း၍ စိန်ခေါ်မှုများမျှဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ တစ်ဦးတစ်ယောက်တည်းရပ်တည်ခြင်းထက် အတူလက်တွဲလုပ်ဆောင်မှုတို့အကြောင်း ဆွေးနွေးရန်ရှိကြောင်း ကနေဒါဝန်ကြီးချုပ်က အစည်းအဝေးမစတင်မီက ပြောခဲ့သည်။

ယနေ့အစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များသည် ကနေဒါ၊ အမေရိကန်နှင့်မက္ကဆီကိုတို့ရှိ ပြည်သူများ၏ ဘဝကိုမြှင့်တင်ပေးနိုင်လိမ့်မည်ဟုလည်း ၎င်းကပြောသည်။ ကနေဒါနိုင်ငံသည် မက္ကဆီကိုနိုင်ငံသားများအတွက် အငြင်းပွားဖွယ်ဗီဇာလိုအပ်ချက်ကို ယခုနှစ်ဒီဇင်ဘာမှစတင်ကာ ရုပ်သိမ်းလိမ့်မည်ဟုလည်း ကနေဒါဝန်ကြီးချုပ်က အင်္ဂါနေ့တွင် ကြေညာခဲ့သည်။ ထိုအချိန်၌ မက္ကဆီကိုနိုင်ငံကလည်း ကနေဒါနိုင်ငံ၏ အမဲသားတင်သွင်းမှု ကန့်သတ်ထားမှုများကို အဆုံးသတ်တော့မည်ဖြစ်သည်။ သတင်းစာရှင်းလင်းပွဲအပြီး ကနေဒါဝန်ကြီးချုပ်သည် အမေရိကန်သမ္မတနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် စီစဉ်ထားသည်။

**(ဆင်ဟွာ)**

# မြန်အောင်မြို့နယ် အထကအင်ပင်မှ ကျောင်းသူအချို့ မူးဝေမောပန်း၊ ရင်ကျပ်ခြင်းများဖြစ်သဖြင့် မြို့နယ်ကျန်းမာရေးဌာနမှ စစ်ဆေးလျက်ရှိ

**မြန်အောင် ဇွန် ၃၀**

မြန်အောင်မြို့နယ် အထကအင်ပင်မှ ကျောင်းသား ကျောင်းသူအချို့ မူးဝေမောပန်းရင်ကျပ်ခြင်း ဝေဒနာများဖြစ်ပေါ်နေသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ချစ်နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ဇွန် ၂၉ ရက်က အထကအင်ပင်နှင့် ဆေးရုံတက် ကျောင်းသား ကျောင်းသူများကို သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

အထကအင်ပင်တွင် ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲက နဝမတန်း(ဃ) မှ မယမင်းသူ၊ နဝမတန်း(ခ)မှ မမိုင်မို့မို့လွင်ထွန်း၊ ဒသမတန်း(က)မှ မဆွေမာခိုင်၊ ဒသမတန်း(ဂ)မှ မနွေးနွေးလှိုင်နှင့် မသင်းသင်းစိုးတို့သည် ခေါင်းမူးခြင်း၊ မောပန်းခြင်း၊ ရင်ကျပ်ခြင်း ဝေဒနာများ ခံစားနေရသဖြင့် တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးစန်းမောင်နှင့် ဆရာ ဆရာမများက ပယောဂဝင်ပူးသည်ဟု ယူဆသဖြင့် ကျောင်းဘုရားခန်းသို့ခေါ်ယူပြီး ပြုစု စောင့်ရှောက်ခြင်း၊ ပရိတ်ရေမန်းများ ဖျန်းပက်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ရာ နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်တွင် ပြန်လည်ကောင်းမွန်ခဲ့သော်လည်း အဆိုပါကျောင်းသူတို့၏ မိဘအုပ်ထိန်းသူများက စိုးရိမ်ပူပန်သဖြင့် နေအိမ်အသီးသီးသို့ ပြန်လည်ခေါ်ဆောင်ခဲ့ကြကြောင်း သိရှိရသည်။ ထို့နောက် တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးစန်းမောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖများစုပေါင်း၍ သံဃာတော်ငါးပါးပင့်ဖိတ်ပြီး နဝမတန်း (ခ) စာသင်ခန်းအတွင်း ပရိတ်၊ ပဋ္ဌာန်းတရားတော်ရွတ်ဖတ်ခြင်း၊ အမျှဝေသာခုခေါ်ခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြန်အောင်မြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ချစ်၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးလှိုင်ဝင်းနှင့် ဦးမြင့်ဦးတို့သည် အထကအင်ပင် ကျောင်းသန့်ရှင်းရေးအခြေအနေနှင့် နဝမတန်း၊ ဒသမတန်းတို့၏သောက်ရေသန့်ရှင်းမှု ရှိ မရှိတို့ကို စစ်ဆေး၍ ဇွန် ၂၈ ရက်က အင်ပင်တိုက်နယ်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသော ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ မြန်အောင်မြို့နယ် အထကအင်ပင်မှ ကျောင်းသား ကျောင်းသူအချို့ မူးဝေမောပန်း ရင်ကျပ်ခြင်းဝေဒနာ ဖြစ်ပွားသည့် အကြောင်းရင်းကို သိပ္ပံနည်းကျဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေရန် အထကအင်ပင်မှ သောက်ရေနှင့် ရောဂါဝေဒနာခံစားရသော ကျောင်းသား ကျောင်းသူတို့၏ ဆီး၊ ဝမ်း နမူနာတို့ကို NHL(အမျိုးသား ကျန်းမာရေးဓာတ်ခွဲဌာန)သို့ပို့ဆောင်ပြီး စစ်ဆေးလျက်ရှိကြောင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည် တိုင်းဒေသကြီး အစားအစာနှင့်ဆေးဝါးဌာန၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့၏



ညွှန်ကြားမှုတို့ဖြင့် ကျောင်းကို နေ့စဉ် စောင့်ကြည့်ခြင်းနှင့် ဖြစ်ပွားသည့် အကြောင်းရင်းကို ရှာဖွေသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်ချစ် က ပြောသည်။ **ဝင်းဗိုလ်(မြန်/ဆက်)**

# မန္တလေးမြို့၌ မီးဘေးသင့်မင်္ဂလာဈေးမှ ဈေးသူဈေးသားများ ဈေးဆိုင်ခန်းများ မူလနေရာ မူလပုံစံအတိုင်း ပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်

**မန္တလေး ဇွန် ၃၀**

မန္တလေးမြို့မှ မီးဘေးသင့်မင်္ဂလာဈေးအား ရှစ်ထပ်(သို့မဟုတ်) ၁၀ ထပ် အသစ် တည်ဆောက်သွားမည်ဆိုသောကိစ္စနှင့်ပတ်သက်ပြီး ဈေးသူဈေးသားများ၏ဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က တရားဝင်ခွင့်ပြုချက်ရယူ၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် ဈေးသူ ဈေးသား ၃၀၀ ခန့် ပါဝင်ခဲ့ပြီး ၃၁လမ်း၊ ၇၂×၇၃ လမ်းကြားရှိ မင်္ဂလာဈေးမွှာရုံမှ စတင်ထွက်ခွာကာ လမ်း ၃၀ အတိုင်း စီတန်းလမ်းလျှောက်၍ မင်္ဂလာဈေးမီးလောင်မှုကို ဖော်ထုတ်ပေးရေး၊ ဈေးဆိုင်ခန်းများ မူလနေရာ မူလပုံစံအတိုင်း ပြန်လည်ရရှိရေးနှင့်




ဈေးသူဈေးသားများ၏ ဆန္ဒအား အကောင်အထည်ဖော် ဆောင်ရွက်ပေးရေးစသည့် အချက်သုံးချက်ဖြင့် ဆန္ဒထုတ်ဖော်ကြပြီး စုရပ်မွှာရုံသို့ ပြန်လည်ဝင်ရောက်ကာ ဟောပြောပွဲ များ ပြုလုပ်ခဲ့ကြသည်။ **အောင်ရဲသွင်**

# မိုင်းအန္တရာယ် အသိပညာပေးသင်တန်းဖွင့်

**ဖားဆောင်း ဇွန် ၃၀**

ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Danish Refugee Council (DRC) အဖွဲ့သို့ ပူးပေါင်းဖွင့်လှစ်သည့် မိုင်းအန္တရာယ်အသိပညာပေးသင်တန်းကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ဖားဆောင်းမြို့နယ် ဖားစည်သံလွင်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ပြည်နယ်မှူး ဒေါ်မြင့်မြင့်ကြည်က ပြည်သူလူထုအား မြေမြှုပ်မိုင်းအန္တရာယ်မှ ကာကွယ်ပေးသွားရန်နှင့် အပြစ်မဲ့သူများ မြေမြှုပ်မိုင်းများကြောင့် အသက်အန္တရာယ် မဆုံးရှုံးစေရန်ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ Danish Refugee Council (DRC) အဖွဲ့မှ သင်တန်းဆရာ Mr.Pascal Herri M Simon က မိုင်းအန္တရာယ်အသိပညာပေးသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ကိုစိုင်း(လွိုင်ကော်)**

# တိုင်းဒေသကြီး /ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၃၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ကချင်၊ ကရင်၊ မွန်နှင့်ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၃၀**

ယခု မိုးရာသီကာလအတွင်း မီးသုံးသူပြည်သူများ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးရေးအတွက် ရှုပ်ထွေး Service ဝိုင်ယာကြိုးများရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများဖြင့် လဲလှယ်တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို **“ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်”** အားဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရပ်ကွက်များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးထားသော 230 KV အလုံပင်မဓာတ်အားခွဲရုံ၏ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအား ဇူလိုင် ၂ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ဇူလိုင် ၂ ရက်တွင် ဒဂုံအရှေ့ ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ သဃ်န်းကျွန်း၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဒေါပုံ၊ သာကေတ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ဒဂုံ၊ အလုံ၊ လှိုင်၊ ကမာရွတ်၊ ဗဟန်း၊ မရမ်းကုန်း၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ တွံတေး၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ ထန်းတပင်၊ ဥက္ကံ၊ အဖျောက်၊ မြောင်းတကာမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ဇူလိုင် ၃ ရက်တွင် ဒဂုံဆိပ်ကမ်း၊ သဃ်န်းကျွန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ သာကေတ၊ ဒေါပုံ၊ လမ်းမတော်၊ ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ ဗဟန်း၊ သန်လျင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ မြောင်းတကာမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ယခုပန်ကြားလွှာ၌ ဖော်ပြပါရှိသော မြို့နယ်များ၏ ရပ်ကွက်အချို့ နေရာအချို့တို့တွင်သာ အချိန်ပိုင်းဓာတ်အားပြတ်တောက်မည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုး မဟုတ်ပါကြောင်းနှင့်ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွှတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဇွန် ၃၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက် (ကြာသပတေးနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၂၀၀၀ |
| ၂။ | ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၅၀၀ မှ ၃၀၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၃၀၀ မှ ၂၀၃၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၁၄၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၁၅ မှ ၁၈၃၅ |
| ၉။ | ကုလားပဲလုံး | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မုံရွာ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၆၀ မှ ၆၂၅ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၃၀၀ မှ ၃၄၀၀ |
| ၁၂။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၀၀ မှ ၃၉၀၀ |
| ၁၃။ | ငရုတ်ရှည် | အိန္ဒိယ၊ ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၉၅၀ |
| ၁၄။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၁၀၀ |
| ၁၅။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၁၀၃၀ |
| ၁၆။ | သရက်သီး (စိန်တစ်လုံး) | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၅၀၀၀ |
| ၁၇။ | နဂါးမောက်သီး | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။**



## မကွေးမြို့ပြည်သူ့ဆေးရုံကြီးကို နှစ်ထပ်ဆောင်အစား ငါးထပ်ဆောင်တိုးချဲ့ရန် သက်ဆိုင်ရာသို့တင်ပြ

**မကွေး ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့ခုတင်(၅၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးကို ပြည်ထောင်စုအစိုးရမှ ချထားပေးသည့် နှစ်ထပ်ဆောင်အဆောက်အအုံအစားငါးထပ်ဆောင် ထပ်မံတိုးချဲ့ဆောက်လုပ်ရန် နေပြည်တော်ဦးစီးဌာနသို့ တင်ပြတောင်းဆိုထားကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မကွေးဆေးရုံကြီးကို ဇွန် ၂ ရက်က လှည့်လည်ကြည့်ရှုဆွေးနွေးရာ ဆေးရုံအုပ်ကြီးက "ယခုဘတ်ဂျက်အတွင်း ဂျပန်နိုင်ငံ (JICA) မှ သုံးထပ်ဆောင်ရရှိပြီး ပြည်ထောင်စုအစိုးရအနေနဲ့ နှစ်ထပ်ဆောင်တစ်ဆောင် လက်ခံရရှိထားကြောင်းသိရတယ်။ နောင်အနာဂတ်အတွက် တိုင်းဆေးရုံကြီးကို ထပ်မံတိုးချဲ့ဖို့ မြေနေရာအလုံအလောက်မရှိတော့တာကို တွေ့ရပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးဆေးရုံနဲ့ လျော်ညီအောင် တိုင်းဒေသကြီးအစိုးရနဲ့ ပြည်ထောင်စုအစိုးရကချပေးတဲ့နှစ်ထပ်ဆောင်အဆောက်အအုံစား ငါးထပ်ဆောင်အဖြစ် အဆောက်အအုံထပ်မံတိုးချဲ့ဆောက်လုပ်ခွင့်ပေးဖို့ တင်ပြတောင်းဆိုထားတယ်"ဟု တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးဒေါက်တာခင်မောင်အေးက ပြောသည်။

အဆိုပါဆေးရုံကြီးသည် မြို့တော်အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ရေးနှင့်တိုးတက်လာသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ လူဦးရေနှင့် ဆေးရုံတွင်တက်ရောက်ကုသနေသောလူနာများမှာ ယခုလက်ရှိ ဆေးရုံကြီးနှင့် မမျှတတော့ပေ။

ထို့ကြောင့် ပြည်ထောင်စုအစိုးရက ချမှတ်ပေးသည့် နှစ်ထပ်ဆောင်အစား ငါးထပ်ဆောင်အဆောက်အအုံကို တင်ပြတောင်းဆိုခဲ့ရခြင်းဖြစ်ကြောင်း မကွေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးက ပြောကြားသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြန်မာ့ရိုးရာယဉ်ကျေးမှုကိုပုံဖော်သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြသ

**ရန်ကုန် ဇွန် ၃၀**

မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုသမိုင်းသည် အလွန်အဆင့်အတန်းမြင့်မားခဲ့သည့်နည်းတူ သစ်လွင်ဆန်းသစ်သည့် မြန်မာ့တိုင်းရင်းသားရိုးရာဝတ်ဆင်မှုများသည် လာရောက်ကြည့်ရှုသူများ၏ စိတ်ဘဝင်ကို ကြည်နူးလန်းဆန်းစေသည်။

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်သည့် ၂၁ ရာစု ဆင်ယင်မှု အထူးပြုပြင်အလှသဘင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် အနုပညာအော်စကာ၊ ပြည်သူ့ရင်မှာ ပျော်စရာ၊ ဆန်းသစ်ဝေစီ ရွှေပန်းချီ နှစ်ပါးသွားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇူလိုင် ၁ ရက် ညနေ ၆ နာရီတွင် ပြသမည်ဖြစ်ပြီး ယနေ့မွန်းလွဲ ၂ နာရီက တက္ကသိုလ်ကျောင်းများနှင့် အခြေခံပညာကျောင်းများမှ အမျိုးသမီးငယ်များအပါအဝင် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများကို အထူးပွဲအဖြစ် တင်ဆက်ပြသခဲ့သည်။

အထူးပွဲပြသခြင်းအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ နာယကများ၊ တိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများအပြင် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးနှင့် နာယကများက (၁၃)ကြိမ်မြောက် အောင်မြင်စွာကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ၂၁ ရာစု ဆင်ယင်မှုအထူးပြုပြင်အလှသဘင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကြီးတွင် ကူညီပံ့ပိုးပေးခဲ့ကြသူများအား ဂုဏ်ပြုပန်းစည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ပြိုင်ဘက်ဟောင်း ဝေးလ်ကို ဘယ်လ်ဂျီယံအသင်း အနိုင်ယူမှာလား

ယူရို ၂၀၁၆ ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်သော ဝေးလ်နှင့် ဘယ်လ်ဂျီယံပွဲကို ဇူလိုင် ၂ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းနှစ်သင်းသည် ခြေစစ်ပွဲအုပ်စု၌ တစ်အုပ်စုတည်း ကျခဲ့ဖူးသည်။ ဝေးလ်အသင်းသည် အုပ်စု(ခ)မှ အုပ်စုပထမဖြင့် တက်ရောက်လာပြီး ဘယ်လ်ဂျီယံကလည်း အုပ်စု(င)တွင် ဂိုးကွာခြားချက်ကြောင့် အုပ်စုဒုတိယဖြင့် တက်ရောက်လာခြင်းဖြစ်သည်။ ဝေးလ်အသင်းသည် ကွင်းလယ်ကစားသမား အင်အားတောင့်တင်းမှုရှိနေရာ ဂျိုးအလန်၊ အန်ဒီကင်း၊ ရမ်ဆေး၊ အက်ဝက်စ်၊ ဂျိုးလက်လေ၊ ကော့တာရယ်၊ ဂျိုနသန်ဝီလီယံ၊ ဒေးဗစ်ဗာဂန်တို့ဖြင့် ဖွဲ့စည်းထားသည်။ တိုက်စစ်ကစားသမား ငါးဦး ရှိသော်လည်း ကမ္ဘာ့အဆင့်မီ ဂါရတ်ဘေးလ်တစ်ဦးသာ ရှိသည်။

ဘယ်လ်ဂျီယံအသင်းတွင် ကွင်းလယ်ကစားသမားစစ်စစ် လေးဦးသာရှိနေပြီး နိုင်ဂိုလန်၊ ဝတ်ဆယ်၊ ဖယ်လိုင်နီ၊ ဒမ်ဘီလီတို့ဖြင့် ဖွဲ့စည်းထားကာ တိုက်စစ်ပိုင်းတွင် နာမည်ကြီးကစားသမားများ ပါဝင်နေပြီး ဒီဘရိုင်း၊ လူကာကူ၊ ဟာဇတ်၊ ကာရက်စ်ကို၊ မာတန်စ်၊ အိုရီဂီ၊ ဘန်တီကီ၊ ဘတ်ချူအာရီတို့ပါဝင်နေသည်။ ယင်းနှစ်သင်း ၁၆ သင်းအဆင့်ဖြတ်သန်းမှုအရ ဘယ်လ်ဂျီယံအသင်းသည် ဟန်ဂေရီကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သလို ဝေးလ်အသင်းက မြောက်အိုင်ယာလန်ကစားသမား၏ ကိုယ့်ဂိုးကိုယ်သွင်းဂိုးဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားမည်ဖြစ်ရာ နှစ်သင်းစလုံး ဂိုးသွင်းနိုင်ဖွယ်ရှိပြီး တိုက်စစ်ပိုင်းအင်အားတောင့်တင်းသည့် ဘယ်လ်ဂျီယံအသင်းသာ နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်မည်ဟု ခန့်မှန်းမိသည်။

■ **သီဟ**


# ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

## Containers သယ်ယူပို့ဆောင်သူများ သိရှိစေရန်

မြန်မာနိုင်ငံရှိ container သယ်ယူပို့ဆောင်သူများ သိရှိနိုင်စေရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ခုနှစ် ဇူလိုင် ၁ရက်တွင် စတင်ဆောင်ရွက်မည့် ကုန်စည်သယ်ဆောင်သော container များ၏ verified gross mass (VGM) အတွက် လိုအပ်သည်များ ဖော်ပြထားသော International Convention for the Safety of Life at Sea(SOLAS) 1974, Chapter VI, Regulation 2 ပြင်ဆင်ချက်များအရ Shipper များအနေဖြင့် အောက်ပါတို့ကို လိုက်နာရန်လိုအပ်မည်ဖြစ်ပါသည်။

- MSC.I/Circ.1475 (ANNEX 1) မှ ချမှတ်ထားသော လမ်းညွှန်ချက်များအပေါ် အခြေခံသည့်တိကျသော gross mass ရရှိရန် အသုံးပြုမည့်နည်းလမ်းအား သတ်မှတ်ရန်။
- Shipper's registration form (ANNEX II) အား ပြည့်စုံစွာဖြည့်စွက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (DMA) သို့ပြန်လည်တင်ပြရန် [Shipper's registration form (ANNEX II)ကို www.umfcci.com.mmတွင် Download ရယူနိုင်ပါသည်။]

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ registration number များကို သတ်မှတ်ချက်ပြည့်မီသည့် shipper များအား ထုတ်ပေး၍ မှတ်တမ်းတင်ကာ ၎င်းတို့၏ website www.dma.mm.org တွင် တင်ပြပေးသွားမည်ဖြစ်ပြီး မလိုက်နာသူများအနေဖြင့် မိမိတို့ကုန်ပစ္စည်းများမှာ Transit ဆိပ်ကမ်းများတွင် ကြန့်ကြာမှုများ ဖြစ်ပေါ်နေမည်ဖြစ်ပြီး သင်္ဘောအပေါ်သို့ container တင်ယူခွင့်ရရှိမည်မဟုတ်ကြောင်း၊ အဆိုပါ လမ်းညွှန်ချက်သည် မြန်မာနိုင်ငံဆိပ်ကမ်းတိုင်းမှ export ပြုလုပ်မည့် packed container များ အားလုံးအတွက် အကျုံးဝင်မည်ဖြစ်ကာ နှစ်လသက်တမ်းရှိသည့်အခါတွင် ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်စုံစမ်းသိရှိလိုပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဖုန်း-၀၁-၉၀၁၀၀၄၀၊ ၀၁-၂၉၆၈၁၅ (သို့မဟုတ်) မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအသင်း ဖုန်း-၀၉-၇၃၁၈၃၃၉၄၊ ၀၉-၇၉၉၉၇၅၄၅၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်**

**7 Stars** ရာထူးဝင်သင်တန်းကြီး
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘာဏ်
(အငယ်တန်းစာရေး) ၅၀ နေရာ
ပုံမှန်တန်းခွဲ/အနီးကပ်တန်းခွဲများစပြီ။
အပြည့်စုံဆုံးမှတ်စုများရောင်းချပေးနေပါပြီ။
တိုက် (18/3B)၊ သပြေညို (၁)၊
ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ရန်ကုန်မြို့။
09-789 10 7733, 09-799 860 155, 09-4210 52736

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ဟန်ညီမိန်း ၁၀/ပမန(နိုင်)၁၇၀၉၇၄ ၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၅၇၂၀၅၇**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၀ယ/၇၇၉၃၉ Super Bright 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာခိုင် ၇/ပမန(နိုင်)၁၄၂၄၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကနည၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃ယ/၈၅၀၄၂ Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင်နိုင် ၇/ပမန(နိုင်)၁၁၄၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**



# ရွှေဆွဲကြိုးလုယက်သူ နှစ်ဦးကို ပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းဖမ်းဆီး

**ရန်ကုန် ဇွန် ၃၀**

မရမ်းကုန်းမြို့နယ်အတွင်း မြဂန္ဓမာ ဈေးရှေ့တွင် ဇွန် ၃၀ ရက် နံနက်ပိုင်းက ရွှေဆွဲကြိုးလုယက်သူ နှစ်ဦးကို ပြည်သူများနှင့် လှည့်ကင်းတာဝန်ကျ နယ်မြေရဲများက ပူးပေါင်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ် ရန်ကုန် - အင်းစိန်လမ်းမကြီးရှိ အမှတ်(၃) ရပ်ကွက်၌ နေထိုင်သော ဒေါ်---- သည် ယင်းနေ့ နံနက် ၈ နာရီခန့်က ဈေးဝယ်ရန်အတွက် အမှတ်(၂) ရပ်ကွက် ရန်ကုန် - အင်းစိန်လမ်းရှိ မြဂန္ဓမာဈေးသို့ လမ်းလျှောက်လာစဉ် အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးက ၎င်း၏ လည်ပင်းတွင် ဝတ်ဆင်ထားသည့် အလေးချိန် နှစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးအား လုယူထွက်ပြေးသဖြင့် အော်ဟစ်အကူအညီ တောင်းခံခဲ့ရာ အနီးရှိ ပြည်သူများနှင့် လှည့်ကင်းတာဝန်ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပူးပေါင်းဖမ်းဆီးရာ လုယူထွက်ပြေးသော အမျိုးသားနှင့် အမျိုးသမီးတို့အား ဦးရေခဲလမ်းထိပ်၌ ဖမ်းဆီးရမိခဲ့သည်။ ယင်းနောက် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းရာ ၎င်းတို့သည် လှိုင်သာယာမြို့နယ်နေ ကိုအေးမင်း(၄၉ နှစ်)နှင့် မတင်တင်ထွေး(၄၉ နှစ်)တို့ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဘုရင့်နောင်နယ်မြေ ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

# ဘားအံမြို့၌ မူးယစ်ဆေးဝါးရောင်းဝယ်သူနှင့် ကွင်းဆက်များကို ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဇွန် ၃၀**

ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၂၈ ရက်က ဘားအံမြို့ (၇)ရပ်ကွက် မန်းဘခင်လမ်းပေါ်၌ တွေ့ရှိသူ သော်သော်ထိုက်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ တစ်ရပ်ကွက်တည်းနေ မန်းဝင်းဖေ၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈ ပြား သိမ်းဆည်းရမိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘားအံမြို့ရပ်ကွက်(၄) ခေမာလမ်းနေ အေးနိုင်နှင့် မခင်စန်းညွန့်တို့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှစ်ဦးနှင့်အတူ စောထူးထူးအား နေအိမ်အပေါ်ထပ်၌ ဆေးပြားများထုပ်ပိုးနေသည်ကို တွေ့ရှိရကာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၃ ပြား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား မူးယစ်ဆေးဝါးများ ရောင်းချပေးသူ မနန်းရင်ဝင်းကြည် ဘားအံမြို့ (၆)ရပ်ကွက် မြစိမ်းရောင်လမ်းနေသူအား မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုသည့် ကိုရိုလာမော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇွန် ၂၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ လားရှိုးဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် အောင်ဇေယျ ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခုံအမှတ်(၇)တွင် လိုက်ပါလာသူ ခရီးသည် နောင်ရင်းစိုးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀ ကိုလည်းကောင်း၊ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ထွန်တုံး ရပ်ကွက် မနော်ဟယ်ရီလမ်းနှင့် ၄၉ လမ်းထောင့်၌ ရဲမင်းစိုး မောင်းနှင်ကာ နိုင်မင်းလွင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် သံထီးတန်းရပ်ကွက် ဘုရားကြီးအနောက်မုခ်၌ စောင့်ဆိုင်းနေစဉ် မခင်ဌေး ရောက်ရှိလာသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၇ ပြားကိုလည်းကောင်း၊ ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)တွင် သီပေါဘက်မှ မန္တလေးဘက်သို့ ဇော်မင်းထွန်း မောင်းနှင်ပြီး စိုးမင်းထွန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့ ရပ်ကွက်(၇) စံပယ်ချောင်း စက်သုံးဆီအရောင်းဆိုင်ရှေ့၌ တာမိုးညဲဘက်မှ ကွတ်ခိုင်မြို့ဘက်သို့ ဆိုင်ကယ်စီးလာသူ ဆီဇူရန်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# လားရှိုး၌ မီးလောင်မှုဖြစ်ပွား

**လားရှိုး ဇွန် ၃၀**

လားရှိုးမြို့ ဗိုလ်ချုပ်လမ်း အမှတ်(၃)ရပ်ကွက် ရွှေဘုံသာတိုက်ခန်း သုံးလွှာ၌ ဇွန် ၃၀ ရက် နံနက် ၉ နာရီ ၂၈ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးခွန်ကြားရှင် လားရှိုးမြို့ မြို့မဈေး အမှတ်(၁)ရွှေဘုံသာတိုက်ခန်း၌ အမွှေးတိုင်ထွန်းရာမှ မီးပွားကျပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၀၊ မီးငြိမ်းသတ်ယာဉ် စုစုပေါင်း ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၃၄ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အခန်းပိုင်ရှင် ဦးခွန်ကြားရှင်အား အရေးယူထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျွန်းသစ် ၁၆ တန်ကျော် ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ကသာ ဇွန် ၃၀**

ကသာခရိုင် သစ်တောဦးစီးဌာန၊ ဝန်းသိုမြို့နယ် သစ်တောဦးစီးဌာနနှင့် ကောလင်းမြို့နယ်သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များ ဖမ်းဆီးရမိရေးဆောင်ရွက်နေစဉ် ဝန်းသိုမြို့နယ် ဂျိုးတောင်တောင်မကြီးအရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ ဟသ်ာဘိနယ် ဇီလေးကြိုးဝိုင်းအကွက်အမှတ်(၃)၌ ကျွန်းသစ်လုံး၂၅ လုံး (၁၆ ဒသမ ၉၅၆)တန်ကို ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ပိုင်ရှင်မဲ့တွေ့ရှိသော ကျွန်းသစ်လုံး ၂၅ လုံးကို ဝန်းသိုမြို့နယ် ဂျိုးတောင်ဘိနယ်တာဝန်ခံတောအုပ် အောင်မြင့်ထွေးထံ အပ်နှံထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



## အများသိစေရန် အသိပေးကြေညာခြင်း

၁။ မြသင်းကြူကုမ္ပဏီလီမိတက်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လားရှိုးမြို့တွင် ဦးသန်းဇော်လွင် ၁၃/လရန(နိုင်)၀၀၉၁၆၅၊ ဆုံကွယ်ကျေးရွာအုပ်စု၊ စစ်မှုထမ်းဟောင်းရပ်ကွက်၊ လားရှိုးမြို့နေထိုင်သူအား ကုမ္ပဏီ၏ အတွင်းရေးမှူးအဖြစ် ၁-၄-၂၀၁၄ ခုနှစ်မှ ၂၇-၆-၂၀၁၆ခုနှစ်အထိ တာဝန်ထမ်းဆောင်စေခဲ့ပါသည်။ ၄င်းဦးသန်းဇော်လွင်သည် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ဌာနဆိုင်ရာအသီးသီးသို့ ပေးသွင်းထားခဲ့သည့် ကုမ္ပဏီပိုင်ငွေကြေးများ (တင်ဒါကြေး)ကျပ်သိန်းပေါင်းသုံးထောင်ကျော်အား ကုမ္ပဏီ၏ ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်ပြီး ၄င်း၏ကိုယ်ကျိုးအတွက် ထုတ်ယူသုံးစွဲခဲ့ပါသည်။ ထိုထုတ်ယူငွေများကို ကျောက်မဲမြို့နှင့် တန့်ယန်းမြို့ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့တွင် အရင်းအနှီးအဖြစ် ထည့်ဝင်ကာ ၄င်း၏ကိုယ်ပိုင်လုပ်ငန်းတစ်ခုသဖွယ်ပြုမူဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီပိုင်ငွေကြေးများကို ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းရန် ဦးသန်းဇော်လွင်နှင့် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း သတ်မှတ်ရက်အတွင်း ပြန်လည်ပေးသွင်းနိုင်ခြင်းမရှိသည့်အတွက် ဦးသန်းဇော်လွင်အား တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအမှုဖွင့်တိုင်ကြားထားပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဦးသန်းဇော်လွင်အား မြသင်းကြူကုမ္ပဏီဝန်ထမ်းအဖြစ်မှ ၂၇-၆-၂၀၁၆ရက်တွင် ထုတ်ပယ်ခဲ့ပြီးဖြစ်ရာ ဦးသန်းဇော်လွင်မှာ ကုမ္ပဏီနှင့်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ၄င်း၏ကိစ္စအဝဝအား ကုမ္ပဏီအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာ**
**မြသင်းကြူကုမ္ပဏီလီမိတက်**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**လားရှိုးမြို့**

## မွေးသက္ကရာဇ်အမှန်

ဦးရန်ကျင်း၏သား Winners' Academy ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်မျိုးမင်းအောင်(ခ)စီချွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၀-၂၀၀၀ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၂၀/၄၅ ရပ်ကွက်၊ မကွေး(၅)လမ်း၊ အမှတ် ၁၈၇ (က)နေ ဦးမိုးကျော်၏သမီး မခင်မိုးမိုးအေး၁၂/ရပသ(နိုင်)၀၆၂၁၂၁ နှင့် မခင်မို့မို့အေးမှာ တစ်ဦးတည်းဖြစ်ပါသည်။

**ခင်မို့မို့အေး(ခ)ခင်မိုးမိုးအေး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/2507၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇C/၁၈၅၉ Toyota Ipsum ACM 21,S/W(4x2)® ယာဉ်လက်ဝယ်ရှိသူသည် ဒေါ်ခင်စန်းဝင်း ၉/ပမန(နိုင်)၀၂၅၃၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်းအောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)**
**ပြည်ခရိုင်တရားမရုံး၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၁**

| | | |
|---|---|---|
| ဒေါ်မေသင်းလှိုင် | **နှင့်** | ဦးကျော်ကျော် |
| **တရားလို** | | **တရားပြိုင်များ** |

ဦးကျော်ကျော်၊ ဗိုလ်ချုပ်လမ်း၊ ရွှေကြက်ဖ(ကြက်စာဆိုင်) ရွာဘဲရပ်ကွက်၊ ပြည်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ဒေါ်မေသင်းလှိုင်က အတင်းအဓမ္မကျူးကျော်သိမ်းပိုက်၍ လက်လွှတ်ဆုံးရှုံးခဲ့ရသော ခြံမြေကွက်အား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၂ ရက် (၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးချိန်းသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့်တင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇွန် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန့်ဇင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

| | | |
|---|---|---|
| ဒေါ်ရွှေ | **နှင့်** | ၁။ ဒေါ်အေးအေးသွင် |
| | | ၂။ ဒေါ်ခင်စု(ခ)မစုလေး |
| | | ၃။ ဦးမြင့်ဆွေ |
| **တရားလို** | | **တရားပြိုင်များ** |

တရားပြိုင်(၂) ဒေါ်ခင်စု(ခ)မစုလေး၊ တရားပြိုင်(၃)ဦးမြင့်ဆွေ (အတူနေလင်မယား) အမှတ် ၄၊ လမ်း ၈၀၊ ၈လမ်း၊ ဗောင်းတော်ကျရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မမှန်မကန် လိမ်လည်ရယူထားသော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်) မွန်းလွဲ ၁:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇွန် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးတောင်ပိုင်း ရပ်ကွက်နေ ဦးတင်မောင်ဝင်း၏သမီး အထက(၂)၊ ကျိုက်ထို တက္ကသိုလ်ဝင်တန်း(E)မှ မသန္တာစိုးအား မသဲနုစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ဦးခင်မောင်ဝင်း၏သား အောင်ဇော်လတ် ၁၂/ဥကတ(နိုင်) ၀၀၁၈၉၂ အား အောင်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အောင်ဇော်**

## အမည်ပြောင်းလဲခြင်း

အထက(၁) လှိုင်၊ Grade-(11)B တွင် ပညာသင်ကြားနေသော ဦးစိုးမိုးသိန်း ၁၂/လမန(နိုင်)၁၅၈၃၆၃ ၏ သမီးဖြစ်သူ မမိုးပပအား မမေမြတ်ချယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ခင်ပွန်းအဖြစ်မှမသက်ဆိုင်ပါ

သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာနေ ဦးကျော်တင့်၏သား ဒေါ်စောကြိုင်၏တူ ကျွန်မ မစုစုမွန်၏ခင်ပွန်းဖြစ်သူ မောင်သက်ရှိုင်းအောင် ၁၀/သဖရ(နိုင်)၁၄၇၀၇၇ သည် ခွင့်မလွှတ်နိုင်သော ကိစ္စများပြုလုပ်ပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါ။

**မစုစုမွန် ၁၀/သဖရ(နိုင်)၁၄၇၁၇၁**

# "ဂုဏ်ယူဝမ်းမြောက်ခြင်း"

## ကမ္ဘောဇဘဏ်လီမိတက် ၏ ဘဏ်ခွဲ "၄၀၀" မြောက်

ကို ၂၈.၆.၂၀၁၆ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၆ ခုနှစ်၊ မေလနှင့် ဇွန်လအတွင်း ထိုင်းနိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့၌ နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင်များ ရရှိခဲ့ခြင်းနှင့် နိုင်ငံခြားဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းများအတွက် ကမ္ဘောဇဘဏ်လီမိတက် နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

ဦးအောင်မြတ်
အုပ်ချုပ်မှုဒါရိုက်တာ
**Mother Trading & Construction Co., Ltd.**

**မသဒ္ဒါ(BA English)**
မူလတန်းဘာသာစုံစာသင်ဝိုင်းများ အိမ်တိုင်ရာရောက်သင်ပေးသည်။
ဖုန်း-၀၉-၇၉၆၀၂၈၅၂၄၊ ၀၉-၄၉၂၈၈၂၅၈

**ပျောက်ဆုံးကြောင်း**
PRIME International Trading & Logistics(Myanmar)Ltd. မှ Custom Department မှထုတ်ပေးထားသော Import Declartion No.146315 စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၇၃၇၆၀

**ပျောက်ဆုံးခြင်း**
ကျွန်တော် မောင်ပြည့်ဟိန်းကျော်၏ CDC-96031 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါ။ **ဆက်သွယ်ရန်**
ဖုန်း-၀၉-၄၃၁၆၄၂၃၁
၀၉-၇၈၇၈၄၄၈၄၁

**ကန့်ကွက်နိုင်ကြောင်းကြေညာ**
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ မြေကွက်အမှတ် (၃၈၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၃၈၃/ခ)၊ သီရိမာလာလမ်း၊ (၁၉/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရောင်းသူ ဦးစန်းမြင့် PPN-၀၈၆၈၁၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအိမ်အား ဝယ်သူ ဦးမောင်သိန်းဝင်း ၁၄/ငပတ(နိုင်)၀၆၅၀၃၇မှ ဝယ်ယူရာတွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးမောင်သိန်းဝင်း**
**၁၄/ငပတ(နိုင်)၀၆၅၀၃၇**
**ဖုန်း-၀၉-၇၇၁၈၆၀၇၂၅**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၉ယ/၂၇၀၃၂၊ New Anbo 125ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်မြတ် ၈/မမန(နိုင်)၁၇၇၈၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**★နေမင်းခြင်္ကာ★**
ရာထူးဝင်သင်တန်းကြီး
☆စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
☆စိုက်ပျိုး၊ကျွန်းမာ၊ပို့/ဆက်သွယ်ရေး
☆စည်ပင်သာယာရေး
– အငယ်တန်းအင်ဂျင်နီယာ–၁၅နေရာ
– အခွန်အကောက်–၁၀နေရာ
➢မှတ်စုမှတ်တမ်းတွင် အားလုံးထက်ပိုမိုသာလွန်မှုမရှိက ငွေပြန်အမ်းမည်။
➢အပြည့်စုံဆုံး မှတ်စုစာအုပ်များကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ပြည်၊ မုံရွာ၊ ချင်းမနား၊ မကွေးမြို့ကြီးများရှိ စာအုပ်ဆိုင်များတွင် လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။
ဝုံစင်ရန် ။ ။ အနော်ရထာအိမ်ရာဝင်းအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊ Ice Berry ရှေ့မျက်နှာချင်းဆိုင်၊ လှည်းတန်း၊ကမာရွတ်မြို့နယ်။
Ph: 09 4200 42200, 09 26433 5331, 09 777 6981 67

**ဖခင် အမည်မှန်**
ပေါင်မြို့နယ်၊ ရင်းငြိမ် အထက အဌမတန်းမှ စောလေးမောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၁၀/ပမန(နိုင်)၀၈၇၀၁၂ ဖြစ်ပါသည်။ **ဦးမြင့်အောင်**

**တရားဝင်ပိုင်ဆိုင်ကြောင်း အသိပေးကြေညာချက်**
ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးဘဟန်လမ်း၊ အမှတ်(၁၅/၁၆)နေ ဦးစောမောင်၏သား ကျွန်ုပ်၏အမှုသည် ဦးအောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်-
ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ (၄)လမ်းရှိ မြေကွက်အမှတ်(၅၂၁) အား ဦးအောင်မြင့်မှ ၁-၁၁-၁၉၉၈ ခုနှစ်တွင် တရားဝင်စာချုပ်စာတမ်း ပြုလုပ်၍ ဝယ်ယူခဲ့ပြီး ယနေ့တိုင်လက်ရောက်ရရှိပြီး တရားဝင်ပိုင်ဆိုင်လျက်ရှိပါသည်။
ထိုအချင်းဖြစ် မြေကွက်နှင့်ပတ်သက်၍ ဦးဝင်းနိုင်မှ ဒေါ်ဇီယာပါ(၆)ဦးတို့အပေါ် ဓနုဖြူမြို့နယ် တရားရုံးတော်တွင် တရားမကြီးမှုအမှတ် (၁၄၄/၂၀၁၁)ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုကို စွဲဆိုခဲ့ပါသည်။ ဓနုဖြူမြို့နယ် တရားရုံးတော်မှ ၁၆-၇-၂၀၁၂ရက်တွင် တရားလိုဦးဝင်းနိုင်၏ အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။
ယခုအခါ ဦးဝင်းနိုင်နှင့် ဦးလှဝင်းတို့မှ အမွေဆိုင်ပစ္စည်းဟုဆိုကာ နှောင့်ယှက်လျက်ရှိပါသည်။ အကယ်၍ ထိုမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဆိုပါက ခုနစ်ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာပါသည်။ ဤသို့မဟုတ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
**ဦးအောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးလှိုင်**
**အထက်တန်းရှေ့နေကြီး**
**B.A(Myanmar), M.A(Q),H.G.P (8213)**
**အမှတ်(၂၈)၊ ကမ်းနားလမ်း၊ (၈)ရပ်ကွက်၊**
**ဓနုဖြူမြို့**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ယာဉ်စည်းကမ်းပညာပေးဟောပြောပွဲ ကျင်းပ

**ကလေး ဇွန် ၃၀**

ကလေးတက္ကသိုလ်နှင့် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်ဆွေက အမှာစကားပြောကြားပြီး ကလေးခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်းက မူးယစ်ဆေးဝါး သမိုင်းကြောင်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များအကြောင်း၊ ကလေးခရိုင် ဥပဒေအရာရှိ ဦးလှမိုးက မူးယစ်ဆေးဝါးဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်တပ်ဖွဲ့စု(၅)ကလေးမှ ဒုရဲမှူးလှထွေးက မူးယစ်ဆေးဝါး အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းတို့ကို ပညာပေးဟောပြောသည်။

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့(ကလေး)မှ ဒုရဲမှူးမောင်မောင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရေး၊ ကလေးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးလှမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများအကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းက မှုခင်းကျဆင်းရေးဆိုင်ရာများနှင့် ကလေးခရိုင် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးအသင်း(MANA)မှ ဒုတိယဥက္ကဋ္ဌ ဦးလှဝင်းက မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအကြောင်းတို့ကို ဟောပြောခဲ့ကြသည်။

**ဂျူနိုင်း**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော် ရုံးအမှတ်(၄၂) နယ်စပ်ရေးရာဝန်ကြီးဌာနရုံး၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးသင်တန်းနှင့် ဟောပြောပွဲကို ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့် ဝန်ထမ်းများက ယာဉ်မတော်တဆမှုများ ဖြစ်ပွားရသည့် အကြောင်းအရင်းနှင့် မဖြစ်ပွားစေရန် သတိပြုလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ မော်တော်ယာဉ်ဥပဒေပါ တားမြစ်ချက်များနှင့် ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် သင်တန်းတက်ရောက်ပြီးသူများအား 'က' ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီး စစ်ဆေးဖြေဆိုနိုင်ရန်အတွက်လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး၌ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# မြောက်ဦးလေယာဉ်ကွင်း မြေနေရာများအတွက် လျော်ကြေးငွေပေးအပ်

**မြောက်ဦး ဇွန် ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ လေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်သွားသည့် ဒေသခံတောင်သူများ၏ မြေများအတွက် လျော်ကြေးများကို ဇွန် ၂၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြောက်ဦးလေယာဉ်ကွင်း တည်ဆောက်ရာတွင် လိုအပ်မည့် မြေဧရိယာစုစုပေါင်း ၆၃၈ ဒသမ ၆၆ ဧကအတွက် မြေယာလျော်ကြေးငွေများ ပေးလျော်လျက်ရှိသည်။ မြေယာ ၃၂၇ ဒသမ ၂၃ ဧကအတွက် လျော်ကြေးငွေများကို ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက ပေးလျော်ခဲ့ပြီးဖြစ်ကာ ကျန်သော တောင်သူ ၁၂၇ ဦး ပိုင်ဆိုင်သည့် မြေယာ ၃၁၁ ဒသမ ၄၃ ဧကအတွက် လျော်ကြေးငွေများကို ဇွန် ၂၈ ရက်တွင် ထပ်မံပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မြေယာလျော်ကြေးငွေ ကျပ် ၄၉၈၂ ဒသမ ၈၈ သိန်းကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ လျော်ကြေးငွေများကို ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်က တောင်သူများထံသို့ လေယာဉ်ကွင်း တည်ဆောက်လျက်ရှိသည့် စီမံကိန်းရှင်းလင်းဆောင်၌ ပေးအပ်ခဲ့ရာ ဒေသခံတောင်သူများကိုယ်စား တောင်သူဦးမောင်သိန်းထွန်းက လက်ခံရယူခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်စေရန်၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဒေသထွက်ပစ္စည်းများ ကုန်သွယ်ပို့ဆောင်ရာတွင် လျင်မြန်လွယ်ကူစေရန်နှင့် မြောက်ဦးမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်နယ်အစိုးရအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတက်ရောက်လာကြသော တောင်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ယခု မြောက်ဦးမြို့နယ်လေယာဉ်ကွင်း မြေနေရာများကို လျော်ကြေးပေးအပ်ရာတွင် ဒေသပေါက်ဈေးအတိုင်း ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြောက်ဦးလေဆိပ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လေယာဉ်ပြေးလမ်း အချောသပ်ခြင်းနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ART လေယာဉ်များ စမ်းသပ်ဆင်းတက်နိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်မဲ ဇွန် ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ် ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ် ပြည်သူ့အင်အားဦးစီးဌာနက ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ ကျောက်မဲမြို့ အထက(၁) ကျောင်း၌ ဇွန် ၂၈ ရက်က သွားရောက်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောက်မဲမြို့နယ် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဌေးနှင့် ဝန်ထမ်းများက အခမဲ့ ကွင်းဆင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံသား စိစစ်ရေးကတ်ပြားများ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စ ားလှယ် ဦးစိုင်းအုန်းကျော်တို့က လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မော်လမြိုင် ဇွန် ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်အရ မော်လမြိုင်မြို့နယ်အတွင်းမှ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို မော်လမြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနက ကွင်းဆင်းပြုလုပ်ပေးလျက်ရှိသည်။

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးရာတွင် ဇွန် ၂၃ ရက်က မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၂၅ ဦးအားလည်းကောင်း၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၁၃ ဦးအားလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်များကို ထုတ်ပေးခဲ့ကာ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနေမှုကို မွန်ပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏကျော်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **(၁၁၀)**

# စပါးမျိုးသန့်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲ ပြုလုပ်

**ရေဦး ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် မျိုးသန့်မျိုးစေ့ထုတ်လုပ်မည့် တောင်သူများအား စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲကို ရေဦးမြို့နယ်(မျိုးစေ့ဌာနခွဲ) ရေဦးမျိုးသန့်ခြံ၌ ဇွန် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

သင်တန်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းက "အခုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးအတွက် အခြေခံကျတဲ့ စိုက်ပျိုးမြေတွေများစွာရှိနေပါတယ်။ စပါးအရည်အသွေး ပြည့်ဝဖို့အတွက် သူများနိုင်ငံတွေတောင်မှ လုပ်နိုင်သေးရင် ကျွန်တော်တို့နိုင်ငံလို စိုက်ပျိုးမြေတွေပေါပြီး သဘာဝတောတောင် ရေမြေတွေပေါများတဲ့နိုင်ငံက တကယ်လုပ်ရင် ပိုမိုဖြစ်ထွန်းပြီး အထွက်နှုန်းတိုးတက်လာမှာ အသေအချာပဲလို့ ပြောလို့ရတယ်"ဟု အမှာစကားပြောကြားသည်။ ထို့နောက်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များနှင့် အစိုးရသစ်လက်ထက်တွင် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် တိုးချဲ့လုပ်ကိုင်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်သည့် နည်းပညာပေးသင်တန်းသို့ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ ယင်းမာပင်ခရိုင်၊ စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနများမှ သင်တန်းသား ၁၃၄ ဦးနှင့် မျိုးစေ့ထုတ်လုပ်မည့်တောင်သူ ၄၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော်က စပါးသီးနှံ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သည့် နည်းပညာအဆင့်ဆင့်၊ ရွှေဘိုခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်မကြွယ်ဝင်းက မျိုးစေ့ဥပဒေ၊ တိုင်းဒေသကြီး မျိုးစေ့ဌာနခွဲမှ တာဝန်ရှိသူများက မျိုးစေ့အရည်အသွေး စစ်ဆေးခြင်းနှင့် မျိုးကွဲပယ်ခြင်းနည်းပညာများကို သင်ကြားပို့ချပေးခဲ့သည်။ ထို့နောက် သင်တန်းသားများက စိုက်ကွင်းအတွင်းသို့ သွားရောက်ကာ မျိုးကွဲပယ်ခြင်းနှင့် ပေါင်းမြက်နှိမ်နင်းခြင်းနည်းစနစ်များကို လက်တွေ့ပြုလုပ် လေ့လာခဲ့ကြကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပြိုင်ပွဲ ဟားခါးမြို့၌ကျင်းပ

**ဟားခါး ဇွန် ၃၀**

ကျောင်းသားကျောင်းသူများ ကျောင်းပညာသာမက ဘက်စုံထူးချွန်ထက်မြက်စေရေးအတွက် ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပြိုင်ပွဲကို ဟားခါးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ဇွန် ၃၀ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထလာအီယာန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပုမ်ခန့်နွမ်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ကျပန်းစကားပြောပြိုင်ပွဲတွင် 'အလိမ္မာစာမှာရှိ' ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ငါးဦးတို့ကလည်းကောင်း၊ စကားရည်လုပြိုင်ပွဲတွင် မူးယစ်ဆေးဝါးအကြောင်းနှင့်စပ်လျဉ်း၍ အဖွဲ့ငါးဖွဲ့မှ ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က အဆိုနှင့်အချေ ပြောသူများအဖြစ်လည်းကောင်း အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**





# အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်

အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ လူးဝစ်ဆီဂူရာသည် ပြီးခဲ့သည့် တနင်္လာနေ့တွင် ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်သွားခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ၁၉၇၉ ခုနှစ်မှ စတင်တာဝန်ယူနေခဲ့သူ ဂျူလီယို ဂရွန်ဒိုနာသည် ၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကွယ်လွန်ခဲ့ပြီးနောက် ဆီဂူရာက အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရာထူးကို ဆက်ခံခဲ့ခြင်းဖြစ်သည်။

ဥက္ကဋ္ဌ ဆီဂူရာသည် ပြီးခဲ့သည့် တနင်္လာနေ့တွင် အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်၏ ရုံးချုပ်တွင် ရှိနေစဉ်အတွင်း ဘောလုံးအဖွဲ့ချုပ်ရုံးချုပ်ကို ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှု ထွက်ပေါ်ခဲ့ပြီးနောက် ဥက္ကဋ္ဌ ဆီဂူရာသည် အဆိုပါအဆောက်အအုံမှ ချက်ချင်းထွက်ခွာသွားခဲ့သည်။

အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ဥက္ကဋ္ဌ ဆီဂူရာသည် ရာထူးမှနုတ်ထွက်စာကို အသင်းတာဝန်ရှိသူများထံ ချက်ချင်းပေးပို့ခဲ့ကာ ဥက္ကဋ္ဌရာထူးသက်တမ်းကုန်ဆုံးခဲ့သည့် ဇွန် ၃၀ ရက်အထိ အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ် ရုံးချုပ်သို့ ပြန်လာတော့မည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

ဥက္ကဋ္ဌ ဆီဂူရာ၏နေရာတွင် ယာယီဥက္ကဋ္ဌအဖြစ် ဒါမိန်းဒူပူလိုက်က တာဝန်ယူဖွယ်ရှိနေသည်ဟု ဆိုသည်။ အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်အတွင်း မတည်ငြိမ်မှုများ ဖြစ်ပေါ်နေပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က အာဂျင်တီး နားဘောလုံးအဖွဲ့ချုပ်အား အရေးယူမှုများပြုလုပ်မည်ဟု သတိပေးမှုများလည်း ထွက်ပေါ်နေသည်။

ရာပြည့် ကိုပါအမေရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်းက ချီလီအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အရေးနိမ့်ခဲ့ပြီးနောက် အာဂျင်တီးနားအသင်းခေါင်းဆောင်ဖြစ်သူ လီယွန်နယ်မက်ဆီသည် နိုင်ငံအသင်းကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

# အင်္ဂလန်အသင်းမန်နေဂျာရာထူးအတွက် ဆောက်ဂိတ် ရေပန်းစားနေ

အင်္ဂလန်လက်ရွေးစင်အသင်း မန်နေဂျာရာထူးမှ နုတ်ထွက်သွားသူ ရွိုင်ဟော့ဂ်ဆန်၏နေရာတွင် အစားထိုးခန့် အပ်ခံရရန်အတွက် အင်္ဂလန်ခံစစ်မှူးဟောင်း ဂရေမီဆောက်ဂိတ်သည် ရေပန်းအစားဆုံး ဖြစ်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၄၅ နှစ်အရွယ်ရှိ ဆောက်ဂိတ်သည် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ် အထိ မစ်ဒယ်ဘရော့အသင်း မန်နေဂျာအဖြစ် တာဝန်ယူခဲ့ပြီး လက်ရှိအချိန်တွင် အင်္ဂလန် ယူ-၂၁ အသင်း မန်နေဂျာအဖြစ် တာဝန်ယူနေသူဖြစ်သည်။

မန်နေဂျာ ရွိုင်ဟော့ဂ်ဆန်နှင့် အင်္ဂလန်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ယူရို ၂၀၁၆ ပြိုင် ပွဲအပြီးတွင် ကုန်ဆုံးမည်ဖြစ်ပြီး အင်္ဂလန်အသင်းက အိုက်စလန်အား ၂-၁ ဖြင့် အရေးနိမ့်ခဲ့သော ယူရို ၂၀၁၆ ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အပြီးတွင် မန်နေဂျာ ရွိုင်ဟော့ဂ်ဆန်က ရာထူးမှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်မန်နေဂျာရာထူးအတွက် ဂယ်ရီနဗီးလ်နှင့် အင်္ဂလန်ခံစစ်မှူးဟောင်း တစ်ဦးဖြစ်ပြီး လက်ရှိအချိန်တွင် ဘုန်းမောက်အသင်း မန်နေဂျာအဖြစ် တာဝန်ယူနေသူ အက်ဒီဟိုဝီတို့လည်း ထင်ကြေးပေးခံနေရသည်။ အင်္ဂလန်နှင့် မန်ယူခံစစ်မှူးဟောင်း ဂယ်ရီနဗီးလ်သည် မန်နေဂျာ ရွိုင်ဟော့ဂ်ဆန်နှင့်အတူ အင်္ဂလန်အသင်းတွင် လက်တွဲခဲ့ပြီး မန်နေဂျာ ရွိုင်ဟော့ဂ်ဆန် ရာထူးမှနုတ်ထွက်သွားချိန်တွင်လည်း အင်္ဂလန်အသင်းမှ ထွက်ခွာခဲ့သူဖြစ်သည်။

အင်္ဂလန်အသင်းတိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ အလန်ရှီးယားကလည်း အင်္ဂလန်အသင်း မန်နေဂျာအဖြစ် တာဝန်ယူရန် စိတ်ဝင်စားမှုရှိနေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

**ရွိုင်ဟော့ဂ်ဆန်၏နေရာတွင် အစားထိုးခန့် အပ်ခံရရန်အတွက် အင်္ဂလန်ခံစစ်မှူးဟောင်း ဂရေမီဆောက်ဂိတ်သည် ရေပန်းအစားဆုံးဖြစ်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြ**



# တိုက်စစ်မှူး ဂိုမက်ဇ်နဲ့ အီတလီကို အကောင်းဆုံး ကျော်ဖြတ်မယ့် ဂျာမနီ



အောင်က

**ပြီးခဲ့တဲ့ကမ္ဘာ့ဖလားကိုကြည့်မယ်ဆိုရင် ဂျာမနီအသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ ရုန်းကန်နေရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဂျာမနီဟာ အုပ်စုအဆင့်မှာ ပေါ်တူဂီကို ၄-၀ ဂိုးပြတ်နဲ့ အနိုင်ရခဲ့တယ်ဆိုပေမယ့် ပွဲချိန် ၃၇ မိနစ်မှာ ပေါ်တူဂီနောက်တန်းခံစစ်မှူး ပီပီအနီကတ်အပြခံခဲ့ရတာကြောင့်လည်း အခုလို ဂိုးတွေပြတ်သွားခဲ့တာဖြစ်ပါတယ်။ ဂါနာနဲ့ အယ်ဂျီးရီးယားပွဲတွေမှာလည်း ပွတ်ကာသီကာနဲ့ ဖြတ်ကျော်နိုင်ခဲ့တယ်လို့ဆိုရမှာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် နည်းပြဂျိုအာချင်လိုဟာ အသင်းရဲ့ပြဿနာတွေနဲ့ပတ်သက်ပြီး ကွာတားဖိုင်နယ်အပြီးမှာတော့ အကောင်းဆုံးဖြေရှင်းနိုင်ခဲ့ပါတယ်။ အဲ့ဒါကတော့ လိုအပ်နေတဲ့ ဗဟိုတိုက်စစ်နေရာနဲ့ ညာနောက်တန်းနေရာတွေကို ဝါရင့်တိုက်စစ်မှူး ကလိုဆေးနဲ့ ခံစစ်မှူး ဖီးလစ်လမ်းတို့ကို အစားထိုးလိုက်ခြင်းဖြစ်ပါတယ်။ အခုတော့ ဂျာမနီအသင်းဟာ အရင်တုန်းကလို အလားတူပြဿနာမျိုး ရင်ဆိုင်နေခဲ့ရတယ်လို့ပြောရမှာလည်း ဖြစ်ပါတယ်။**

ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားအပြီးမှာတော့ ကလိုဆေးနဲ့ ဖီးလစ်လမ်းတို့ အသင်းကနေ အနားယူသွားခဲ့တာကြောင့် ဂျာမနီအသင်းကိုပြဿနာတွေနဲ့ထားခဲ့ပြီလို့တောင် ပြောရမလိုဖြစ်နေခဲ့ပါတယ်။ ဂျာမနီအသင်းဟာ ခြေစစ်ပွဲအဆင့်မှာ နှစ်ပွဲတောင်ရှုံးနိမ့်ခဲ့ပြီး ခံစစ်ပိုင်းအားနည်းမှုတွေကလည်း သိသာလှပါတယ်။ မကြာသေးခင်က ကစားခဲ့တဲ့ စလိုဗက်ကီးယား၊ အင်္ဂလန်အသင်းတို့နဲ့ကစားခဲ့တဲ့ ခြေစမ်းပွဲ နှစ်ပွဲစလုံးမှာလည်း ဂျာမနီအသင်းဟာ အရှုံးနဲ့ပဲရင်ဆိုင်ခဲ့ရပါတယ်။ အခုပြိုင်ပွဲမှာလည်း ဂျိုအာချင်လိုဟာပြီးခဲ့တဲ့ ကမ္ဘာ့ဖလားတုန်းကလို့ အလားတူဖြစ်ရပ်မျိုးနဲ့ ရင်ဆိုင်နေရပြီလို့ပြောရမှာလည်း ဖြစ်ပါတယ်။ ဂျာမနီအသင်းရဲ့ ပြီးခဲ့တဲ့ပွဲတွေကိုကြည့်မယ်ဆိုရင်တော့ ခံစစ်ပိုင်းကောင်းမွန်တဲ့အခါ ဂိုးတွေမသွင်းယူနိုင်သလို တိုက်စစ်ပိုင်းကောင်းမွန်နေတဲ့အခါမှာလည်း ခံစစ်ပိုင်းအားနည်းတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဂျာမနီအသင်းရဲ့ ဟန်ချက်ပိုင်းဟာ အနည်းငယ်လိုအပ်မှုရှိနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ယူကရိန်းအသင်းနဲ့ပွဲမှာတော့ ဂျာမနီအသင်းအနေနဲ့ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိအောင် ကစားနိုင်ခဲ့ပေမယ့် ပိုလန်နဲ့ပွဲမှာတော့ ဂိုးမရှိသရေကျခဲ့ပြီး ဂိုးရရှိဖို့ ရုန်းကန်နေခဲ့ရပါတယ်။ ဒါပေမယ့် အခုတော့ ဂျာမနီအသင်းဟာ ဘရာဇီး ကမ္ဘာ့ဖလားမှာ လုပ်ဆောင်ခဲ့သလိုပဲ အသင်းရဲ့အဓိကလိုအပ်နေတဲ့ ဗဟို ကွင်းလယ်နေရာနဲ့ ညာနောက်တန်း ခံစစ်နေရာတွေကို ပြန်လည်ဖြည့်တင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဂျာမနီရဲ့ အချိန်မီပြုပြင်ပြောင်းလဲမှုတွေကတော့ လူတိုင်းအတွက် သတိထားစရာဖြစ်စေခဲ့ပါတယ်။

ဂျာမနီအသင်းဟာ မြောက်အိုင်ယာလန်အသင်းကို ၁-၀ နဲ့ နိုင်ခဲ့တယ်ဆိုတာကတော့အမှန်ပါပဲ။ ဒါပေမယ့် အဲ့ဒီပွဲမှာတော့ ဂိုးပေါက်ကန်သွင်းယူမှုက (၂၈)ကြိမ်အထိတောင် ရှိခဲ့တာကတော့ အံ့သြစရာပါပဲ။ စလိုဗက်ကီးယားအသင်းနဲ့ပွဲမှာတော့ ဂျာမနီအသင်းရဲ့ ဂိုးပေါက်ကန်သွင်းမှုဟာ (၂၁)ကြိမ်သာရှိခဲ့ပေမယ့် ဂိုးပေါက်တည့်မှု ခုနစ်ကြိမ်ရှိခဲ့တာကြောင့် ၃-၀နဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဂျာမနီဟာ အဲ့ဒီအနိုင်ရရှိခဲ့တဲ့ပွဲတွေမှာတော့ မာရီယိုဂိုမက်ဇ်ကို ပြီးခဲ့တဲ့ကမ္ဘာ့ဖလားမှာ ကလိုဆေးကို အသုံးပြုခဲ့သလိုမျိုး ဗဟိုတိုက်စစ်နေရာမှာ အသုံးပြုလုပ်တာလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး သောမတ်မူလာကိုတော့ နောက်ချန်တိုက်စစ်မှူးအဖြစ် ကစားစေခဲ့ပါတယ်။ မူလာအနေနဲ့ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ နှစ်ရပ်မှာ ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်ပေမယ့် လက်ရှိယူရိုပြိုင်ပွဲမှာတော့ ဂိုးရရှိဖို့အတွက် ရုန်းကန်နေရသူလို့ ပြောရမှာဖြစ်ပါတယ်။

ဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ရာသီက တူရကီကလပ် ဘက်ရှီးတပ်စ်အသင်းနဲ့အတူ ၂၆ ဂိုး သွင်းယူပေးထားခဲ့သူဖြစ်ပေမယ့် ဂျာမနီအသင်းအတွက်တော့ အရေးကြီးတဲ့ကစားသမားတစ်ဦးအဖြစ် အထင်မခံခဲ့ရပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ပွဲတွေမှာတော့ ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုအနေနဲ့ အသင်းရဲ့ဗဟိုတိုက်စစ်နေရာအတွက် ဂိုမက်ဇ်ကို ဖြည့်တင်းခဲ့ခြင်းဟာ အကောင်းဆုံးဖြစ်ခဲ့တယ်ဆိုတာကိုတော့ ဘယ်သူမှ ငြင်းဆိုလို့မရပါဘူး။ ဒါ့အပြင် ဂျာမနီအသင်းဟာ အသင်းရဲ့ ညာနောက်ခံနေရာအတွက် လူငယ်ခံစစ်မှူး ကင်မစ်ချ်က ဝင်ရောက်ကစားခဲ့ပါတယ်။ ကင်မစ်ချ်ရဲ့ အိုင်ယာလန်အသင်းနဲ့ပွဲမှာပါဝင်ကစားခဲ့ခြင်းဟာ သူ့ရဲ့နိုင်ငံအသင်းနဲ့အတူ ဒုတိယမြောက် ပါဝင်ကစားခဲ့တဲ့ပွဲလို့ဆိုရမှာလည်း ဖြစ်ပါတယ်။ စလိုဗက်ကီးယားအသင်းနဲ့ပွဲကတော့ သူရဲ့ဂျာမနီအသင်းနဲ့ သုံးပွဲမြောက် ပါဝင်ကစားခဲ့ခြင်းဖြစ်ပါတယ်။ သူပါဝင်ကစားခဲ့ခြင်းဟာ ဂျာမနီအသင်းအတွက် လိုအပ်နေတဲ့ ဖီးလစ်လမ်းကွက်လပ်ကို အကောင်းဆုံးဖြေရှင်းနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ အိုင်ယာလန်အသင်းနဲ့ပွဲမှာ အဓိကပေးပို့မှု လေးကြိမ်ပြုလုပ်ပေးနိုင်ခဲ့သလို စလိုဗက်ကီးယားအသင်းနဲ့ပွဲမှာတော့ ဘောလုံးလုယူနိုင်မှုနဲ့ ဘောလုံးဖြတ်ယူနိုင်မှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အသင်းမှာလည်း ပိုမိုခြေစွမ်းပြကစားနိုင်ခဲ့ပါတယ်။

ဒါကြောင့် ဂျာမနီအသင်းရဲ့ လက်ရှိစုဖွဲ့မှုမှာတော့ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားတုန်းကလို ကြုံတွေ့ခဲ့ရတဲ့ အသင်းရဲ့ဗဟိုတိုက်စစ်ပိုင်း ပြဿနာနဲ့ ညာနောက်ခံနေရာတို့နဲ့ ပတ်သက်တဲ့ပြဿနာကို တိုက်စစ်မှူး ဂိုမက်ဇ်၊ လူငယ်ခံစစ်မှူး ကင်မစ်ချ်နဲ့ အကောင်းဆုံးဖြေရှင်းထားနိုင်ခဲ့ပြီလို့ ပြောရမှာဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ လာမည့် ယူရို ၂၀၁၆ ကွာတားဖိုင်နယ်ပွဲစဉ်မှာတော့ ခံစစ်အားကောင်းတဲ့ အီတလီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အသင်းအတွက် လိုအပ်ချက်တွေကို အချိန်မီပြုပြင်ထားတဲ့ ဂျာမနီအသင်းအနေနဲ့ ဂိုမက်ဇ်ရဲ့ တိုက်စစ်အားနဲ့ အီတလီကို အကောင်းဆုံး ကျော်ဖြတ်သွားဖို့ရှိနေတယ်လို့ ဆိုရမှာလည်း ဖြစ်ပါတယ်။

**ဂျာမနီအသင်းဟာ လာမည့် ယူရို ၂၀၁၆ ကွာတားဖိုင်နယ် ပွဲစဉ်မှာတော့ ခံစစ်အားကောင်းတဲ့ အီတလီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်အသင်းအတွက် လိုအပ်ချက်တွေကို အချိန်မီပြုပြင်ထားတဲ့ ဂျာမနီအသင်းအနေနဲ့ ဂိုမက်ဇ်ရဲ့ တိုက်စစ်အားနဲ့ အီတလီကို အကောင်းဆုံး ကျော်ဖြတ်သွားဖို့ရှိနေတယ်လို့ ဆိုရမှာလည်းဖြစ်**

ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ ရှုံးထွက်အဆင့်ပွဲစဉ်မှာ ဝေးလ်က မြောက်အိုင်ယာလန်ကိုနိုင်တယ်။ ဒီတော့နိုင်ငံတကာ ပြိုင်ပွဲကြီးတစ်ခုမှာ ဒုတိယအကြိမ်အဖြစ် ကွာတားဖိုင်နယ်အဆင့်ကို တက်လာနိုင်တယ်။ အထူးသဖြင့် ဝေးလ်ဆိုတာက နိုင်ငံတကာပြိုင်ပွဲကြီးတွေရဲ့ နောက်ဆုံးအဆင့်ပွဲစဉ်တွေဆီ ၁၉၅၈ ခုနှစ်နောက်ပိုင်း တစ်ကြိမ်မှတက်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ခြင်း မရှိခဲ့ဘူး။ အရှင်းဆုံးပြောရရင် အဆိုပါ ၁၉၅၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဝေးလ်ဟာ နိုင်ငံတကာအဆင့်ပြိုင်ပွဲတွေရဲ့ နောက်ဆုံးအဆင့်ပြိုင်ပွဲတွေဆီ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကာ အဆိုပါပြိုင်ပွဲအတွင်း ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီးတဲ့နောက် အခုနှစ်ပေါင်း ၆၀ နီးပါးကြာမှ နိုင်ငံတကာအဆင့်ပြိုင်ပွဲတွေရဲ့ နောက်ဆုံးအဆင့်ပွဲစဉ်တွေဆီ ဒုတိယအကြိမ် တက်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့တာဖြစ်သလို အခုပြိုင်ပွဲမှာလည်း ကွာတားဖိုင်နယ်အဆင့်ကို ထပ်မံတက်လှမ်းလာနိုင်ခဲ့တာဆိုတော့ ဝေးလ်အကြောင်းက ပြောဆိုဆွေးနွေးချင်စရာဖြစ်လာခဲ့တယ်။

# ယူရို ၂၀၁၆ မှာ သတိပြုရတော့မယ့် ဝေးလ်



**ဝေမိုးဆက်**



ပြောမယ်ဆိုရင် ဝေးလ်ဟာ နိုင်ငံတကာအဆင့် ပြိုင်ပွဲကြီးတွေမှာ ဒီတစ်ကြိမ်ဟာ ဒုတိယအကြိမ် ပြိုင်ပွဲဝင်ခွင့် ရရှိခဲ့မှုဖြစ်ပြီး ယူရိုပြိုင်ပွဲတွေမှာဆိုရင် အရင်က တစ်ကြိမ်မှ ခြေစစ်ပွဲမအောင်ခဲ့ရာကနေ အခု ယူရိုပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း အရေအတွက် တိုးမြှင့်လိုက်မှုနဲ့အတူ ပထမဦးဆုံးအကြိမ်အဖြစ် နောက်ဆုံးအဆင့်ကို တက်လှမ်းလာတဲ့ ဝေးလ်ဟာ ဆိုခဲ့ပြီးတဲ့အတိုင်း ဒီပြိုင်ပွဲမှာ ခြေစွမ်းပြနိုင်ခဲ့တာဆိုတော့။ ဒီပြိုင်ပွဲမှာဝေးလ်အနေနဲ့ ဘယ်အဆင့်အထိ ထပ်မံတက်လှမ်းနိုင်မလဲဆိုတာက စိတ်ဝင်စားစရာကောင်းလာတယ်။

အထူးသဖြင့် ဝေးလ်ဟာ အုပ်စုတွင်းပွဲစဉ်တွေမှာ မျှော်လင့်ထင်မှတ်ထားတာထက်ပိုမိုပြီး ခြေစွမ်းပြသနိုင်တယ်။ အဖွင့်မှာ ဆလိုဗက်ကီးယားကို အနိုင်ရသလို အုပ်စုနောက်ဆုံးပွဲစဉ်မှာလည်း ရုရှားကို ၃-၀ ဂိုးနဲ့ ဂိုးပြတ်အနိုင်ရတယ်။ အုပ်စုဒုတိယပွဲစဉ်တုန်းက အင်္ဂလန်ကို ရှုံးနိမ့်ခဲ့ရတယ်ဆိုသော်ငြား။ အဆိုပါပွဲစဉ်မှာ ဝေးလ်ဟာ အင်္ဂလန်ကို အကောင်းဆုံးရင်ဆိုင်ပြနိုင်တယ်။ ဦးဆောင်ဂိုးတောင်သွင်းယူနိုင်ခဲ့ပြီး ဗာဒီရဲ့ လူကျွံအနေအထားကနေ သွင်းယူတဲ့ဂိုးကြောင့်သာ ချေပဂိုးပြန်ပေးခဲ့ရတာဖြစ်သလို နောက်ဆုံးမိနစ်မှာ စတားရစ်ချ်ရဲ့ဂိုးကြောင့်လည်း ခြေမရှုံးဘဲ ပွဲရလဒ်သာ ရှုံးခဲ့တာဖြစ်ပြီး ရှုံးထွက်အဆင့်မှာလည်း မြောက်အိုင်ယာလန်ကို ထပ်မံအနိုင်ရယူနိုင်ခဲ့တာဆိုတော့ ဝေးလ်ရဲ့စွမ်းဆောင်နိုင်ရည်ဟာ ဒီပြိုင်ပွဲမှာ အသိအမှတ်ပြုချင်စရာသိပ်ကောင်းလာတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဝေးလ်ဟာ ပြိုင်ပွဲမတိုင်ခင်တုန်းက အများစုရဲ့ အထင်ကြီးလေးစားမှုကို မရရှိခဲ့ဘူး။ အထူးသဖြင့် ဝေးလ်မှာ ဂါရတ်ဘေးလ်လို ကမ္ဘာ့ထိပ်တန်းကစားသမားတစ်ဦး ပါဝင်နေတယ်ဆိုပေမယ့် ခြေစစ်ပွဲတွေအတွင်းမှာ ပြသခဲ့တဲ့ခြေစွမ်းက သာမန်အဆင့်ထက်မပိုခဲ့ဘူး။ အထူးသဖြင့် ဝေးလ်ရဲ့ တိုက်စစ်ပိုင်းကို အများစုက သံသယအမြင်နဲ့ စောင့်ကြည့်ခဲ့ကြတယ်။ ပြောရရင် ဝေးလ်ဟာ ခြေစစ်ပွဲတွေအတွင်းမှာ ၁၀ ပွဲကစားခဲ့ပြီး ၁၁ ဂိုးသာ သွင်းယူနိုင်ခဲ့တယ်။ ဒါ့အပြင် အဆိုပါ ၁၁ ဂိုးအနက်မှာလည်း ဂါရက်ဘေးလ်တစ်ဦးတည်းက ခုနစ်ဂိုးအထိ သွင်းယူပေးခဲ့တာဆိုတော့။ ဝေးလ်ရဲ့ ဂါရတ်ဘေးလ်အပေါ် မှီခိုအားပြင်းထန်မှုနဲ့အတူ ဝေးလ်ရဲ့ တိုက်စစ်ဟာ ယူရိုပွဲတွေမှာ ထက်မြက်မှုရှိပါ့မလားလို့ သံသယရှိခဲ့ကြတာဖြစ်တယ်။

ပြောမယ်ဆိုရင် ဝေးလ်ဟာ ခြေစစ်ပွဲ ၁၀ ပွဲမှာ ဂိုးမသွင်းနိုင်တဲ့ပွဲ လေးပွဲအထိရှိခဲ့တယ်။ ကျန် ခြောက်ပွဲမှာလည်း တစ်ဂိုးသာသွင်းနိုင်တဲ့ပွဲက နှစ်ပွဲရှိခဲ့တော့ ဝေးလ်ရဲ့ တိုက်စစ်ပိုင်းကို သံသယဖြစ် မှုဟာ ပိုမိုခိုင်မာခဲ့သလို ယူရိုမတိုင်ခင်ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာလည်း ဝေးလ်ဟာ နောက်ဆုံး ရှစ်ပွဲမှာ တစ်ပွဲသာ နိုင်ခဲ့တယ်။ အဆိုပါ တစ်ပွဲကလည်း အိုက်စလန်လိုအသင်းကိုသာ နိုင်ခဲ့သာဖြစ်ပြီး ကျန်ပွဲတွေမှာ အိုင်ယာလန်၊ ဖင်လန်၊ မြောက်အိုင်ယာလန်တို့ကိုတောင် သရေသာကစားနိုင်ပြီး ဟော်လန်၊ ယူကရိန်း၊ ဆွီဒင်တို့ကို အရေးနိမ့်ခဲ့ရကာ အဆိုပါရှစ်ပွဲမှာ ဝေးလ်တိုက်စစ်ကလည်း တစ်ဂိုးထက် ပိုသွင်းနိုင်တဲ့ပွဲ နှစ်ပွဲသာရှိခဲ့တာဆိုတော့ ဝေးလ်အပေါ် သက်ရောက်နေတဲ့ သံသယဟာ ပိုပြီးခိုင်မာခဲ့သလို ဒီယူရို ၂၀၁၆ မှာ ဝေးလ်အနေနဲ့ အုပ်စုအဆင့်ကိုတောင် ကျော်ဖြတ်နိုင်ပါ့မလားဆိုပြီး တွေးခဲ့ကြတယ်။

ဒါပေမယ့် တကယ့် လက်တွေ့ပြိုင်ပွဲဝင်လာတဲ့အခါမှာတော့ ဝေးလ်ရဲ့ခြေစွမ်းဟာ ထင်ထားတာထက် ပိုပြီး ကောင်းလာတယ်။ ဆိုခဲ့ပြီးတဲ့အတိုင်း နှစ်ပွဲအနိုင်နဲ့ အုပ်စုပထမနေရာတောင် အရယူနိုင်ခဲ့ပြီး အခုကွာတားအဆင့်အထိတောင် ရောက်ခဲ့တာဆိုတော့ ဝေးလ်ရဲ့ ခြေရည်ခြေသွေး ကောင်းမွန်လာမှုဟာ ဘာကြောင့်လဲဆိုတာ စိတ်ဝင်စားဖို့ဖြစ်လာတယ်။


တချို့ကတော့ ဝေးလ်ရဲ့စွမ်းဆောင်ရည်တိုးတက်လာခြင်းဟာ စိတ်ပိုင်းဆိုင်ရာကောင်းမွန်ခြင်းကြောင့်ရယ်လို့ သုံးသပ်ကြတယ်။ တကယ်တော့ ဝေးလ်ဟာ ရှေ့ပြိုင်ပွဲတွေအနက် ခြေစစ်ပွဲမအောင်မြင်ခဲ့သော်ငြား။ သူတို့ရဲ့ စုဖွဲ့မှုဟာ တောင့်တင်းမှုရှိတယ်လို့တောင် ဆိုနိုင်တယ်။ ပြောခဲ့ပြီးတဲ့အတိုင်း သူတို့မှာ ကမ္ဘာ့ထိပ်တန်းကစားသမား ဂါရတ်ဘေးလ်ရှိတယ်။ ပြီးတော့ ဂျိုးအယ်လန်၊ ရမ်ဆေး၊ ဗောင်ဂန်၊ အက်ရှ်လေဝီလီယံ၊ နေးလ်တေလာ၊ ဂျိမ်းချက်စတာစတဲ့ ကစားသမားတွေဟာ နာမည်ကြီး ကစားသမားတွေမဟုတ်သော်ငြား။ ခြေရည်ခြေသွေးကောင်းမွန်မှုရှိပြီး ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ကောင်းမွန်တဲ့ အတွေ့အကြုံတွေကိုလည်း ရရှိထားသူတွေဖြစ်တဲ့အတွက် ဝေးလ်ရဲ့စုဖွဲ့မှုဟာ သာမန်အဆင့်တစ်ရပ်ထက်ကို ပိုတယ်။ ဒါ့အပြင် ဆိုခဲ့ပြီးတဲ့အတိုင်း သူတို့အတွက် ဒီတစ်ကြိမ် ခြေစစ်ပွဲအောင်မြင်ခြင်းဟာ နိုင်ငံတကာအဆင့် ပြိုင်ပွဲကြီးတွေဆီ ဒုတိယအကြိမ် တက်လှမ်းနိုင်မှုဖြစ်တာနဲ့အမျှ သူတို့ရဲ့အားစိုက်ကြိုးပမ်းမှုဟာ ပြင်းပြင်းပြပြရှိတယ်။ ဒီတော့ သူတို့ရဲ့သာမန်ထက်ပိုတဲ့ စုဖွဲ့မှုကို အဆိုပါတိုက်ပွဲဝင် စိတ်ဓာတ်ကောင်းမွန်ခြင်းနဲ့ ပေါင်းဖက်လိုက်တဲ့အခါ ဝေးလ်ဟာ ပြိုင်ပွဲအတွင်းမှာ ပြိုင်ဘက်တွေအတွက် ခက်ခဲတဲ့အသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်တယ်။

ဒါ့အပြင် အများစုဟာ ဝေးလ်ရဲ့ပြိုင်ပွဲမတိုင်ခင် ခြေစွမ်းတွေအနက် တိုက်စစ်ပိုင်းရဲ့အားနည်းချက်ကိုသာ ထောက်ပြဝေဖန်ခဲ့ကြသော်ငြား သူတို့ရဲ့ ကျစ်လျစ်ခိုင်မာတဲ့ ခံစစ်အကြောင်းကို လျစ်လျူရှုခဲ့ကြတယ်။ တကယ်တော့ ဝေးလ်ဟာ ခြေစစ်ပွဲတွေအတွင်းမှာကတည်းက ခံစစ်ပိုင်း ကျစ်လျစ်မှုရှိခဲ့တာဖြစ်တယ်။ ခြေစစ်ပွဲ ၁၀ ပွဲမှာ လေးဂိုးသာပေးခဲ့ရပြီး အဆိုပါ ခြေစစ်ပွဲအုပ်စုတွင်းမှာ ပေးဂိုး အနည်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သလို အဆိုပါခြေစစ်ပွဲတွေအနက် ခုနစ်ပွဲတိတိ ပေးဂိုးမရှိစွမ်းဆောင်ပြနိုင်ခဲ့တယ်။ အထူးသဖြင့် ကမ္ဘာ့ထိပ်တန်း အသင်းတစ်သင်းဖြစ်ပြီး နာမည်ကြီး ကစားသမားကောင်းအများအပြား ပါဝင်နေတဲ့ ဘယ်လ်ဂျီယံကိုတောင် ဝေးလ်ခံစစ်ဟာ ခြေစစ်ပွဲအတွင်း နှစ်ပွဲစလုံး ဂိုးမပေးရအောင်ထိန်းချုပ်နိုင်ခဲ့တယ်။

တကယ်တော့ ဘယ်လ်ဂျီယံဟာ အဆိုပါ ခြေစစ်ပွဲအတွင်းမှာ စုစုပေါင်း သွင်းဂိုး ၂၄ ဂိုးအထိ ရှိခဲ့ပြီး ရဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်သလို အဆိုပါ ဘယ်လ်ဂျီယံကိုတောင် ဝေးလ်ခံစစ်က နှစ်ပွဲစလုံးဂိုးမပေးရအောင် ထိန်းချုပ်နိုင်ခဲ့တာဆိုတော့ သူတို့ရဲ့ ခံစစ်ကျစ်လျစ်မှုဟာ ခြေစစ်ပွဲတွေအတွင်းမှာကတည်းက ကောင်းမွန်ခဲ့တာမြင်သာတယ်။ ဒါကြောင့်လည်း ဒီယူရိုပြိုင်ပွဲအတွင်းမှာ ဝေးလ်ရဲ့ခံစစ်ကို ဂိုးသွင်းယူနိုင်ဖို့ အသင်းတိုင်း ခက်ခဲခဲ့တာဖြစ်ပြီး ကစားခဲ့ပြီးတဲ့ လေးပွဲမှာ သုံးပွဲတိတိ ဂိုးမပေးရအောင် ထိန်းချုပ်နိုင်ခဲ့တာလည်းဖြစ်တယ်။

ဒါ့အပြင် ဒီပြိုင်ပွဲအတွင်းမှာ ဂါရတ်ဘေးလ်ဟာလည်း တစ်ဦးဆိုတစ်ဦးဆိုသလောက် ခြေစွမ်းပြနိုင်တယ်။ အုပ်စုပွဲတိုင်းမှာ ဂိုးတွေသွင်းယူပေးနိုင်ခဲ့သလို ရရှိတဲ့ပြစ်ဒဏ်ဘော အခွင့်အရေးတွေကိုလည်း အကောင်းဆုံး အသုံးချပေးနိုင်ခဲ့တယ်။ ဒါကြောင့်လည်း ဝေးလ်ဟာ ဒီအဆင့်အထိ ရောက်ရှိလာခဲ့တာဖြစ်တယ်။ ဒီတော့ အဲ့ဒီလို ခြေရည်ခြေသွေးနဲ့ ၁၆ သင်းအဆင့်ကို ရောက်ရှိလာတဲ့ ဝေးလ်အနေနဲ့ ဒီပြိုင်ပွဲမှာ ဘယ်အဆင့်အထိ တက်ရောက်နိုင်မလဲဆိုတာ မေးစရာထပ်ဖြစ်လာတယ်။

တကယ်တော့ နောက်အဆင့်ဖြစ်တဲ့ ကွာတားဖိုင်နယ်မှာ ဝေးလ်တို့ရင်ဆိုင်ရမှာကလည်း ဘယ်လ်ဂျီယံဖြစ်တယ်။ ပြောမယ်ဆိုရင် ဘယ်လ်ဂျီယံဟာ လက်ရှိကမ္ဘာ့ထိပ်တန်းအဆင့်ဖြစ်သလို ထိပ်တန်းကစားသမားတွေလည်း တည်ရှိနေတယ်ဆိုသော်ငြား အဲဒီလိုအသင်းကိုတောင်မှ ဝေးလ်ဟာ ခြေစစ်ပွဲတွေအတွင်းမှာတုန်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေကစားပြခဲ့ပြီးပြီ။ ဒီတော့နိုင်ငံတကာအဆင့်ပြိုင်ပွဲကြီးတစ်ရပ်မှာ ဝေးလ်အနေနဲ့ ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ဖို့ မဖြစ်နိုင်ဘူးလို့ ပြောနိုင်ပါ့မလား။ သေချာတာကတော့ လက်ရှိအချိန်မှာတော့ ဝေးလ်ဟာ ဒီယူရို ၂၀၁၆ ပြိုင်ပွဲအတွင်း အလေးထားရမယ့် အသင်းတစ်သင်းအဖြစ်ကို ရောက်ရှိနေပြီဆိုတာပဲဖြစ်ပါတယ်။



## ဆလိုဗက်ကီးယားကို အနိုင်ရရှိခဲ့သောပွဲ၌ ဂျာမနီကစားသမားဒရက်စလာ မှတ်တမ်းကောင်းတစ်ခုရရှိ

ယူရို ၂၀၁၆ ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲအဖြစ် ဂျာမနီအသင်းက ဆလိုဗက်ကီးယားအသင်းအား ၃-၀ ဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဂျာမနီ တောင်ပံကစားသမား ဂျူလီယန်ဒရက်စလာသည် မှတ်တမ်းကောင်းတစ်ခု ပိုင်ဆိုင်နိုင်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါပွဲတွင် ဝုဖ်ဘတ်အသင်း ကစားသမား ဒရက်စလာသည် ပွဲချိန် ၄၃ မိနစ်တွင် မာရီယိုဂိုမက်ဇ် ဂိုးသွင်းယူနိုင်ရန် ဖန်တီးပေးနိုင်ခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် ကိုယ်တိုင်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။ ထိုကဲ့သို့ စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ဒရက်စလာ(၂၂နှစ်)သည် ယူရို ၂၀၀၈ ပြိုင်ပွဲတွင် အလားတူ စွမ်းဆောင်နိုင်ခဲ့သည့် ဂျာမနီအသင်းခေါင်းဆောင်ဟောင်း ဖီးလစ်လမ်းပြီးနောက် ယူရိုပွဲတစ်ပွဲတွင် ကိုယ်တိုင်ဂိုးသွင်းယူနိုင်ပြီး အသင်းဖော်ဂိုးသွင်းယူနိုင်ရန် ဖန်တီးပေးနိုင်သည့် ပထမဆုံး ဂျာမနီကစားသမားဖြစ်လာခဲ့သည်။

တောင်ပံကစားသမား ဒရက်စလာသည် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား ဖီးလစ်လမ်းသည် တူရကီအသင်းနှင့် ကစားခဲ့သော ယူရို ၂၀၀၈ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်၌ ကိုယ်တိုင်ဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းဖော် ဂိုးသွင်းယူနိုင်ရန်လည်း ဖန်တီးပေးနိုင်ခဲ့သည်။

ဆလိုဗက်ကီးယားနှင့်ပွဲတွင် ဒရက်စလာသည် မှတ်တမ်းကောင်းရရှိခဲ့သော်လည်း အဆိုပါပွဲ၌ ပွဲချိန် ၁၃ မိနစ်တွင် ဂျာမနီအသင်းရရှိသည့် ပယ်နယ်တီအား ကန်သွင်းခဲ့ရာတွင် ဂိုးဝင်ခဲ့ခြင်းမရှိသူ ကွင်းလယ်ကစားသမား အိုဇေးလ်မှာမူ ယူရိုပြိုင်ပွဲများတွင် ပယ်နယ်တီကန်သွင်းမှုမှ ဂိုးရရှိခြင်းမရှိသည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။



# မိုးစပါးစိုက်ပျိုးမည့် လယ်မြေတွင် ငါးမျိုးစိုက်ထည့်ပေး

**ခရမ်း ဇွန် ၃၀**

ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းမှ မိုးစပါးစိုက်ပျိုးမည့် တောင်သူလယ်သမားများ၏ လယ်ကွက်များတွင် ငါးများ ထည့်သွင်းမွေးမြူခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိစေရန်နှင့် ဒေသခံပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် လတ်ဆတ်သောငါးများ စားသုံးနိုင်ရန်အတွက် ခရမ်းမြို့နယ် အထက်ခမတ် ကျေးရွာရှိ မိုးစပါး ငါးဧကစိုက်ခင်း၌ ငါးမျိုးများကို ငါးလုပ်ငန်းဦးစီးဌာနက ဇွန် ၂၈ ရက်က မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ပေးရာတွင် စပါးခင်းတွင် ငါးထည့်သွင်းမွေးမြူရန် စိတ်ဝင်စားသော ဒေသခံ တောင်သူလယ်သမားများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင့်လွင်က စပါးခင်းတွင် ငါးထည့်သွင်းမွေးမြူခြင်းဖြင့် လယ်သမားများ ရရှိနိုင်သည့် အကျိုးကျေးဇူးများ အကြောင်း၊ စပါးနှင့် ငါးမှ ရရှိမည့် အကျိုးအမြတ်များအကြောင်းတို့ကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံလယ်သမားများက ငါးထည့်သွင်းမွေးမြူမည့် မိုးစပါးစိုက် လယ်ကွက်များအတွင်းသို့ ငါးတန် သားပေါက်ကောင်ရေ တစ်သောင်း၊ ငါးမြစ်ချင်းနှင့် တီလားပီးယားငါး ကောင်ရေ ငါးထောင်၊ စုစုပေါင်း ငါးကောင်ရေ တစ်သောင်းခွဲကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**



# ကလောမြို့နယ်အတွင်း ကျေးရွာ ၁၀ ရွာတွင် မြစိမ်းရောင်စီမံကိန်း ထပ်မံအကောင်အထည်ဖော်မည်

**ကလော ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်း ကျေးရွာ ၁၀ ရွာ၌ မြစိမ်းရောင်စီမံကိန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ထပ်မံတိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကျေးရွာ နှစ်ရွာတွင်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၅ ရွာတွင်လည်းကောင်း အကောင်အထည်ဖော်ခဲ့ပြီး စီမံကိန်းဝင် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် မတည်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ နှုန်း ထုတ်ချေးပေးခဲ့သည်။

ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၁၀ ရွာတွင် စီမံကိန်းကို ထပ်မံ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ စီမံကိန်းဝင် ကျေးရွာများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင် ဘဏ္ဍာရေးဆပ်ကော်မတီများကို ဒေသခံများ၏ မဲစနစ်ဖြင့်ရွေးချယ်ပြီး ကော်မတီဝင်များအား လုပ်ငန်းဆိုင်ရာများ သင်ကြားပေးကာ ကော်မတီဝင်များက ကျေးရွာအတွင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများအတွက် ငွေထုတ်ချေးပြီး ရရှိလာမည့် အတိုးငွေများကို အဆိုပါကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကော်မတီများ၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်သုံးစွဲစေမည်ဖြစ်ကြောင်း ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးလွင်က ပြောသည်။

ကလောမြို့နယ်အတွင်း ယခင်က မြစိမ်းရောင် စီမံကိန်းကို အကောင်အထည်ဖော်ထားသော ကျေးရွာ ၁၇ ရွာရှိရာ ထပ်မံအကောင်အထည်ဖော်မည့် ကျေးရွာများ ပေါင်းပါက စီမံကိန်းဝင်ကျေးရွာ ၂၇ ရွာအထိ ရှိလာပြီဖြစ်သည်။

**ဇော်သိန်းရည်**

# ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**တာချီလိတ် ဇွန် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ မြို့နယ် စည်ပင်သာယာရေးဌာန၏ ပြည်သူ့အတွက် ပထမရက် ၁၀၀ စီမံချက်အရ မြို့တွင်း သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ၊ မိုးတွင်းကာလတွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် နုန်းဆယ်ခြင်းလုပ်ငန်းများနှင့် မြို့တွင်းသွားလာမှု လွယ်ကူလျင်မြန်ပြီး ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် လမ်းဘေးဝဲယာ ကွန်ကရစ်လမ်းများတိုးချဲ့ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယ်ခေါင်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် နုန်းဆယ်ခြင်းလုပ်ငန်း၊ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ပုန်းညက်လမ်းကို ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၄၀ ဖြင့် အရှည် ပေ ၈၀၀၊ အကျယ် ၁၈ ပေ ကတ္တရာခင်းခြင်း၊ ရှမ်းရိုးမကွင်း ပတ်လည်တွင် ရေနုတ်မြောင်းနှင့် လမ်းဖြတ်ရေမြောင်းများကို စက်ယန္တရားများဖြင့် တူးဖော်ခြင်း၊ မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂)မှ ပါဆတ်ရပ်ကွက်ရှိ ခိုတောင်းတံတားအထိ အရှည်ပေ ၄၀၀၀ တွင် လမ်းဘေး ဝဲ၊ယာ အကျယ်သုံးပေစီ ကွန်ကရစ်ခင်းခြင်း၊ ဟောင်လိတ် အခြေခံပညာအထက်တန်းကျောင်းရှေ့၌ မြေယာရှင်းအလုပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးရေးနှင့် စနစ်တကျဖြစ်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးတို့က ဇွန် ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ဝေယံလင်း**

# ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးသစ်ထိုးနှံ့ရန် အသိပေးဆွေးနွေး

**နမ့်စန် ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ကျန်းမာရေး ဦးစီးဌာနက ဆောင်ရွက်နေသည့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးသစ် (Pneumococcal Conjugate Vaccine- PCV)ကို ထည့်သွင်းထိုးနှံပေးမည့် ကိစ္စနှင့်ပတ်သက်၍ အသိပေးဆွေးနွေးပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်မိုးဆန်းက မြို့နယ်အတွင်း ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသစ်စတင် ထည့်သွင်းထိုးနှံပေးမည့် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးအကြောင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသိပေးဆွေးနွေးခဲ့ကာ နမ့်စန်မြို့နယ်ခန်းမ၌ ဇူလိုင် ၄ ရက်မှစ၍ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေနှင့် ဦးစိုင်းလုံ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုင်းအောင်ကျော်သိန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။

**သူရအောင်(ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေး အသိပေးဟောပြော

**အောင်လံ ဇွန် ၃၀**

စားသုံးသူရေးရာဦးစီးဌာန၏ စီစဉ်မှုဖြင့် အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပေးဆွေးနွေးဟောပြောပွဲကို အောင်လံမြို့ စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် လုပ်ငန်းရှင်များအတွက် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများ၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ တာဝန်ခံ ဒေါက်တာပြည့်ထူးက အစားအသောက်နှင့် ဆေးဝါးများတွင်ပါရှိသည့် ဘေးထွက်ဆိုးကျိုး အန္တရာယ်များအကြောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးထွဋ်ခိုင်က လုပ်သားများ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် ရပိုင်ခွင့်များ ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**သိန်းလွင်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းကွင်းဆင်းဆောင်ရွက်

**လှိုင်းဘွဲ့ ဇွန် ၃၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၁၂ ရွာတွင် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဇွန်လတတိယပတ်အတွင်း ခရမ်းကျွတ်ကျေးရွာ၊ အလန်းကြီး ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာများ၌ မြစိမ်းရောင်စီမံကိန်းအကြောင်းများမိတ်ဆက်ခြင်း၊ ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီများဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်ချို၊ မြို့နယ်မြစိမ်းရောင်ကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့က ဆွေးနွေးခဲ့ကြပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာတစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၃ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ကျေးရွာ ၁၂ ရွာ စုစုပေါင်း ကျေးရွာ ၂၆ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြောပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပြပွဲပြုလုပ်

**မိုးကုတ် ဇွန် ၃၀**

ကျောင်းသားလူငယ်လေးများ စာပေလေ့လာဖတ်ရှုသည့် အလေ့အထကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ သိရှိကြစေရန် ရည်ရွယ်လျက်မိုးကုတ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ နယ်လှည့်စာအုပ်ငှားရမ်းခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြောပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးပြပွဲကို မိုးကုတ်မြို့အနောက်ပိုင်း ကျပ်ပြင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ကျပ်ပြင်ကျေးရွာ အထက်တန်းကျောင်းမှ ကျောင်းစာကြည့်တိုက် တာဝန်ခံဆရာများ၏ ပူးပေါင်းကူညီမှုဖြင့် ဟောပြောပွဲများ ပြုလုပ်ကာ ကျောင်းသားကျောင်းသူများအား သုတ၊ ရသ စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးပြပွဲအဖြစ်လည်း မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကို နံရံကပ်ဘုတ်များဖြင့်ပြသခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်း ပြန်/ဆက်ဌာနက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**



**တာမွေမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရန်နှင့် လျှပ်စစ်မီးကြိုးများမှ မီးဘေးအန္တရာယ်ဖြစ်ပွားမှုများ မရှိစေရန်အတွက် ကျောက်မြောင်းလမ်းနှင့် သီတာလမ်းများအတွင်းမှ ရှုပ်ထွေးနေသော ဆားဗစ်ကြိုးများ၊ လျှပ်စစ်ဓာတ်ကြိုးများကို မြို့နယ်လျှပ်စစ်ဌာနမှူး ဦးကျော်ဆန်းနှင့် ဝန်ထမ်းများ ဇွန် ၂၈ ရက်က လိုက်လံရှင်းလင်းနေစဉ်။** (မြို့နယ်အတွင်း အခြားနေရာများရှိ ဓာတ်တိုင်များမှ ရှုပ်ထွေးနေသောဆားဗစ်ကြိုးများကိုလည်း ဆက်လက်၍ ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။)
**လှလှ**

# လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး စာစစ်ဌာနစာရင်း၌ မပါရှိခဲ့သော မြေပုံမြို့က ကျွန်းရွာများ

## ကျွန်းစဉ်မြေစောခက် (အမျိုးသားစာပေဆုရ)

"၂၀၁၆ ခုနှစ်တက္ကသိုလ်စာမေးပွဲ အောင်စာရင်းများအနက်လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသရှိစာစစ်ဌာနများက အောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်"ဆိုသော သတင်းသည် ဇွန်လ ၁၀ ရက်နေ့ထုတ် နိုင်ငံတော်ပိုင်သတင်းစာကြီးနှစ်စောင်တွင်ပါလာခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်ဆိုသော စာစစ်ဌာနများ ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်ဟု ဖော်ပြထားသောစာရင်းများထဲတွင် ဒေသအတွင်းရှိ သွားလာရေးအခက်ခဲဆုံးဖြစ်ပြီး ကုန်းလမ်းခရီးမပေါက်သည့် မြေပုံမြို့နယ်ရှိ ကမ်းထောင်းကြီး စာစစ်ဌာနနှင့်သရက်တောင် စာစစ်ဌာနတို့ ပါဝင်လာခြင်း မရှိသည်ကို တွေ့ရသည်။

ရခိုင်ပြည်နယ်ရှိ မြေပုံမြို့သည် ရခိုင်ကမ်းရိုးတန်း၏ အလယ်ဗဟိုတွင် တည်ရှိပါသည်။ ပထဝီဝင်မြေပြင်အနေအထားအရ လမ်းပန်းဆက်သွယ်ရေးကောင်းနိုင်ဖွယ်ရာ သဘောကို ဆောင်သော်လည်း အမှန်တကယ်တွင်မူကား ရခိုင်ပြည်နယ် ၁၇ မြို့နယ်အထဲတွင် မြေပုံမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးအခက်ခဲဆုံးသော မြို့တစ်မြို့ဟု ဆိုရမည်ဖြစ်ပေသည်။ အကြောင်းမူကား မြေပုံမြို့သည် ဟန်တာ (HUNTER)ပင်လယ်ထဲတွင် သီးခြားတည်ရှိနေသော ကျွန်းမြို့ကလေးတစ်မြို့သာ ဖြစ်ပါသည်။

တစ်ချိန်တစ်ခါက ကမ်းရိုးတန်းသွား ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများ တစ်ပတ်တစ်ကြိမ်မျှ ဝင်ရောက်ဆိုက်ကပ်ခဲ့သော သင်္ဘောဆိပ်မြို့ ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် ရေလမ်းတစ်ခုတည်းကိုသာ အဓိကအားပြုနေရသော မြို့ဟုဆိုလျှင်မှားမည် မဟုတ်ပေ။ သို့သော် ၂၀၁၅ ခုနှစ်တွင် မြေပုံမြို့နယ်အတွင်းရှိ နောင်တော်ပင်လယ် (ကောင်ဘာမီယာပင်လယ်)၌ အောင်တံခွန်(၃) သင်္ဘောနစ်မြုပ်၍ ခရီးသည်ပေါင်း ၂၀၀ နီးပါး သေဆုံးကြရချိန်မှစပြီး မည်သည့်သင်္ဘောမျှမဆိုက်ကပ်တော့ပေ။ အဆုံးပြောရလျှင် မြို့နယ်အတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် စာတိုက်လုပ်ငန်းသည်ပင် မှေးမှိန်အားလျော့လာခဲ့ရသည့် အနေအထားမျိုးတွင် ရှိနေပြီ ဖြစ်သည်။

ယခုအခါ မြေပုံမြို့အနေဖြင့် ပြည်နယ်၏မြို့တော်ဖြစ်သော စစ်တွေမြို့သို့ သွားလာလိုပါက စစ်တွေမြို့နှင့် မင်းပြားကို ရေလမ်းခရီးစဉ်အဖြစ် ပြေးဆွဲနေသော ပုဂ္ဂလိကပိုင် ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် မင်းပြားခရီးစဉ်အတိုင်းလိုက်ပါကြရပြီး မင်းပြားမြို့နယ်၌ လူသူမနီးသည့် ကြပ်စင်တောင်မော်ဆိုသည့်နေရာတွင် အရေးပေါ် ဆိုက်ကပ်ပေးပါသည်။ သင်္ဘောဆိပ်ဟု သတ်မှတ်ထားသောနေရာမဟုတ်သဖြင့် တက်ရဆင်းရ အဆင်မပြေလှပါ။ သဘာဝမြေသားနံရံတစ်ခုကို တွယ်ချိတ်တက်ကြရပါသည်။ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်များဆို ပို၍အခက်အခဲမျိုးစုံ ကြုံတွေ့ကြပါသည်။

ကမ်းထိပ်သို့ရောက်လျှင်တော့ မြေပုံမြို့က ခရီးသည်ကြိုကားများ ကြိုလျက်တွေ့ကြရသည်။ ဤသည်မှာလည်း စီးပွားရေးသမားတို့၏ လာဘ်မြင်မှုတစ်ခုဟု ဆိုရပေမည်။ အကြောင်းသော်ကား မြေပုံဆိုသော ကျွန်းမြို့၌ ဘယ်နံရော အခါကာလကမျှ မော်တော်ကားမရှိခဲ့ပေ။ ယခုဆိုလျှင် မင်းပြားမြို့နယ် ကြပ်စင်တောင်မော်တွင် အမြန်ရေယာဉ် ဆိုက်ကပ်သည်ကို အကြောင်းပြုပြီး ခရီးသည်ကြိုကားများ အသင့်ရှိနေပေပြီ။ ကြပ်စင်တောင်မော်မှ မြေပုံသို့ ၁၀ မိုင်ခန့် ရှည်လျားသော တောလမ်းခရီးကို ဖြတ်သန်းမောင်းနှင်ရခြင်း ဖြစ်ပေသည်။ မြေပုံမြို့သည်ကား ပင်လယ်ရေပြင်ထဲတွင် သီးခြားရပ်တည်နေသော မြို့ဖြစ်၍ အခြားမြို့များနှင့်သော်လည်းကောင်း၊ ကိုယ့်မြို့နယ်အတွင်းရှိ ကျွန်းရွာများနှင့်သော်လည်းကောင်း တစ်စုံတစ်ရာ ဆက်သွယ်သွားလာနိုင်သည့် ကုန်းလမ်းခရီးမပေါက်ခဲ့ပေ။

> **အခြေခံပညာအထက်တန်း စာစစ်ဌာန တည်ရှိသော သရက်တောင်လို ရွာတစ်ရွာက မြေပုံမြို့သို့ လစာ တစ်ခေါက် သွားထုတ်သည့် ကြာချိန်မှာ သုံးရက်နှင့် နှစ်ညတိတိ (အိပ်ချိန်မဲ့) ကြာမြင့်သည်။ မြေပုံမြို့နှင့် မြို့နယ်အတွင်း တစ်ဒေသမှ တစ်ဒေသ၊ တစ်နေရာမှ တစ်နေရာ သွားလာနိုင်သည့် ကုန်းလမ်းခရီး ဟူသည် ယနေ့အထိ ရွှေငုံးမင်းအမြီး မျှော်သလို ဖြစ်နေဆဲပင် . . .**

ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များသည် မိမိတို့မြို့နယ်အတွင်း ကုန်းလမ်းခရီးပေါက်သော နေရာများဖြစ်သော်လည်း မြေပုံမြို့နယ်အတွင်းရှိ သရက်တောင်စာစစ်ဌာနနှင့် ကမ်းထောင်းကြီးစာစစ်ဌာနတို့မှာ ရေလမ်းခရီးသာပေါက်ပြီး ကျွန်းစဉ်တိုက်နယ်ဝင်ဒေသများပင်ဖြစ်သည်။ ကျွန်းစဉ်ဒေသသည် ဆားငန်ဒီရေရောက် မြစ်ကြီးချောင်းငယ် အသွယ်သွယ်တို့ ရှုပ်ယှက်ခတ်နေကြသော နေရာပင်ဖြစ်ပေသည်။ မြေပြန့်လွင်ပြင်ဟူ၍ မရှိသလောက်ပင်ဖြစ်သည်။ ဒီရေရောက်မြစ်ချောင်းများ ကမ်းနံဘေးတွင် ဗြူး၊ မဒမ၊ ကနစိုတောကြီးများ အတိဖြစ်သည်။ အနည်းငယ်မြင့်သော ကမ်းခြေကုန်းမြင့်နေရာများ၌ ရပ်ရွာတည်ထောင်ပြီး နေထိုင်ကြခြင်းပင် ဖြစ်သည်။ အိမ်ပေါ်မှ အိမ်အောက်သို့ ဆင်းလျှင် ချောင်းကိုတွေ့သည်။ မြစ်ကိုတွေ့သည်။ ကျွန်းစဉ် ရွာတိုင်းလိုလို အိမ်တိုင်း၌ လှေရှိကြသည်။ တစ်နေရာနှင့် တစ်နေရာ၊ တစ်ရွာနှင့်တစ်ရွာ လှေကလေးများဖြင့်သာ လှော်ခတ်ကာ ကူးလူးသွားလာကြရသည်။ သာဓကအားဖြင့် သစ်ပင်တစ်ပင်ကို မြေကြီးထဲက ဆွဲနှုတ်လိုက်ပါက အမြစ်များ ရှုပ်ယှက်ခတ်တည်ရှိနေကြသည်ကို တွေ့ရသကဲ့သို့ ကျွန်းစဉ်ဒေသ တစ်ခုလုံးတွင် ဒီရေရောက်မြစ်များ၊ ချောင်းများဖြင့် ရှုပ်ထွေးစွာ တည်ရှိနေကြောင်း တွေ့ရမည်ဖြစ်သည်။ မြို့များနှင့် အလှမ်းဝေးပြီး သွားရေးလာရေး လွန်စွာခက်ခဲလွန်းသော ဒေသဟုဆိုရမည်ဖြစ်သည်။

သရက်တောင်ရွာက ဝန်ထမ်းတစ်ဦး လကုန်၍ မြေပုံမြို့သို့ လစာသွားထုတ်သည့်အခါတိုင်း လမကုန်မီ တစ်ရက်အလိုကပင် ဒေသ၏ စုရပ်နေရာ တစ်ခုဖြစ်နေသော ကမ်းထောင်းကြီးသို့ လှေကလေးဖြင့် လှော်ခတ်သွားလာရသည်။ သို့မဟုတ် လှေကြုံလိုက်သွားရသည်။ ကမ်းထောင်းကြီးတွင် တစ်နေကုန် အချိန်ဖြုန်းကြရသည်။ ကမ်းထောင်းကြီးမှ မြေပုံမြို့သို့ ထွက်သည့် လစာထုတ်စက်လှေက ရေအတက်ကို ကြည့်၍ ညပိုင်းအချိန် ထွက်လေ့ရှိသည်။ ကျွန်းစဉ်တစ်နယ်လုံးက ဝန်ထမ်းများ၊ တရားရုံးသွားရသည့် အမှုသည်များ စက်လှေ၏ ကုန်းပတ်ကော၊ ခေါင်မိုးမှာပါ ပြွတ်သိပ်ပြီး လိုက်ကြရသည်။ အိပ်စရာနေရာ နတ္ထိ။ တစ်ညလုံးသည်အတိုင်း ထိုင်လိုက်ကြရသည်။ အလွန့်အလွန် ဒုက္ခများကြရပေသည်။ မြေပုံမြို့သို့ရောက်လျှင် သက်ဆိုင်ရာရုံးမှာ လစာထုတ်၊ လိုအပ်တာလေးများ ဆောင်ရွက်ရင်း လကုန်နေ့ တစ်နေ့ကုန်သွားသည်။ လကုန်နေ့မှာပဲ ညနေ ၆ နာရီဆို လစာထုတ်စက်လှေ မြေပုံမြို့ဆိပ်ကမ်းမှ ခွာလေကာ တစ်ညလုံး ခုတ်မောင်းသည်။ နောက်လ၏ ပထမနေ့ နံနက်လင်းအရုဏ်တက်ချိန် ကမ်းထောင်းကြီးဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ ဤတွင် ကမ်းထောင်းကြီး၌ နေထိုင်သူများ မိမိတို့နေရာ၊ မိမိတို့အိမ်ရာသို့ပြန်ရောက်ကြသော်လည်း သရက်တောင်နှင့်တကွ အခြားကျွန်းစဉ်ရွာများက ခရီးသည်များမှာ လှေကလေးဖြင့် တစ်နေကုန်ရွက်လွှင့်၍ ခရီးဆက်ကြရပေဦးမည်ဖြစ်သည်။ သို့ဖြစ်၍ အခြေခံပညာအထက်တန်း စာစစ်ဌာန တည်ရှိသော သရက်တောင်လို ရွာတစ်ရွာက မြေပုံမြို့သို့ လစာတစ်ခေါက်သွားထုတ်သည့် ကြာချိန်မှာ သုံးရက်နှင့် နှစ်ညတိတိ (အိပ်ချိန်မဲ့) ကြာမြင့်ရပါကြောင်း သိရှိစေချင်ပါသည်။ မြေပုံမြို့နှင့် မြို့နယ်အတွင်း တစ်ဒေသမှ တစ်ဒေသ၊ တစ်နေရာမှ တစ်နေရာ သွားလာနိုင်သည့် ကုန်းလမ်းခရီးဟူသည် ယနေ့အထိ ရွှေငုံးမင်းအမြီး မျှော်သလို ဖြစ်နေဆဲပင် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ်၏ပထဝီဝင်အနေအထားအရ မြေပုံမြို့နယ်မှာ ကမ်းရိုးတန်း အလယ်ဗဟို၌ တည်ရှိနေသည် မှန်သော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲဆုံး နေရာပင်ဖြစ်သည်။ ထို့ထက် မြေပုံမြို့နယ် ကျွန်းစဉ်ဒေသ သရက်တောင်စာစစ်ဌာနနှင့် ကမ်းထောင်းကြီးစာစစ်ဌာနတို့မှာ မြေပုံမြို့နယ်အတွင်းသာမက ရခိုင်ပြည်နယ် တစ်ခုလုံး၌ပါ လမ်းပန်းဆက်သွယ်ရေး အခက်ခဲဆုံးသော စာစစ်ဌာနများဖြစ်ကြောင်း ဒေသအကျိုးကို ရည်မျှော်ကာ ဒေသခံဝန်ထမ်းအပါအဝင် ပြည်သူအားလုံး၏ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကို အပြုသဘောဖြင့် ရေးသားတင်ပြလိုက်ရပေတော့သည်။


## အထူးကျေးဇူးတင်ရှိခြင်း

၂၇-၆-၂၀၁၆ တွင် ပြုလုပ်သော Myanmar Noble College Open Day တွင် လာရောက်ချီးမြှင့် ဟောပြောပေးခဲ့ပါသော ဆရာကြီး ဒေါက်တာအောင်ထွန်းသက်၊ ဆရာဦးကျော်ထင် (Commercial Manager, Pearson Qualifications International) တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော MNC Academic Team မှ ဆရာကြီး/ဆရာမကြီးများ၊ MNC မှ ကျောင်းသား/ကျောင်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် မီဒီယာတို့အားလည်းကောင်း၊ ယခုပွဲကို အောင်မြင်စွာပြုလုပ်ကျင်းပနိုင်ရန် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော ဝန်ထမ်းများအားလည်းကောင်း Myanmar Noble College မှ အထူးကျေးဇူးတင်ရှိပါသည်။

အထူးအားဖြင့် Open Day တွင် Myanmar Noble College ၏ အရည်အသွေးကိုသိရှိပြီး ယုံကြည်စွာ အင်တိုက်အားတိုက်ကျောင်းအပ်နှံခဲ့သော မိဘများနှင့် ကျောင်းသား/ကျောင်းသူများအား အထူးကျေးဇူးတင်ရှိပါသည်။

**Myanmar Noble College**





# VICTORIA UNIVERSITY COLLEGE

## ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် VUC တွင် ဗြိတိန်အစိုးရပိုင် South Essex College ၏ Foundation Diploma သင်တန်းကို ၅လ တက်ရောက်ပြီး UK မှ တိုက်ရိုက် ချီးမြှင့်မည့် Diploma ကို ရရှိပါမည်။

South Essex College (UK) ၏ Diploma ရရှိပြီးသူများသည် အင်္ဂလန်နိုင်ငံ Business and Technology Education Council (BTEC) မှ တိုက်ရိုက်ချီးမြှင့်မည့် အောက်ပါ HND ဘာသာရပ်များ အနက်တစ်ခုကို ရွေးချယ်လျှောက်ထားနိုင်သည်။ (တက္ကသိုလ်ဝင် စာမေးပွဲ အောင်မှတ်ပေါ်တွင် မူတည်မရွေးချယ်ပါ။)

1. Engineering (Civil/ Mechanical/ Electrical and Electronics)
2. Business (Management/ Marketing/ Accounting/ HR)
3. Computing and Systems Development
4. Health and Social Care




HND Diploma ရရှိရန်အတွက် (၂)နှစ် သင်ယူရမည်ဖြစ်သည်။
သင်တန်းပြီးမြောက်ပါက BE (Hons:), B.Sc (Hons:), BA (Hons:) အတွက် ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် Victoria University College တို့ ပူးတွဲ သင်ကြားသည့် အတန်းတွင် (၁) နှစ် ဆက်လက်သင်ယူပြီး ယင်းတက္ကသိုလ်မှ ပေးအပ်သည့်ဘွဲ့ကို ရရှိပါမည်။ သို့မဟုတ် နိုင်ငံရပ်ခြားတက္ကသိုလ်များသို့ သွားရောက် ပညာ သင်ယူနိုင်သည်။



Victoria University College သည် QAA (UK) နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့် နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့ နှင့် အလုပ်အကိုင် အခွင့်အလမ်း များ ရရှိမည်။ (Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)

ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောင်လက်မှတ် (သို့မဟုတ်) အမှတ်စာရင်းမိတ္တူ၊ ဓာတ်ပုံ ၃ပုံ ပူးတွဲ တင်ပြရမည်။
၄.၇.၂၀၁၆ နောက်ဆုံးထားပြီး လျှောက်လွှာလက်ခံမည်။
(ကျောင်းသားအရေအတွက် ကန့်သတ်ထားပါသည်။)



BTEC Approved Centre
south essex college FURTHER & HIGHER EDUCATION
UNIVERSITY OF WOLVERHAMPTON KNOWLEDGE • INNOVATION • ENTERPRISE

လျှောက်လွှာတင်သွင်းရန် နှင့် စုံစမ်းဆွေးနွေးရန် - ကျောင်းသားရေးရာဌာန

ရန်ကုန် ▪ အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၅၁၀၄၇၄၈၊ ၀၉ ၂၅၉၂၇၁၀၉၄။

မန္တလေး ▪ အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၇x၇၆ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။


oppo
A37
သစ်လွင်တောက်ပ
ကင်မရာပုံရိပ်အလှ
Ni Ni Khin Zaw
အရမ်းတန်တဲ့
လက်ဆောင်ပစ္စည်းများ
(1.7.2016 မှ 15.8.2016 ရက်အထိသာ)
ooredoo
Get 4GB Data Free
အသေးစိတ်အချက်အလက်ကို ဆိုင်တွင်း သို့မဟုတ်
OPPO Myanmar Facebook တွင် လေ့လာနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး

# သွားဘက်ဆိုင်ရာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးတွင်ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**(၁) ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc (General Dental Practice) | ၁ နှစ် |

**(၂) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) | ၂ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (မေးရိုးနှင့်ခံတွင်းဆေးပညာ) | ၂ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားရောဂါကုပညာ) | ၂ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားတုဆေးပညာ) | ၂ နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာ) | ၂ နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားဖုံးရောဂါကုပညာ) | ၂ နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(ကလေးသွားကျန်းမာရေးပညာ) | ၂ နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားညှိကုပညာ) | ၂ နှစ် |
| (ဈ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ) | ၂ နှစ် |

**(၃) သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(မေးရိုးနှင့်ခံတွင်းဆေးပညာ) | ၃ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားတုဆေးပညာ) | ။ |
| (ဂ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားရောဂါကုဆေးပညာ) | ၃ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာ) | ။ |
| (င) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားဖုံးရောဂါကုပညာ) | ။ |
| (စ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွားကျန်းမာရေးပညာ) | ။ |
| (ဆ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုး၊ ခွဲစိတ်ကုပညာ) | ။ |
| (ဇ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ) | ။ |

၂။ **လိုအပ်သောအရည်အချင်း**

**(က) ဒီပလိုမာသင်တန်း**

(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိပြီးသူ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်ဖြစ်ရမည်။

(၂) လက်ရှိတရားဝင် သွားဘက်ဆိုင်ရာဆရာဝန်မှတ်ပုံတင်(သခ) သက်တမ်း(၂)နှစ်ပြည့်ပြီး (သခ)သက်တမ်းတိုး ကိုင်ဆောင်ထားသူဖြစ်ရမည်။

(၃) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းနိုင်သူဖြစ်ရမည်။

**(ခ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက် (၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။

**(ဂ) သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ**

(၁) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

**(ဃ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက်** လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဖေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း(ဆရာဝန်)သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၇-၂၀၁၆ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာများကို ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မန္တလေးသို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပြီး၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် သက်ဆိုင်ရာဦးစီးဌာန အကြီးအကဲမှတစ်ဆင့် လျှောက်ထားပြီး ကြိုတင်မိတ္တူတစ်စောင်ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးပါမောက္ခချုပ်ထံ မပျက်မကွက်ပေးပို့ရမည်။

၅။ **ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ-**

(က) **ပါရဂူဘွဲ့သင်တန်း** - ၂၀-၉-၂၀၁၆ ရက် (အင်္ဂါနေ့)

(ခ) **ဒီပလိုမာနှင့် မဟာသိပ္ပံသင်တန်း** - ၂၁-၉-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ ဝန်ထမ်းသွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ၁၀၀၀ိ/-(တစ်ထောင်ကျပ်တိတိ)ကိုလည်းကောင်း၊ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဒီပလိုမာဝင်ခွင့်စာမေးပွဲကြေး ၁၀၀၀၀ိ/-(တစ်သောင်းကျပ်တိတိ)ကိုလည်းကောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်(၂)၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-288 (MD-012887) သို့ ပေးသွင်းရမည်။

**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂) အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးငွေစာရင်းအမှတ် MD-288 (MD-012887) သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မန္တလေး ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၂-၈၁၂၄၀၊ ၀၂-၈၀၇၃၅ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

# ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင်ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့(ခန္ဓာဗေဒ) | ၃ နှစ် |
| (ခ) | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ) | ၃ နှစ် |
| (ဂ) | ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ) | ၃ နှစ် |
| (ဃ) | ပါရဂူဘွဲ့(အဏုဇီဝဗေဒ) | ၃ နှစ် |
| (င) | ပါရဂူဘွဲ့(ဆေးဝါးဗေဒ) | ၃ နှစ် |
| (စ) | ပါရဂူဘွဲ့(ရောဂါဗေဒ) | ၃ နှစ် |
| (ဆ) | ပါရဂူဘွဲ့(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) | ၃ နှစ် |

**ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ) | ၃ နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ) | ၃ နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ) | ၃ နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုးရောဂါပညာ) | ၃ နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးရောဂါပညာ) | ၃ နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) | ၃ နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ) | ၃ နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောဆေးပညာ) | ၃ နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်ရောဂါပညာ) | ၃ နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့် အူလမ်းကြောင်းဆေးပညာ) | ၃ နှစ် |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းရောဂါပညာ) | ၃ နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) | ၃ နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့(မွေးကင်းစကလေးဆေးပညာ) | ၃ နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) | ၃ နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(မျိုးပွားမှုဆိုင်ရာဆေးပညာ) | ၃ နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ) | ၃ နှစ် |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဓာတ်မှန်ပညာ) | ၃ နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(မျက်စိရောဂါပညာ) | ၃ နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နား၊ နှာခေါင်း၊ လည်ချောင်း၊ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဥပဒေရေးရာဆေးပညာ) | ၃ နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုး၊အကြောအဆစ်ဆေးပညာ) | ၃ နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | ၃ နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၃၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) | ၃ နှစ် |
| (၃၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၃၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုပညာ) | ၃ နှစ် |
| (၃၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) | ၃ နှစ် |
| (၃၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(စိတ်ကျန်းမာပညာ) | ၃ နှစ် |
| (၃၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(အပူပိုင်းကူးစက်ရောဂါပညာ) | ၃ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) သက်ဆိုင်ရာဘာသာရပ်တွင် မဟာသိပ္ပံဘွဲ့(သို့မဟုတ်)အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်၊

(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်၊

**မှတ်ချက်။** ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ) ဘွဲ့လွန်သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ်မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်းဖေယျ(သို့မဟုတ်)အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း ဆရာဝန်သင်တန်းတက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၇-၂၀၁၆ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၀-၉-၂၀၁၆ရက်(အင်္ဂါနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်)တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် website-http://www.um1ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

# ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးပညာဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | တီဘီနှင့်ရင်ခေါင်းရောဂါကုပညာဒီပလိုမာ | ၁ နှစ် |
| (ခ) | ကာလသားရောဂါပညာဒီပလိုမာ | ။ |
| (ဂ) | ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ | ။ |
| (ဃ) | သွေးသွင်းကုသခြင်းဆိုင်ရာ ဆေးပညာဒီပလိုမာ | ။ |

**ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) | ၂ နှစ် |
| (ခ) | ဆေးပညာမဟာသိပ္ပံ(ဇီဝကမ္မဗေဒ) | ။ |
| (ဂ) | ဆေးပညာမဟာသိပ္ပံ(ဇီဝဓာတုဗေဒ) | ။ |
| (ဃ) | ဆေးပညာမဟာသိပ္ပံ(အဏုဇီဝဗေဒ) | ။ |
| (င) | ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ) | ။ |
| (စ) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) | ။ |
| (ဆ) | ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) | ။ |
| (ဇ) | ဆေးပညာမဟာသိပ္ပံ(ဥပဒေရေးရာဆေးပညာ) | ။ |
| (ဈ) | ဆေးပညာမဟာသိပ္ပံ(ကင်ဆာရောဂါဆေးပညာ) | ၃ နှစ် |
| (ည) | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ) | ။ |
| (ဋ) | ဆေးပညာမဟာသိပ္ပံ(အဏုမြူရောင်ခြည်ဆေးပညာ) | ။ |
| (ဌ) | ဆေးပညာမဟာသိပ္ပံ(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ) | ။ |
| (ဍ) | ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ) | ။ |
| (ဎ) | ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | ။ |
| (ဏ) | ဆေးပညာမဟာသိပ္ပံ(အရေပြားရောဂါပညာ) | ။ |
| (တ) | ဆေးပညာမဟာသိပ္ပံ(အရိုးရောဂါပညာ) | ။ |
| (ထ) | ဆေးပညာမဟာသိပ္ပံ(မျက်စိရောဂါပညာ) | ။ |
| (ဒ) | ဆေးပညာမဟာသိပ္ပံ(ဓာတ်မှန်ပညာ) | ။ |
| (ဓ) | ဆေးပညာမဟာသိပ္ပံ(စိတ်ကျန်းမာပညာ) | ။ |
| (န) | ဆေးပညာမဟာသိပ္ပံ(အရေးပေါ်ကုသမှုဆေးပညာ) | ။ |
| (ပ) | ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) | ။ |
| (ဖ) | ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) | ။ |
| (ဗ) | ဆေးပညာမဟာသိပ္ပံ(သားဖွားနှင့်မီးယပ်ပညာ) | ။ |
| (ဘ) | ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) | ။ |
| (မ) | ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ) | ။ |
| (ယ) | ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ) | ။ |
| (ရ) | ဆေးပညာမဟာသိပ္ပံ(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) | ။ |
| (လ) | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ) | ။ |
| (ဝ) | ဆေးပညာမဟာသိပ္ပံ(ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါ ခွဲစိတ်ကုပညာ) | ။ |
| (သ) | ဆေးပညာမဟာသိပ္ပံ(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) | ၄ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

**မှတ်ချက်။** (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာနှင့် ဥပဒေရေးရာဆေးပညာဘာသာရပ်) ဘွဲ့လွန်သင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။

(ဂ) **ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်း**အတွက် ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဃ) **သွေးသွင်းကုသခြင်းဆိုင်ရာ ဆေးပညာ ဒီပလိုမာသင်တန်း** အတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်သည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူဖြစ်ရမည်။

(စ) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်းဖေယျ(သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း ဆရာဝန်သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။

၃။ **လျှောက်လွှာပိတ်ရက်မှာ** ၂၉-၇-၂၀၁၆ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ **ကြိုတင်လျှောက်လွှာများ**ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ **ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ** ၂၁-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၆။ **ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ**များသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်)တိတိကို ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅) ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် website-http://www.um1ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**







**အမည်ပြောင်း**

ဦးတင်လှိုင်၏ သား မိုင်းဆတ်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးဟိန်းကျော် ၁၃/မဆန(နိုင်)၀၄၅၃၁၀ အား မောင်အောင်ဇင်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အမည်မှန်**

ဦးကျော်ခိုင်၏သား တာချီလိတ်မြို့၊ မကာဟိုခမ်း၊ အထက၊ အဋ္ဌမတန်း(စ)မှ မောင်သန်းထိုက်ဦး၏ အမည်မှန်မှာ မောင်သန်းထိုက် ၁၃/တခလ(နိုင်)၁၀၄၁၄၃ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၆၄၉၀၆ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးဇဲလ်ခန့်ဒွိ ၅/ကလထ(နိုင်)၀၈၁၉၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (ကလေးမြို့)

# မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာတွင်ပါရှိသည့် အကြံပြုချက်များကို အလေးအနက်ထား လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်

**သတင်းထုတ်ပြန်ချက်**

၁။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအစိုးရသစ်အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၊ လူကုန်ကူးခံရသူများနှင့် အဓမ္မစေခိုင်းခံရသူများကို ကာကွယ်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည့် အချိန်အခါမျိုးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုဆိုင်ရာအစီရင်ခံစာ၌ မြန်မာနိုင်ငံအားအဆင့်(၂)စောင့်ကြည့်စာရင်းမှ အဆင့်(၃)သို့ လျှော့ချခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်မိပါသည်။

၂။ မြန်မာနိုင်ငံသည် အဆင့်(၂)စောင့်ကြည့်စာရင်း၏ စံနှုန်းများကိုပြည့်မီလျက်ရှိသော်လည်း လွန်ခဲ့သည့် လေးနှစ်တာကာလတွင် အဆင့်(၂)စောင့်ကြည့်စာရင်း၌ ဆက်လက်ရှိနေခဲ့ရာ သတ်မှတ်ချက်များအရ ယင်းသို့ဆက်လက်ထားရှိရန် မဖြစ်နိုင်တော့ခြင်းကြောင့် မြန်မာနိုင်ငံအား အဆင့်(၃)သို့ ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း နားလည်ပါသည်။ အဆင့်(၃)စာရင်းဝင်နိုင်ငံများနှင့် သက်ဆိုင်သည့်ကန့်သတ်ချက်များသည် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မထိခိုက်စေရန်အတွက် ဆောင်ရွက်မှုများပြုလုပ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အထူးသဖြင့် လူကုန်ကူးမှုကိုဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့ချရေးကို မထိခိုက်စေလိုပါ။

၃။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စရပ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ကဏ္ဍများစွာ၌ သိသာထင်ရှားသည့် တိုးတက်မှုများရရှိနေပါသည်။ အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် ထူထောင်ထားသည့် အိုင်အယ်လ်အိုတိုင်ကြားမှုယန္တရားသည် လုပ်ငန်းများအောင်မြင်လျက်ရှိပါသည်။ မည်သူ့ကိုမဆို အဓမ္မခိုင်းစေမှုပြုလုပ်ပါက ရာဇဝတ်မှုကျူးလွန်ရာရောက်ပြီး ဥပဒေကြောင်းအရလည်းကောင်း၊ လက်တွေ့တွင်လည်းကောင်း ပြင်းထန်စွာ အပြစ်ပေးခံရမည်ဖြစ်ပါသည်။ ကုလသမဂ္ဂ စောင့်ကြည့်အစီရင်ခံရေးလုပ်ငန်းအဖွဲ့နှင့် ပူးပေါင်းလျက် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်ဘက်တွင်စုဆောင်းခြင်းနှင့် အသုံးပြုခြင်းတို့ကို

*စာမျက်နှာ ၃ ကော်လံ ၁* ●

# စစ်တွေခရိုင်အတွင်းရှိ ကျေးရွာ ၅၃ ရွာတွင် ကျေးလက်ရေရရှိရေး လုပ်ငန်းများဆောင်ရွက်

**မြတ်ဝေ**

**စစ်တွေ ဇွန် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ စစ်တွေခရိုင်အတွင်းရှိ ကျေးရွာ ၅၃ ရွာတွင် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သန်း၏ ပြောပြချက်အရ သိရသည်။

"ရက် ၁၀၀ စီမံချက်အနေနဲ့ စစ်တွေခရိုင်မှာ ကျေးလက်ရေပေးဝေရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်နေပါတယ်။ အခုအချိန်မှာ ရေတွင်းရေကန်တူးဖော်ပေးခြင်းအားဖြင့် မိုးရာသီမှာ ရေကိုစုဆောင်းထားနိုင်ပြီး လာမယ့် နွေရာသီကျရင် ကျေးလက်နေပြည်သူတွေအတွက် ရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်မယ် ဖြစ်ပါတယ်"ဟု ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းတွင် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာပေါင်း ၅၃ ရွာတွင် လက်တူးတွင်း ၂၃ တွင်း၊ မြေသားရေကန် ၃၆ ကန်အား ပြည်ထောင်စုအစိုးရခွင့်ပြုငွေကျပ်သန်း ၄၀၉ ဒသမ ၅၀ အကုန်ကျခံကာ တူးဖော်ဆောင်ရွက်လျက်ရှိသည်။

ရက် ၁၀၀ စီမံချက်အတွင်း ရေတွင်း ရေကန်တူးဖော်ခြင်းများအပြင် ကျေးရွာချင်းဆက်လမ်းတံတားလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများလည်းပါဝင်ရာ ကွန်ကရစ် တံတားငယ်ခုနစ်စင်း၊ သစ်သားတံတားငယ် ၁၁ စင်းနှင့် ရေပွန်သုံးခုကိုလည်း အဆင်မြှင့်တင်ပြုပြင်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၃* ❍




● **မသန်စွမ်းသူများ ရန်ပုံငွေပွဲ အနုပညာရှင်များ ပါဝင်ဆင်နွှဲ**

စာမျက်နှာ - ၇

● **ယနေ့အထိ ယူရီ ၁၅၇ ဒသမ ၄၇ သန်း တန်ဖိုးရှိ ကျောက်စိမ်းအတွဲများ ရောင်းချရ**

စာမျက်နှာ - ၇

● **မက္ကဆီကို၌ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူ ၂၀၀၀၀ သေဆုံး**

စာမျက်နှာ - ၁၀

● **ရွှေဆွဲကြိုးလုယက်သူနှစ်ဦးကို ပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းဖမ်းဆီး**

စာမျက်နှာ - ၁၃